# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၈၁ ခုနှစ်၊ ကဆုန်လကွယ်နေ့ ၂၀၁၉ ခုနှစ်၊ ဇွန် ၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၂၄၅)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်နှင့် ဟန်ဂေရီနိုင်ငံတို့သို့ ခရီးသွားရောက်ရန် နေပြည်တော်မှ ထွက်ခွာ

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒရီးဘားဘီးစ်၏ ဖိတ်ကြားချက်အရ ချက်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ရန်နှင့် ဟန်ဂေရီနိုင်ငံသို့ အလုပ်သဘော ခရီးစဉ်သွားရောက်ရန် ယနေ့နံနက် ၈ နာရီခွဲတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Viktor Michalik နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**အဖွဲ့ဝင်များလိုက်ပါ**

ခရီးစဉ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အဖွဲ့ဝင်များအဖြစ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ သတင်းစဉ်

**(၁၄)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ**

စာ > ၅

**နေရပ်စွန့်ခွာသူများ နေရပ်ပြန်ရေး ဘင်္ဂလားဒေ့ရှ်က ကူညီခြင်းမရှိ၊ နေရပ်စွန့်ခွာသူများအား မြန်မာနိုင်ငံအစိုးရက ပြန်လည်လက်ခံပြီး နေထိုင်ခွင့်လက်မှတ်များ ထုတ်ပေးမည်ဟု ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ပြောကြား**

စာ > ၉

**မဏ္ဍာထိပ်သီးအစည်းအဝေးတွင် အမေရိကန်သံရုံးကို ဂျေရုဆလင်သို့ ပြောင်းရွှေ့သည်ကို ပြင်းပြင်းထန်ထန်ဝေဖန်**

စာ > ၁၄


**စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...**

**ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။**

# လူငယ့်အားမာန်

မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးသမိုင်းကို လည်ပြန်ကြည့်လျှင် လူငယ်တို့၏ အင်အားကို ထင်ထင်ရှားရှား မှတ်မှတ်သားသား မော်ကွန်းတင်ရမည်ဖြစ်ပါသည်။

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကြီးကို ထက်ထက်မြက်မြက်ပါဝင်ခေါင်းဆောင်သွားခဲ့သည်မှာ လူငယ်များဖြစ်ပါ၏။ ကျွန်ပညာရေးဟု ဆန့်ကျင်ခဲ့ကြသည့် ဗြိတိသျှတို့၏ ပညာရေးစနစ်သည်ပင် မြန်မာလူငယ်တို့၏ အတွေးအခေါ်အယူအဆတွင်ဖြစ်စေ၊ လက်တွေ့အကောင်ထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများတွင်ဖြစ်စေ များစွာအထောက်အကူဖြစ်ခဲ့သည်ကို တွေ့နိုင်ပါသည်။ ပညာရေးစနစ်က လွတ်လွတ်လပ်လပ်တွေးခေါ်ယူဆရေးကို အားပေးရတာဖြစ်သည့်အတွက် ဗြိတိသျှအစိုးရ၏ လက်အောက်မှာ ကျွန်သက်ရှည်ရေး မွေးထုတ်ရန် ရည်ရွယ်သည်ဟု မည်သို့ပင်ဆိုစေကာမူ ကျောင်းသားလူငယ်တို့၏ အတွေးအမြင် အယူအဆတို့ ပိုမိုထက်မြက်လာခဲ့သည်မှာ အမှန်။

အတွေးအမြင် အယူအဆတို့ ပိုမိုထက်မြက်လာသည်နှင့်အမျှ နယ်ချဲ့ဆန့်ကျင်ရေး၊ လူမွဲတို့၏ ထွက်ရပ်လမ်း၊ ဖက်ဆစ်ဆန့်ကျင်ရေး အစရှိသည့် တော်လှန်ရေးစိတ်ဓာတ်များ မြင့်မားရင့်သန်လာခဲ့ကြသည်။

သို့ဖြင့် အင်္ဂလိပ်ခေတ်ပညာရေးစနစ်က ပညာတတ် ပညာရှင် မြန်မာလူငယ်အများအပြားကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ထို့ပြင် အင်္ဂလိပ်ပညာရေးစနစ်အောက်မှာပင် ကျောင်းသားသမဂ္ဂလို အဖွဲ့အစည်းက ရှင်သန်တိုးတက်ဖွံ့ဖြိုးလာခဲ့ပြီး ရင့်ကျက်သည့် လူငယ်များ ပေါ်ထွန်းခဲ့သည်။

သမိုင်းလည်ပြန်ကြည့်ကာ အတိုချုံးပြောရလျှင် နိုင်ငံ၏အရေးကြီးသော အပြောင်းအလဲများ တိုးတက်မှုများတွင် လူငယ်တို့၏ စွမ်းအားက အရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေသည်ဆိုတာပဲ ဖြစ်ပါသည်။

လူငယ်တို့မှာ အားမာန်ရှိသည်။ လူငယ်ဆိုသည်က ဆန်းသစ်တီထွင်လိုသူများ၊ ခေတ်မီတိုးတက်လိုသူများ၊ ကမ္ဘာကိုရင်ပေါင်တန်းလိုသူများ၊ တက်ကြွလှုပ်ရှားသူများ၊ အနစ်နာခံကိုယ်ကျိုးစွန့်ရန် ဝန်မလေးသူများ၊ အခက်အခဲကို ရင်ဆိုင်ရန်ဝန်မလေးသူများ စသည့် စသည့် အင်အားများ သတ္တိများနှင့် ဖြစ်သည်။

ယနေ့နိုင်ငံထူထောင်ရေးတွင် လူငယ်တို့ကို မည်သို့ နေရာပေးမည်၊ မည်သို့ တာဝန်ပေးမည် ဆိုသည်တို့ကို အလေးအနက်ထား ပြင်ဆင်ကြရန် လိုသည်ဟု ယုံကြည်ပါကြောင်း။ ။

## မှူခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုတစ်ရပ်အနေဖြင့် လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ COD ဈေးရှေ့ရှိ အများပြည်သူစည်ကားရာနေရာတွင် ယမန်နေ့က တိုင်းဒေသကြီး ရဲတပ်ဖွဲ့က မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဆွေးနွေးသည်။

မှုခင်းပညာပေးပြခန်းယာဉ်တွင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေရေး၊ ကလေးသူငယ်များနှင့် အမျိုးသမီးများ လူကုန်ကူးမှုအန္တရာယ် ကင်းရှင်းစေရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီ ပြည်သူများလိုက်ပါဆောင်ရွက်နိုင်ရေးကို လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု (၄၀) မှ တပ်ကြပ်ကြီး မိုးအောင်၊ လူကုန်ကူးမှုတားဆီးရေးအဖွဲ့(၆) မှ တပ်ကြပ်ကြီး ဇော်မင်းလွင်၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၆၇) မှ ဒုရဲမှူး မျိုးဦးနှင့် တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေး ဆွေးနွေး၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

၁၆၄



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှ သောက်သုံးရေ ရှားပါးသည့် ပျဉ်းမနားမြို့အရှေ့ဘက် ကူးတို့ဆိပ်ကျေးရွာသို့ ဇွန် ၁ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အေးမြင့်နိုင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်နိုင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များက အိမ်ခြေ ၃၂၀ အတွက် ရေသန့် ၂၀ လီတာဘူး ၃၅၀ အား သွားရောက်လှူဒါန်းစဉ်။ မင်းမင်းလတ်(ရုပ်ဗေဒ)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြစ်ရှမ်းကိုယ့်အားကိုယ်ကိုးလူမှုဖွံ့ဖြိုးရေးအဖွဲ့အား တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် မေ ၂၉ ရက်က ဒေါ်ဆွမ်လွတ်ဆိုင်းခေါန် ဦးဆောင်သော မြစ်ရှမ်း ကိုယ့်အားကိုယ်ကိုး လူမှုဖွံ့ဖြိုးရေးအဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြစ်ရှမ်းကိုယ့်အားကိုယ်ကိုးလူမှုဖွံ့ဖြိုးရေးအဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ်။

ဆွေးနွေးပွဲတွင် ရောဝတီတိုင်းဒေသကြီး၌ ရေလုပ်သားခေါင်းဆောင်များ စုဖွဲ့၍ ကူညီပေးနိုင်ခဲ့မှုကြောင့် ရေလုပ်သားများ၏ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်း အကျိုးကျေးဇူးခံစားရမှုအပေါ် စီမံဆောင်ရွက်ပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့အား အထူးကျေးဇူးတင်ရှိကြောင်း၊ မြစ်ရှမ်းကိုယ့်အားကိုယ်ကိုး လူမှုဖွံ့ဖြိုးရေးအဖွဲ့သည် ဝန်ကြီးဌာန၏ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး တင်ပြဆွေးနွေးသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မြစ်ရှမ်း၏ ဆောင်ရွက်ချက်များနှင့် အားထုတ်ကြိုးပမ်းမှုအပေါ် မိမိတို့ဝန်ကြီးဌာနမှ အသိအမှတ်ပြုကြောင်း၊ မြစ်ရှမ်း၏ ဆောင်ရွက်ချက်များနှင့် အတူ စိုက်ပျိုး၊ မွေးမြူရေးနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းထားရှိသော ဥပဒေ နည်းဥပဒေများနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများကို တောင်သူများနှင့် ရေလုပ်သားများ ပိုမိုသိရှိစေရေးကိုပါ တစ်ပြိုင်တည်း ဆောင်ရွက်ပေးသွားစေလိုကြောင်း၊ မြစ်ရှမ်း၏ ဆောင်ရွက်ချက်များအပေါ် ဝန်ကြီးဌာနဘက်မှလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်စေရေး စွမ်းအားရှိသမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

## ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဦးတည်ရည်မှန်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁**

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး (မဟာဓာတ်အားလိုင်းပြင်ပစနစ်) အသေးစားဓာတ်အားစနစ်စီမံကိန်းလုပ်ငန်း ရင်းနှီးမြှုပ်နှံသူ Mini-Grid Developers များ JICA 2 - Step Loan ရရှိစေနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး သုတေသနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ဦးစီးဌာနအနေဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး (မဟာဓာတ်အားလိုင်း ပြင်ပစနစ်) ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဦးတည်ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစားဓာတ်အားစနစ်စီမံကိန်းလုပ်ငန်းများကို နိုင်ငံတော်အစိုးရဘတ်ဂျက် ၆၀ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသူ Developers မှ ၂၀ ရာခိုင်နှုန်း၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းတို့ဖြင့် စီမံကိန်းအဆိုပြုလွှာများ ခေါ်ယူဆောင်ရွက်ခဲ့ရာ နှစ်နှစ်တာကာလအတွင်းတွင် ကျေးရွာ ၄၅ ရွာ မီးလင်းရေးအတွက် စီမံကိန်းလုပ်ငန်း ၃၇ ခု ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပြီး ယခုအခါစီမံကိန်းအဆိုပြုလွှာ ခေါ်ယူခြင်းအစီအစဉ်အပိုင်း(၃) (CfP-3) သို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၀၀ အတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာ တွင် ရင်းနှီးမြှုပ်နှံသူ Developers များအနေဖြင့် တစ်နှစ်ပြီးတစ်နှစ်စီမံကိန်းလုပ်ငန်းများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရန် ငွေကြေးအရင်းအနှီးဆိုင်ရာ အခက်အခဲများ ရင်ဆိုင်ကြရသည်များရှိကြောင်း၊ သို့ဖြစ်၍ JICA 2-Step Loan ကဲ့သို့သော ချေးငွေဆိုင်ရာအထောက်အပံ့များ ရရှိနိုင်စေရေး၊ ကျေးလက်မီးလင်းရေးကဏ္ဍတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ယခုထက်ပိုမိုပါဝင်လာနိုင်စေရေးအတွက် ယခုကဲ့သို့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲဖိတ်ခေါ် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ Mini - Grid Developers များနှင့် ဘဏ်များက ပွင့်ပွင့်လင်းလင်း မေးမြန်းညှိနှိုင်းဆွေးနွေးပေးကြရန် ပြောကြားသည်။



အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အသေးစားဓာတ်အားစနစ်စီမံကိန်း လုပ်ငန်း ရင်းနှီးမြှုပ်နှံသူ Mini-Grid Developers များ JICA 2 - Step Loan ရရှိစေနိုင် ရေးအတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးစဉ်။

ထို့နောက် ကမ္ဘာ့ဘဏ်အဖွဲ့မှ စွမ်းအင်ဆိုင်ရာကျွမ်းကျင်ပညာရှင် Mr. Sunil Kumar Khosla နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည့်စုံဦးတို့က စီမံကိန်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မိုးသိန်းနှင့် JICA အဖွဲ့မှ အကြီးတန်းဌာနေ ကိုယ်စားလှယ် Mr.Mamoru SAKAI တို့မှ 2-Step Loan ချေးငွေဆိုင်ရာအချက်အလက်များကို လည်းကောင်း၊ Mini-Grid Developers များဘက်မှ Developer နှစ်ဦးမှ မိမိတို့၏ စီမံကိန်းလုပ်ငန်းအတွေ့အကြုံများနှင့် စီမံကိန်းမျှော်မှန်းချက်များ၊ Co-financing ရယူလိုသည့် အကြောင်းရင်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး အခြားနိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တာလေမြို့ရှောင်လမ်းဖောက်လုပ်၍ ပါဝင်သွားသော မြေနှင့် သီးနှံများအတွက် လျော်ကြေးငွေပေး

**ရန်ကုန် ဇွန် ၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့တွင် တည်ဆောက်ခဲ့သော မြန်မာ - လာအို ချစ်ကြည်ရေးတံတားသို့ ဆက်သွယ်သည့် တာလေ-ပါလျှိုး-ကျိုင်းလပ်လမ်းရှိ တာလေမြို့တွင်းပိုင်း လမ်းတာပေါင်မှာ ကျဉ်းမြောင်းပြီး လမ်းဘေးဝဲ/ယာတွင် လူနေအိမ်များ အခိုင်အမာဆောက်လုပ်ထားရှိသည့်အတွက် ယာဉ်သွားလာမှု များပြားလာပါက သွားလာနိုင်ရေးခက်ခဲမည်ဖြစ်သည်။ ယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် တာလေမြို့ ရှောင်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်နယ်အရှေ့ပိုင်းလမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ခရိုင်လမ်းဦးစီးက ဖောက်လုပ်တော့မည်ဖြစ်သည်။

တာလေမြို့ရှောင်လမ်း၏ လမ်းအူကြောင်းအတည်ပြုသတ်မှတ်နိုင်ရေးအတွက် လမ်း/လေယာဉ်ကွင်းဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ၊ လမ်းဦးစီးဌာန၊ နေပြည်တော်မှ (မြေတိုင်း-၂) ဦးဆောင်သော ကွင်းဆင်းတိုင်းတာရေး အင်ဂျင်နီယာအဖွဲ့တို့သည် ၂၀-၁၂-၂၀၁၆ ရက်တွင် ကွင်းဆင်းတိုင်းတာပြီး လျာထားလမ်းအူကြောင်း သုံးခု ရွေးချယ်ခဲ့သည်။

### လျော်ကြေးငွေပေးအပ်

တာလေမြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော တာလေမြို့မှ နားယောင်းကျေးရွာအုပ်စု မိုင်းလင်း(ရှေ့) ကျေးရွာအုပ်၊ မိုင်း(နောက်)ကျေးရွာအုပ်စုအပိုင်းမှ တောင်သူများ၏လယ်မြေ ၃၈ ဒသမ ၈၈ ဧက၊ ယာမြေ ၂၉ ဒသမ ၆၁ ဧက၊ အိမ်ခြံနှင့် အခြားမြေ ၂ ဒသမ ၄၆ ဧက၊ ဥယျာဉ်ခြံမြေ ၄၁ ဒသမ ၃၃ ဧကနှင့် ကျိုင်းလပ်မြို့နယ် နမ့်ခင်းကျေးရွာအုပ်စုမှ လယ်မြေ ၁၃ ဒသမ ၄၂ ဧက၊ ယာမြေ ၀ ဒသမ ၀၆ ဧက၊ မြေရိုင်း ၀ ဒသမ ၁၃ ဧကတို့အတွက် မြေလျော်ကြေး၊ သီးနှံလျော်ကြေး၊ အဆောက်အအုံနှင့် အခြားလျော်ကြေးများအတွက် လျော်ကြေးငွေကျပ် ၁၃၉၉၃၄၃၀၀၀ ကို ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရမ်း-စိုးမြင့်

## ရွှေပြည်သာ၌ မှုခင်းအသိပညာပေး

**ရန်ကုန် ဇွန် ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် လှော်ကား-တာဆုံ၊ လှော်ကား-ဝါးတရာလမ်းမ ဘဝသစ် ကိုယ်ပိုင်အထက်တန်းကျောင်းရှေ့၌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းပြခန်းယာဉ်ဖြင့် ယမန်နေ့က ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား မူးယစ်တပ်ဖွဲ့စု (၄၀) မှ ရဲတပ်ကြပ်ကြီး မိုးအောင်နှင့် ပူးပေါင်းအဖွဲ့သည် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း သိကောင်းစရာများနှင့် မှုခင်းကျဆင်းရေးတို့အတွက် မှုခင်းအသိပညာပေး ဟောပြောခဲ့သည်။

၀၀၇

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြုလုပ်သည့် (၂၅) ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ

နေပြည်တော် ဇွန် ၁

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဂျပန်နိုင်ငံ Nikkei Inc.မှကြီးမှူး၍ ဂျပန်နိုင်ငံ တိုကျိုမြို့ Imperial Hotel ၌ မေ ၃၁ ရက်က ကျင်းပပြုလုပ်သည့် (၂၅)ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ (25th International Conference on the Future of Asia) သို့ တက်ရောက်ခဲ့သည်။**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Taro Kono နှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency -JICA) ဥက္ကဋ္ဌ Mr. Shinichi Kitaoka အား Imperial Hotel ၌ လက်ခံတွေ့ဆုံသည်။

**ကူညီပံ့ပိုးပေးသွားရေးကိစ္စဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် JICA က မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ကူညီပံ့ပိုးသွားရေးနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေး စီမံခန့်ခွဲမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် JICA မှ ကူညီပံ့ပိုးပေးသွားရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**မိန့်ခွန်းပြောကြား**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ယခုနှစ်(၂၅)ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ၏ အကြောင်းအရာဖြစ်သည့် “ Seeking a New Global Order- Overcoming the Chaos” တွင် “Is Asia A Primer for A global Trade Order ? ” ခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လက်ရှိကမ္ဘာ့နိုင်ငံအချို့တွင် အမျိုးသားအကျိုးစီးပွားတားဆီးကာကွယ်မှုများ အမျိုးသားစီးပွားရေးကို ရှေ့တန်းတင်ခြင်းများ များပြားလာနေမှု၊ Trans- Pacific Partnership (TPP)တွင် ပါဝင်မှုမှ အမေရိကန်နိုင်ငံ ရုပ်သိမ်းခဲ့မှုနှင့် ကမ္ဘာ့အကြီးဆုံးစီးပွားရေး အင်အားကြီးနှစ်နိုင်ငံအကြား ကုန်သွယ်ရေးပွတ်တိုက်မှုများကြောင့် ကမ္ဘာ့ကုန်သွယ်ရေးတင်းမာလာသည့် အခြေအနေများနှင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှုန်းအပေါ် အဟန့်အတား ဖြစ်ပေါ်လာနိုင်သော အခြေအနေများ၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအပေါ် အကျိုးသက်ရောက်လာနိုင်သည့် အခြေအနေများကို ထည့်သွင်းပြောကြားခဲ့သည်။

**ရင်းနှီးမြှုပ်နှံမှုကဏ္ဍများဆွေးနွေး**

ထို့ပြင် ကမ္ဘာ့စီးပွားရေးတင်းမာမှုများရှိနေသော်လည်း စည်းမျဉ်းစည်းကမ်းပေါ် အခြေခံသော နိုင်ငံပေါင်းစုံပါဝင်သည့် ကုန်သွယ်မှုစနစ်(Rules-based Multilateral Trading system)ကြောင့် အာရှနိုင်ငံများ၊ အထူးသဖြင့် အာဆီယံနိုင်ငံများအနေဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် များစွာအကျိုးဖြစ်ထွန်းခဲ့ခြင်းများ၊ အခွန်အခနှင့် အခွန်အခမဟုတ်သည့် စီးပွားရေးအဟန့်အတားများလျှော့ချမှု၊ တင်းကျပ်သည့် လုပ်ထုံးလုပ်နည်းဥပဒေဖြေလျှော့မှုများကြောင့် ဒေသတွင်းသို့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာခဲ့မှု၊ စီးပွားရေးတိုးတက်ရန်နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရန်အတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ယန္တရားများဖြစ်သည့် Regional Comprehensive Economic Partnership (RCEP) ၊ Comprehensive and Progressive Agreement for Trans- Pacific Partnership (CPTPP) နှင့် ASEAN Economic Community(AEC) Blue Print 2025 တို့ကြောင့် အာဆီယံဒေသတွင်းရှိ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် ပေါင်းစည်းဆက်နွယ်မှု လုပ်ငန်းစဉ်များအတွက် ပိုမိုအကျိုးရရှိနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။

**ရှင်းလင်းဖြေကြား**

မိန့်ခွန်းပြောကြားအပြီး အမေးအဖြေကဏ္ဍတွင် မေးခွန်းများကို ပြန်လည်ဖြေကြားရာ၌ မြန်မာနိုင်ငံအစိုးရမှ ဒီမိုကရေစီစနစ် တိုးတက်ခိုင်မာစေရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အလေးပေးကြိုးပမ်းဆောင်ရွက်နေမှုများ၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ အပါအဝင် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော အခြေခံ အဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ရခိုင်ဒေသမှ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်ရန် လိုအပ်သည့် အစီအမံများ ပြင်ဆင်ထားမှုနှင့် စိစစ်ပြီးသူများအား ပြန်လည်လက်ခံရန် မြန်မာနိုင်ငံဘက်မှ အသင့်ရှိနေမှုအခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပူးပေါင်းဆောင်ရွက်မှုမရရှိကြောင်း၊ အပြုသဘောပူးပေါင်းဆောင်ရွက်မှုရရှိပါက မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား သဘောတူလက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ နေရပ်စွန့်ခွာသူများအား ၎င်းတို့၏ဆန္ဒအရ လုံခြုံ၊ စိတ်ချ၊ ဂုဏ်သိက္ခာရှိစွာပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာစတင် အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Taro Kono အား ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင် (ICoE) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ရန် အဆိုပြုခရီးစဉ်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးနှင့် သဘောတူညီချက် ရရှိထားသော်လည်း ခရီးစဉ်အား ယနေ့အချိန်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ လက်ခံခွင့်ပြုပေးခြင်း မရှိသည့်ကိစ္စနှင့် ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆောင်ရွက်ထားမှု နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဂျပန်အစိုးရအနေဖြင့် မြန်မာအစိုးရ၏ ဒီမိုကရေစီတိုးတက်ခိုင်မာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဂျပန်အစိုးရမှ အပြည့်အဝ ဆက်လက်ထောက်ခံ ကူညီသွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့် တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

**တက်ရောက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း၊ ဥက္ကဋ္ဌ ဂျပန်အထက်လွှတ်တော်အမတ်ဟောင်း Mr. Hideo Watanabe က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးများအတွက် ပဏာမစစ်ဆေးခြင်းကျင်းပဖြေဆိုမှု လှည့်လည်ကြည့်ရှု အားပေး

**ရန်ကုန် ဇွန် ၁**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိအထက(၄) အလုံ၊ အထက (၁)လသာ၊ အထက(၂) လသာစာဖြေဌာနများသို့ သွားရောက် ၍ ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးနေရာအတွက် ပဏာမစစ်ဆေးခြင်း အင်္ဂလိပ်စာဘာသာရပ်နှင့် သုတရေးရာဘာသာရပ်ဖြေဆိုမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲဖြေဆိုသူများကို အားပေးစကားပြောကြားသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ် (၁/ ၂၀၁၉) ပါ ဝန်ကြီးဌာန/ အဖွဲ့အစည်း (၇)ခုတွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူး ၂၂၁ နေရာအတွက် ပဏာမစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းမှ စတင်ကာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့ရှိ စာစစ်ဌာနငါးခု၌ တစ်ပြိုင်တည်း ကျင်းပသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သောအရည်အသွေးမြင့်အရာထမ်းများကို ရွေးချယ်ပေးရာတွင် လူမှန်၊ နေရာမှန်ဖြစ်စေရေးအတွက် ယခင်က အသုံးပြုလျက်ရှိသော စာမေးပွဲစနစ်အစား ပဏာမစစ်ဆေးခြင်းကို ပထမအဆင့်အနေဖြင့် လည်းကောင်း၊ ပထမအဆင့် အောင်မြင်သူများအား Intermediate Level မှ Upper Intermediate Level အဆင့်သို့ မြှင့်တင်စစ်ဆေးမည့် ရေးဖြေစာမေးပွဲကို ဒုတိယအဆင့်အနေဖြင့် လည်းကောင်း၊ ဒုတိယအဆင့် အောင်မြင်သူများအား စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကို တတိယအဆင့်အနေဖြင့် လည်းကောင်းစစ်ဆေး၍ ရာထူးရွေးချယ်ရေးလုပ်ငန်းစဉ်ကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးနေရာအတွက် ပဏာမစစ်ဆေးခြင်း အင်္ဂလိပ်စာဘာသာရပ်နှင့် သုတရေးရာ ဘာသာရပ်ဖြေဆိုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** သတင်းစဉ်

နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့တွင် ယနေ့ကျင်းပသည့် ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးနေရာအတွက် ပဏာမစစ်ဆေးခြင်းသည် စတုတ္ထအကြိမ် ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပဏာမစစ်ဆေးခြင်းသို့ ဝင်ရောက်ဖြေဆိုသူဦးရေ စုစုပေါင်း ၆၂၃၆ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇွန် ၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၊ ဆိုလာအသေးစားဓာတ်အားစနစ် မီးလင်းရေးလုပ်ငန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁

အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း၊ ဆိုလာအသေးစားဓာတ်အားစနစ် မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် အရှေ့ကုန်းကျေးရွာအုပ်စု စည်ပင်ကျေးရွာ၌ ကျင်းပသည်။

**ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက နိုင်ငံ၏ကျေးလက်နေ လူဦးရေ ၄၃ ဒသမ ၆ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်မီးသုံးစွဲနိုင်သေးသည့်အတွက် ကျန် ၅၀ ရာခိုင်နှုန်းကျော် ကျေးလက်နေပြည်သူများမှာ လျှပ်စစ်မီးရရှိရန် အထူးမျှော်လင့်တောင့်တလျက်ရှိကြကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိမှုသည် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိရာ မြို့ပြကျေးလက်အားလုံး လွှမ်းခြုံ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက လျှပ်စစ်ဓာတ်အားရရှိရေးကို ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိပြီး မဟာဓာတ်အားလိုင်းနှင့် အလှမ်းကွာဝေးသည့်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၊ မဟာဓာတ်အားလိုင်းပြင်ပစနစ်ကို(၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းတွင် အဓိကပါဝင်ကြသည့် ဌာန၊ ကုမ္ပဏီနှင့် ဒေသခံပြည်သူများက မိမိတို့ကျရာအခန်းကဏ္ဍက ညီညွတ်စွာ ဆောင်ရွက်ကြခြင်းဖြင့် စီမံကိန်း၏မျှော်မှန်းချက် အောင်မြင်ရေးကို ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှုများကို လည်းကောင်း၊ Mega Global Green ကုမ္ပဏီမှ တာဝန်ရှိသူကစီမံကိန်းလုပ်ငန်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌက ကျေးရွာကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အမြဲတမ်းအတွင်းဝန်တို့က အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၊ ဆိုလာအသေးစားဓာတ်အားစနစ် မီးလင်းရေးလုပ်ငန်းဖွင့်ပွဲ မှတ်တမ်းကျောက်ပြားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့က စက်ရုံအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဓာတ်အားပေးစက်ရုံနှင့် ကျေးရွာအတွင်းလျှပ်စစ်မီးအသုံးပြု၍ အသေးစားစက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

မဟာဓာတ်အားလိုင်းပြင်ပစနစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အဆိုပါစီမံကိန်းအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ နှစ်နှစ်တာကာလအတွင်း တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၄၀၇၄ ရွာ၊ အိမ်ထောင်စု ၂၃၀၀၀၀ ခန့်နှင့် အများပြည်သူပိုင် အဆောက်အအုံ ၃၀၀၀၀ ကျော်တို့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ အလားတူ အသေးစား ဓာတ်အားစနစ်အနေဖြင့်လည်း ကျေးရွာပေါင်း ၄၅ ရွာ၊ စီမံကိန်းလုပ်ငန်းပေါင်း ၃၄ ခုကို ကမ္ဘာ့ဘဏ်အဖွဲ့ (World Bank)၊ ဂျာမနီ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) တို့၏ နည်းပညာအကူအညီများ ရယူ၍ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**တပ်ဆင်ရေးလုပ်ငန်းများစတင်**

NEP စီမံကိန်းအနေဖြင့် ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသေးစားဓာတ်အားစနစ်ဖြင့် ကျေးရွာပေါင်း ၁၀၀၊ တစ်အိမ်သုံး ဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၂၀၀၀ ကျော်၊ အိမ်ထောင်စုပေါင်း တစ်သိန်းကျော်အတွက် ကျေးလက်မီးလင်းရေး ဆောင်ရွက်သွားရန် လျာထားပြီး ယခုအခါ ရှေ့ပြေးတပ်ဆင်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီးစီးလျှင် မဟာဓာတ်အားလိုင်း ပြင်ပဧရိယာ၏ ၂၅ ဒသမ ၆ ရာခိုင်နှုန်းခန့်အထိ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ယနေ့ဖွင့်လှစ်သော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း၊ ဆိုလာအသေးစား ဓာတ်အားစနစ် မီးလင်းရေးလုပ်ငန်းသည် စည်ပင်ရွာမ၊ စည်ပင်ရွာသစ်နှင့် စည်ပင်တပ်ပိုး ကျေးရွာများ၌ ၈၀ ကီလိုဝပ်အရန် ဒီဇယ်အင်ဂျင်စနစ်ပါဝင်သော ၇၅ ကီလိုဝပ် ဆိုလာအသေးစား ဓာတ်အားစနစ် လုပ်ငန်းကို ကျေးရွာ- ကုမ္ပဏီနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဘတ်ဂျက်တို့ဖြင့် ငွေကျပ် ၇၂၆ သန်းကျော် ကုန်ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းမှ စည်ပင် ကျေးရွာသုံးရွာရှိ အိမ်ခြေပေါင်း ၃၀၀ ကျော်နှင့် အသေးစားကုန်ထုတ်လုပ်ငန်းပေါင်း ၁၃၀ ကျော်တို့ကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့် တာဝန်ရှိသူများ ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မကွေးတိုင်းဒေသကြီးအတွင်းရှိ လူငယ်များ၊ လူငယ့်ရေးရာကော်မတီဝင်များ၊ ကလေးပြုစုစောင့်ရှောက်သူများ၊ မိဘများနှင့်တွေ့ဆုံ

နေပြည်တော် ဇွန် ၁

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမတွင် လူငယ်များနှင့်တွေ့ဆုံပြီး လူငယ်ရေးရာမူဝါဒကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မကွေးတိုင်းဒေသကြီးအတွင်းရှိ လူငယ်များနှင့် တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် ပြည်သူများ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပဋိသန္ဓေတည်သည်မှ သက်ကြီးရွယ်အိုအထိ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း၊ ကဏ္ဍအသီးသီးတွင် လိုအပ်ချက်များရှိပါကြောင်း၊ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များနှင့် ပတ်သက်ပြီး လူငယ့်ရေးရာမူဝါဒကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ လူငယ်ရေးရာမူဝါဒသည် အဓိကကဏ္ဍ(၁၆)ရပ် ပါဝင်ပြီး လူငယ်များ၏ ရသင့်သည့် အခွင့်အရေးများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ထည့်သွင်းရေးဆွဲထားပါကြောင်း၊ မဟာဗျူဟာတစ်ရပ်လည်း ပေါ်ပေါက်ပြီးဖြစ်၍ မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များချမှတ်ရေးကိုလည်း ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ လူငယ်များအားလုံး ပါဝင်နိုင်အောင် အသိပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ သို့မှသာ မူဝါဒ၏အားသာချက်၊ အားနည်းချက်များကို သိရှိနားလည်ပြီး ပြင်ဆင်ဖြည့်စွက်လိုသည်များရှိလာပါက နည်းလမ်းတကျ ပြင်ဆင်ဖြည့်စွက်နိုင်မှာ ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ လူငယ်များအနေဖြင့်လည်း ညီညီညွတ်ညွတ် ပူးပေါင်း၍ လူငယ်များကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်ကြရန်နှင့် မိမိတို့၏အနာဂတ်လူငယ်များအတွက် ကောင်းမွန်သော အမွေများကို လက်ဆင့်ကမ်းပေးနိုင်အောင် ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းတို့မှ အခြေခံပညာကျောင်းများတွင် လူငယ်များအတွက် ရှေးဦးပြုစုခြင်း ကြက်ခြေနီသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ လူငယ်ရေးရာကော်မတီအတွက် ယာယီရုံးခန်းရရှိရေး၊ လူငယ်စင်တာတည်ဆောက်ရန်အတွက် မြေနေရာရရှိရေး၊ လူငယ်ရေးရာကော်မတီတွင် မသန်စွမ်းလူငယ်များပါဝင်နိုင်ရေး၊ မသန်စွမ်းလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ NGO, INGO နှင့် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မူလတန်းကြိုကျောင်း၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများ၊ ပုဂ္ဂလိကမူကြိုကျောင်းများရှိ ဆရာ ဆရာမများ၊ မိဘများ၊ မိသားစုဝင်များနှင့် မကွေးမြို့ မြို့တော်ခန်းမ၌တွေ့ဆုံပြီး ရှေးဦးအရွယ် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဆိုင်ရာအရေးကြီးပုံကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မူလတန်းကြိုကျောင်း၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများ၊ ပုဂ္ဂလိကမူကြိုကျောင်းများရှိ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများက မိမိတို့ဆောင်ရွက်လျက်ရှိသော ကလေးသူငယ်ပြုစုရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်ချက်နှင့် သိရှိလိုသည်များကို မေးမြန်းကြရာ မိခင်ဝိုင်းများ ရေရှည်တည်တံ့မှုရှိစေရေး၊ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ယခင်က INGO အကူအညီများဖြင့် ဖွင့်လှစ်ခဲ့သော မိခင်ဝိုင်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေး၊ မသန်စွမ်းကလေးငယ်များအတွက် ပြုစုစောင့်ရှောက်ရေး၊ ကျောင်းနေရာ ရေတိုက်စားနေမှုတို့နှင့် ပတ်သက်၍ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ဖြေရှင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၁** - မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပေါင်မြို့တွင် ၅ ဒသမ ၂၀ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ရွှေဘိုမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ စဉ့်ကူး(စိုက်ပျိုးရေးမိုးလေဝသ)တွင် ၂ ဒသမ ၅၀ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၁၆ လက်မနှင့် မော်လမြိုင်မြို့တွင် ၂ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# (၁၄)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁

**(၁၄)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (၁၄)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**မုဒိတာပွား**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့တွင် သုတစွယ်စုံစာပေဆုကို ၂၀၁၇ ခုနှစ်အတွက် ချီးမြှင့်သည်ဟုသိရပြီး ဆုချီးမြှင့်ပွဲ ပြုလုပ်သည်မှာ (၁၄) ကြိမ်မြောက် ရှိသွားပြီဟု သိရပါကြောင်း၊ ယခုနှစ်ထဲတွင် စာပေဆုချီးမြှင့်သည့် အခမ်းအနား သုံးလေးခုလောက် တက်ရပါကြောင်း၊ တက်ရောက်ရသည့် အတွက်လည်း ဝမ်းသာပီတိ ဖြစ်ရပါကြောင်း၊ ဆုရသူများအတွက် ဝမ်းမြောက်ပြီး မုဒိတာပွားပါကြောင်း၊ စာရေးသူများအနေဖြင့် မိမိရေးသည့်စာကို တခြားဖတ်ရသူတစ်စုံ တစ်ယောက်က နှစ်သက်သည်၊ တင်သည့်သဘော ဖြစ်ပါကြောင်း၊ ဆုချီးမြှင့်သည်ဆိုသည်မှာ ကိုယ့်စာကို ဖတ်လည်းပေးတယ်၊ ကြိုက်တယ်လို့ ပြောတယ်၊ ကြိုက်တဲ့နေရာမှာလည်း တော်တော်ကျေနပ် အားရတဲ့အတွက်ကြောင့် ရွေးချယ်ပြီး ဆုချီးမြှင့်တယ်ဆိုတော့ စာရေးသူများ အနေဖြင့် အင်မတန် အားရကျေနပ်စရာ ကောင်းပါကြောင်း။

**ကြီးမားသည့် မှတ်တိုင်တစ်ခု**

သုတစွယ်စုံ စာပေဆုများကို ဒေါက်တာတင်ထွန်းဦးနှင့်ဇနီး ဒေါ်ခင်မိုးမိုး သုတစွယ်စုံ စာပေမိသားစုက ချီးမြှင့်ခြင်းဖြစ်ပြီး ယင်းမှာ အလွန်ကျေးဇူးတင်စရာ ကောင်းပါကြောင်း၊ ဆရာ ဒေါက်တာတင်ထွန်းဦးသည် စာရေးချိန်ကလည်း အင်မတန် ထင်ရှား




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သုတစွယ်စုံ တစ်သက်တာစာပေဆုရ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)အား ဆုချီးမြှင့်စဉ်။** သတင်းစဉ်




**စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်) သုတစွယ်စုံ စာပေဆု (လူငယ်စာပေ) ဆုရ လက်ာရည်ကျော်အား ဆုချီးမြှင့်စဉ်။** သတင်းစဉ်

သဘောကျသည်ဆိုလျှင် အင်မတန်မှ ကျေနပ်အားရပါကြောင်း။

**အားရကျေနပ်စရာကောင်း**

ဖတ်ရှုသူများ၏ ကိုယ့်စာကောင်းကြောင်း အသိအမှတ်ပြုခံရလျှင် ကျေနပ်အားရမှုရှိပြီး ကောင်းကြောင်းချည်း မပြောလျှင်တောင်မှ အပြုသဘောဖြင့် ထောက်ပြပြောဆိုလျှင်လည်း နောင်ပိုကောင်းအောင် လုပ်ရန်အတွက် နည်းလမ်း အကြံဉာဏ်ရသည်ဆိုလျှင် အကျိုးရှိသည့်အတွက် မိမိတို့အနေဖြင့် နှစ်သက်ပါကြောင်း၊ ကိုယ့်စာကို ဂရုစိုက်ပြီး ဖတ်ပေးဖော်ရလျှင် ကျေးဇူးအောင်မြင်သူဖြစ်ပြီး နောက်ပိုင်း စာအုပ်ထုတ်ဝေရေးလုပ်ငန်းများ လုပ်သည့်အခါတွင်လည်း ထင်ရှားအောင်မြင်ပါကြောင်း၊ ဆရာတို့၏ သုတစွယ်စုံမဂ္ဂဇင်း ထွက်ရှိသည်မှာ ၃၇ နှစ်ရှိပြီ ဖြစ်ပြီး နှစ်ပေါင်း လေးဆယ်နီးပါး အောင်မြင်သည့်မဂ္ဂဇင်းတစ်ခု ဖြစ်ပါကြောင်း၊ ဒါသည်လည်း မိမိတို့စာပေ၊ စာနယ်ဇင်းသမိုင်းတွင် ကြီးမားသည့် မှတ်တိုင်တစ်ခုဟု ပြော၍ရပါကြောင်း။

ထိုကဲ့သို့ အောင်အောင်မြင်မြင်ဖြင့် စာပေလုပ်ငန်းကို လုပ်ကိုင်လာပြီးနောက် လွန်ခဲ့သည့် ၁၄ နှစ်မှစပြီး ကိုယ်တတ်နိုင်သည့်နေရာမှနေ၍ အထောက်အကူပြုသည့် ဒီစာပေဆုချီးမြှင့်သည့် အလုပ်ကို လုပ်ခြင်းသည် အင်မတန်မှ လေးစားစရာ၊ ချီးကျူးစရာကောင်းသည်ဟု မိမိပြောချင်တာ ဖြစ်ပါကြောင်း။

**ပြောင်းလဲမှုများ အလွန်မြန်ဆန်**

သုတစွယ်စုံအမည်နှင့် ဆက်စပ်ပြီး ပြောချင်တာတစ်ခုက ကမ္ဘာတွင် ဒီကနေ့ဖြစ်နေသည့် သိပ္ပံနှင့်နည်းပညာပိုင်းဆိုင်ရာ ပြောင်းလဲမှုများသည် အလွန်မြန်ဆန်ပြီး မိမိတို့လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှု သည်လည်း အင်မတန်ကြီးမားပါကြောင်း၊ ဒီကာလမျိုးတွင် သိပ္ပံနှင့် နည်းပညာ၊ သုတသည် မိမိတို့ဆီမှာရှိရန် အလွန်အရေးကြီးသည်ဟု မြင်ပါကြောင်း၊ ဘာကြောင့်လဲဆိုလျှင် ယနေ့ကမ္ဘာတွင် စတုတ္ထစက်မှုတော်လှန်ရေး ( Digital Revolution) ဆိုပြီး ပြောပါကြောင်း၊ Digital Transformation ၊ IT ခေတ် ဆိုပြီးလည်း ပြောကြပါကြောင်း၊ အဲဒီ အပြောင်းအလဲကြီးကလည်း အင်မတန် မြန်ပါကြောင်း၊ မြန်သည့်အတွက် ဒါတွေကို လိုက်ပြီး လေ့လာနေသူများတောင်မှ ဒီအပြောင်းအလဲကို မီအောင်လိုက်ရန် အခက်အခဲရှိပါကြောင်း၊ ထို့ကြောင့် ဒီကနေ့ခေတ်မှာလည်း သိပ္ပံနှင့် နည်းပညာအသစ်များနှင့် ပတ်သက်သည့် စာအုပ်စာတမ်းမျိုး၊ စာစောင်မျိုးများကိုလည်း လုပ်ပေးစေလိုကြောင်း၊ အဲဒါတွေကိုလည်း စာဖတ်ပရိသတ်များ စိတ်ဝင်စားလာအောင် ဖြန့်ချိပေးပါဟု မိမိတိုက်တွန်း မေတ္တာရပ်ခံလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

**သုံးသပ်ချက်များ ရှင်းလင်းတင်ပြ**

ထို့နောက် သုတစွယ်စုံစာပေဆု အလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံ မီဒီယာ ဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်း အကြောင်း၊ ဆုရွေးချယ်ပုံ အဆင့်ဆင့်နှင့် ဆုရွေးချယ်ရေးအဖွဲ့၏ အကဲဖြတ်သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သုတစွယ်စုံ တစ်သက်တာစာပေဆုရ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ “ကဗျာလူ စာလူ အရပ်ဝတ်အင်္ကျီနှင့်လူ”စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု (စာပဒေသာ) ဆုရ ဒေါက်တာအောင်ကြီးနှင့် “ခေါင်းဆောင်မှုအနုပညာ”စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု(လူမှုစီးပွား) ဆုရ စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ) တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က “သားသို့...” စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု (လူငယ်စာပေ)ဆုရ လက်ာရည်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက “မဇ္ဈိမပြတိုက်” စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု (ဝိဇ္ဇာ)ဆုရ နွယ်ဦးလှိုင်၊ စာပေဆုအလှူရှင် ဒေါက်တာတင်ထွန်းဦးက “လိုအပ်နေသော ရေဥပဒေ”စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု(သုတသိပ္ပံ)ဆုရ ဒေါက်တာခင်မောင်လွင်နှင့် စာပေဆုအလှူရှင် ဒေါက်တာခင်မိုးမိုးက “အသက်ကြီးသော်လည်း မပျက်စီးသေးသူများနှင့် ကျန်းမာရေးပညာပေး ဆောင်းပါးများ” စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံ)ဆုရ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်တို့ကို ဆုများချီးမြှင့်ကြသည်။

**မေတ္တာ လက်ဆောင်ပေးအပ်**

ယင်းနောက် စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ စာပေဆုအလှူရှင် ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များအတွက် အလှူငွေကျပ် ၁၅ သိန်း၊ ဟသ်ာတမြို့နယ်ရှိ ဦးဖိုးကျားစာကြည့်တိုက် ပြုပြင်ရန် အလှူငွေကျပ် သိန်း ၂၀၀ နှင့် ဟသ်ာတမြို့နယ်ရှိ သုတစွယ်စုံ စာကြည့်တိုက်အတွက် အလှူငွေကျပ် ငါးသိန်း စုစုပေါင်း အလှူငွေကျပ် သိန်း ၂၂၀ ပေးအပ်လှူဒါန်းပြီး သုတစွယ်စုံစာပေဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား စည်သူ ဒေါက်တာသော်ကောင်းအား မေတ္တာလက်ဆောင်ပေးအပ်သည်။

**ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ထို့နောက် စာပေဆုရရှိသူများကိုယ်စား စာရေးဆရာ လက်ာရည်ကျော်၊ ဒေါက်တာ ခင်မောင်လွင်၊ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဒေါက်တာခင်အေး(မောင်ခင်မင် -ဓနုဖြူ)တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။ **သတင်းစဉ်**

## မုံရွာအဝေးပြေးကားဝင်းတည်ဆောက်ရေး စက်တင်ဘာလကုန် အပြီးတည်ဆောက်သွားမည်

**မုံရွာ ဇွန် ၁**

မုံရွာမြို့ မုံရွာတောင်ရပ်ကွက်ရှိ စည်ပင်သာယာရေးကော်မတီပိုင်မြေ ခြောက်ဧကပေါ်တွင် အဝေးပြေးကားဝင်းတည်ဆောက်လျက်ရှိရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၄၉ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၏ ပြောကြားချက်အရ သိရသည်။

လက်ရှိကားကွင်းနေရာသည် သုံးဧကကျယ်ဝန်းပြီး မြို့ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ခရီးသွားပြည်သူများပြားလာသဖြင့် ကားအသင်းများပြားလာပြီး ကားအစီးရေ တိုးချဲ့ပြေးဆွဲလာခြင်းကြောင့် လက်ရှိကားဝင်းမှာ ယာဉ်များကျပ်တည်းလာသဖြင့် ခေတ်နှင့်လျော်ညီသော ကားဝင်းအသစ်ကို ထပ်မံတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအဝေးပြေးကားဝင်းအား တင်ဒါစနစ်ဖြင့် တည်ဆောက်လျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ၄၉ ဒသမ ၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ရာ စက်တင်ဘာလကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ကားဝင်းတည်ဆောက်ပြီးစီးပါက အဝေးပြေးခရီးသည်တင်ယာဉ်ကြီးများ ကားကွင်းအသစ်မှ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**



# အငြင်းပွားမှုများကို အနုညာတနည်းဖြင့် ဖြေရှင်းခြင်းနှင့် မြန်မာအနုညာတဗဟိုဌာန

ဒေါက်တာ မောင်မောင်သိမ်း

**နိဒါန်း**

အငြင်းပွားမှုဟူသည် မနုဿလူသားတို့၏ အသွင်သဏ္ဌာန်တွင် ပါဝင်လာသော သဘောအရ လူသားတို့နှင့် ခွဲခွာမရသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ယင်းကို ထိန်းသိမ်းခြင်းမပြုဘဲ လွှတ်ထားပါက ပျက်စီးမှုသို့ ရှေးရှုသွားပေမည်။ ဤမည်သော အကြောင်းကြောင့် လူသားတို့၏ အငြင်းပွားမှုကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် နည်းလမ်းရှာခဲ့ကြသည်။ အငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းဆိုသည်မှာ အငြင်းပွားမှုကို အင်အား သို့မဟုတ် အနိုင်အထက်ပြုမှု သို့မဟုတ် တရားရုံးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ ဖျန်ဖြေပေးခြင်း (Conciliation)၊ ကြားဝင်ပေးခြင်း (Mediation) နှင့် အနုညာတဖြေရှင်းနည်း (Arbitration) ဖြင့် ဖြေရှင်းပေးခြင်းတို့ ဖြစ်သည်။ အဆိုပါ နည်းလမ်းများကို ခြုံ၍ "အငြင်းပွားမှုများကို အခြားနည်းဖြေရှင်းခြင်း" [Alternative Dispute Resolution -ARD] ဟု ရည်ညွှန်းလေ့ရှိပါသည်။

**ဖျန်ဖြေပေးခြင်းဆိုသည်မှာ**

ဖျန်ဖြေပေးခြင်းဆိုသည်မှာ ကြားလူတစ်ဦးမှ အငြင်းပွားနေသူများကြား ဆက်သွယ်မှုကို ဆောင်ရွက်ပေးခြင်းအားဖြင့် ခြားနားချက်များကို ဖြေရှင်းနိုင်ရန် ကြိုးစားပေးသည့် နည်းလမ်းဖြစ်သည်။ ကြားဝင်ပေးခြင်းဆိုသည်မှာ ဖျန်ဖြေပေးခြင်းနှင့် ပုံစံတူနီးပါးဖြစ်သော်လည်း ကြားဝင်ပေးသူအနေဖြင့် အငြင်းပွားမှုကို အငြင်းပွားသူများကိုယ်တိုင် အဖြေထုတ်ဖြေရှင်းပေးနိုင်ရန် အကူအညီပေးခြင်းသာဖြစ်သည်။ ကြားဝင်ပေးခြင်းတွင် ကြားဝင်ပေးသူသည် ဖျန်ဖြေပေးသူကဲ့သို့ အငြင်းပွားမှုကို အဆုံးသတ်ရန် အဖြေကို အဆိုမပြုနိုင်ပါ။ ဖျန်ဖြေပေးခြင်းနှင့် ကြားဝင်ပေးခြင်း နည်းလမ်းနှစ်ခုစလုံးသည် ပုံစံတကျဖြေရှင်းနည်းမျိုး မဟုတ်ပါ။ စနစ်တကျ တည်ဆောက်ထားခြင်းလည်း မရှိပါ။ ယင်းတို့သည် ဆုံးဖြတ်ချက်ချခြင်း သို့မဟုတ် အဖြေရှာပေးခြင်းကို မလုပ်နိုင်ပါ။

အနုညာတဖြေရှင်းနည်းသည် အနှစ်သာရအားဖြင့် ဖျန်ဖြေပေးခြင်း၊ ကြားဝင်ပေးခြင်းတို့နှင့် တူပါသည်။ အနုညာတဖြေရှင်းနည်းတွင် ဖျန်ဖြေပေးခြင်းနှင့် ကြားဝင်ပေးခြင်းတို့တွင်ကဲ့သို့ ကြားနေဖြစ်သည့် အပြင်လူက ပါဝင်၍ အငြင်းပွားမှုကို ဖြေရှင်းပေးခြင်းတွင် တူခြင်းဖြစ်ပါသည်။ သို့သော် အနုညာတ ခုံလူကြီးတွင် ဆုံးဖြတ်ချက်ချနိုင်သည့် အာဏာရှိပါသည်။ မည်သူမှား၍ မည်သူမှန်သည်ဆိုသော ဆုံးဖြတ်ချက် ချမှတ်နိုင်ပြီး သက်သေခံချက်များကို အခြေခံ၍ အဖြေကိုလည်း ယင်းအနေဖြင့် ဆုံးဖြတ်နိုင်ပါသည်။ အနုညာတဖြေရှင်းနည်းသည် ပုံစံတကျဖြစ်သော ဖြေရှင်းနည်းမျိုးဖြစ်ပြီး စနစ်တကျ တည်ဆောက်ထားပါသည်။ ယင်း၏ ဆုံးဖြတ်ချက်များသည် အငြင်းပွားသူများ၏ သဘောတူညီချက်အရ ယင်းတို့အပေါ်တွင် စည်းနှောင်မှုရှိပါသည်။

အနုညာတဖြေရှင်းနည်းသည် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းနည်းများအနက် ရှေးအကျဆုံး ဖြေရှင်းနည်းများထဲမှ တစ်ခုဖြစ်ပါသည်။ ရှေးဟောင်းဂရိ(စ်)နှင့် ရောမ တို့တွင် ကျင့်သုံးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ရှေးဟောင်းဥပဒေ သမိုင်းတွင် အနုညာတဖြေရှင်းနည်းသည် ရင်းနှီးကျွမ်းဝင်သော ဖြေရှင်းနည်းဖြစ်သည့်အပြင် အကြိုက်ဆုံးသော ဖြေရှင်းနည်း တစ်ရပ်လည်း ဖြစ်ပါသည်။ ကျော်ကြားလှသော ခုံတော် မောင်ကျဘမ်းကဲ့သို့ အနုညာတ ခုံလူကြီးများ၏ ဖြတ်ထုံးများ ရှိပါသည်။

**အနုညာတဖြေရှင်းနည်းကို အဘယ်ကြောင့် ရွေးကြသနည်း**

အငြင်းပွားမှုများကို အနုညာတဖြေရှင်းနည်းဖြင့် ဖြေရှင်းပေးခြင်းကို လူအများ နှစ်သက်ကြသည်။ ပီဒဗလျူစီ (PWC-Price Waterhouse Coopers) နှင့် လန်ဒန်တက္ကသိုလ်၊ ဘုရင်မ မေရီကောလိပ် (University of London, Queen Mary College) တို့ ပူးတွဲပြုလုပ်သည့် သုတေသနအရ မေးခွန်းကို တုံ့ပြန်အဖြေပေးသည့် ကော်ပိုရေးရှင်းများ၏ ၇၃ ရာခိုင်နှုန်းသည် အနုညာတဖြေရှင်းနည်းကို တရားစွဲသည့် နည်းလမ်းထက် ပိုနှစ်သက်ကြကြောင်း တွေ့ရသည်။ အဘယ်ကြောင့်နည်း။

အငြင်းပွားသူများကို အနုညာတနည်းသို့ ဆွဲဆောင်သော ပထမဆုံးအချက်မှာ "သက်သာမှု" ဖြစ်သည်။ တရားရုံးများတွင် အမှုများ များပြားကျပ်ညပ်နေခြင်းနှင့် တရားရုံးများ၏ အယူခံမှု အဆင့်ဆင့်တို့ကြောင့် အငြင်းပွားမှုများကို တရားစွဲဆိုခြင်း နည်းလမ်းဖြင့် ဖြေရှင်းခြင်းသည် အနုညာတနည်းထက်ပို၍ အကုန်အကျများပြားပြီး နှေးကွေးသော ဖြေရှင်းနည်းဖြစ်စေသည်။ ထို့ကြောင့် တရားစွဲဆိုမှုနှင့် နှိုင်းယှဉ်လျှင် အနုညာတနည်းသည် အချိန်နှင့် ငွေနှစ်မျိုးစလုံးကို များစွာသက်သာစေသည်။ အနှစ်ချုပ်အားဖြင့်ဆိုရလျှင် အနုညာတနည်းသည် အငြင်းပွားမှုများကို အမြန်ဆုံးနှင့် ကုန်ကျစရိတ် အသက်သာဆုံးဖြင့် ဖြေရှင်းပေးရန် ရည်မှန်းသည်။

တရားစွဲဆိုခြင်းထက် အနုညာတနည်းကို ပိုမိုနှစ်သက်စေသော ဒုတိယအချက်မှာ အနုညာတဖြေရှင်းနည်းတွင် ပညာရှင်များ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူများ ပါဝင်မှု ဖြစ်သည်။ နည်းပညာနှင့် စက်မှုဆိုင်ရာ အငြင်းပွားမှုများသည် ယင်းတို့၏ သဘာဝအရပင် ယင်းတို့ကို မကျွမ်းကျင်သူများ နားလည်ရန် ခက်ခဲသည်။ အနုညာတနည်းလမ်းသည် ပညာရှင်များ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူများကို အနုညာတ ခုံလူကြီး အဖြစ် ခန့်ထားစေခြင်းဖြင့် ပြဿနာရပ်များနှင့် အံဝင်ရန် ပြုလုပ်နိုင်သည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် အငြင်းပွားမှု၏ ရလဒ်ကို ဆုံးဖြတ်ပေးမည့်သူများသည် အငြင်းပွားမှု၏ အနှစ်သာရကို ကောင်းစွာနားလည်သည်ဟု အငြင်းပွားသူများအား ယုံကြည်မှု ရစေသည်။ တရားစွဲဆိုမှုတွင် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု ရရှိရန် ကျွမ်းကျင်သူများကို ခန့်ထားနိုင်သည်ဟု ဆိုနိုင်သည်။ မှန်ပါသည်။ သို့သော် လိုအပ်သည့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု နှင့် အတွေ့အကြုံကိုယ်တိုင်မရှိသည့် တရားသူကြီးတစ်ဦးသည် ကျွမ်းကျင်သူ၏ ထင်မြင်ချက်၊ ယုံကြည်မှုနှင့် ဆွဲဆောင်နိုင်သော စွမ်းရည်များ၏ လွှမ်းမိုးမှုကို လက်တွေ့သက်သေခံချက်များ၏ လွှမ်းမိုးမှုထက် ပို၍ခံရနိုင်သည့် အန္တရာယ်ရှိသည်။ အငြင်းပွားမှုကို ဖြေရှင်းပေးမည့်သူသည် ကိုယ်တိုင်လည်း ဆိုင်ရာနယ်ပယ်တွင် အတွေ့အကြုံ အရည်အချင်းရှိသူဖြစ်ရန် လိုအပ်သည်။ ထို့ကြောင့်ပင် ကျော်ကြားသော တရားသူကြီး ဥပဒေပညာရှင်၊ စာရေးဆရာ ဂျာမန်နွယ်ဖွား ဗြိတိသျှနိုင်ငံသား ဆာမိုက်ကယ်လ်ကာက အနုညာတခုံလူကြီးများအတွက် အရည်အချင်းနှင့် အတွေ့အကြုံသည် အရေးကြီးဆုံးဖြစ်ကြောင်း ထင်မြင်ချက် ပေးထားခြင်း ဖြစ်သည်။

ကျော်ကြားသော တရားသူကြီး မတ်စတီလ် (Lord Justice Mustill) ၏ အဆိုကို ဤနေရာတွင် ကိုးကားခွင့်ပြုပါ။ မတ်စတီလ်က "အနုညာတနည်းလမ်း၏ ကြီးမားသော အခွင့်သာမှုမှာ ယင်းသည် အင်အားရှိခြင်းနှင့် ပြောင်းညွတ်လွယ်မှု (Flexibility) ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ အင်အားရှိခြင်းမှာ အနုညာတနည်းလမ်းသည် ဥပဒေအရ လိုက်နာဆောင်ရွက်စေနိုင်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်စွမ်းရှိ၍ ဖြစ်သည်။ ယင်းကို အဆုံးစွန်တွင် နိုင်ငံတော်၏ အတင်းအကျပ်ပြုနိုင်သော အာဏာများကို ခေါ်ယူအသုံးချနိုင်သည့် တရားစီရင်ရေးမူဘောင်က ကျောထောက်နောက်ခံပြုပေးထားသည်။ ပြောင်းညွတ်လွယ်မှုရှိခြင်းမှာ အနုညာတနည်းသည် အငြင်းပွားသူများကို အငြင်းပွားမှု၏ သဘာဝနှင့် အငြင်းပွားမှုဖြစ်ပွားရာ စီးပွားရေးလုပ်ငန်းနယ်ပယ်နှင့် ကိုက်ညီသည့် လုပ်ထုံးလုပ်နည်းများကို ရွေးချယ်ခွင့်ပြုထားခြင်းကြောင့် ဖြစ်သည်" ဟု ဆိုခဲ့ပါသည်။

**မြန်မာနိုင်ငံရှိ အနုညာတဖြေရှင်းခြင်းဥပဒေ**

ကမ္ဘာပေါ်တွင် အစောဆုံးသော အနုညာတဖြေရှင်းနည်း ဥပဒေကို အင်္ဂလန်နိုင်ငံ၌ ၁၆၉၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော အနုညာတဖြေရှင်းနည်းဥပဒေမှာ ၁၉၄၄ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (The Arbitration Law 1944) ဖြစ်သည်။ ယင်းဥပဒေသည် ၁၉၄၆ မတ်လ ၁ ရက်နေ့တွင် အာဏာသက်ရောက်ခဲ့သည်။ ယင်းကို တည်ဆဲ ၂၀၁၆ ခုနှစ် အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေက ရုပ်သိမ်းခဲ့သည်။ အဆိုပါ ၂၀၁၆ ခုနှစ် အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေတွင် ထူးခြားချက် သုံးခုရှိသည်။

(၁) ယင်းဥပဒေသည် အငြင်းပွားမှုများကို အနုညာတ စီရင်ဆုံးဖြတ်ခြင်းနည်းလမ်းဖြင့် ဖြေရှင်းရန် အားပေးသည်။ (ပုဒ်မ- ၄ (ဂ))

(၂) မြန်မာနိုင်ငံတွင်းဖြစ်စေ မြန်မာနိုင်ငံအပ၌ဖြစ်စေ ချမှတ်သော အနုညာတစီရင်ဆုံးဖြတ်ချက်များကို တရားရုံးများက အကောင်အထည်ဖော်ပေးနိုင်သည်။ (ပုဒ်မ- ၄၀၊ ၄၅)

(၃) ယင်းဥပဒေသည် အောက်တွင် ဆက်လက်ရှင်းပြမည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း၏ အခြေခံအချက်များအားလုံးကို ပိုက်ထွေးထည့်သွင်း ပြဋ္ဌာန်းထားသည်။

**အနုညာတ စီရင်ဆုံးဖြတ်ခြင်း၏ အခြေခံအချက်များ**

အငြင်းပွားမှုများကို အနုညာတ စီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းခြင်းတွင် အခြေခံအချက်ကြီး သုံးချက်ရှိသည်။

(၁) အနုညာတ စီရင်ဆုံးဖြတ်ခြင်း သဘောတူညီချက် သို့မဟုတ် စာပိုဒ် (Arbitration Agreement or Clause)

(၂) ပါဝင်ပတ်သက်သူများ၏ လွတ်လပ်စွာ လုပ်ပိုင်ခွင့် (Party Autonomy)

(၃) တရားစီရင်ရေးဆိုင်ရာ အခြေခံအချက် (Judicial Element) တို့ဖြစ်သည်။

အငြင်းပွားမှုတစ်ရပ်ကို အနုညာတနည်း (ဝါ) အနုညာတ စီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းရန် အဓိကလိုအပ်ချက်မှာ အနုညာတစီရင်ဆုံးဖြတ်ခြင်း သဘောတူညီချက် သို့မဟုတ် စာပိုဒ်ဖြစ်သည်။ ယင်းစာပိုဒ်မရှိပါက အနုညာတဖြေရှင်းနည်း ဖြစ်မလာပေ။ ဤစာပိုဒ် သို့မဟုတ် သဘောတူညီချက်က "ပဋိညာဉ်တွင် ပါဝင်သူများကြား အငြင်းပွားမှုပေါ်ပေါက်လျှင် အနုညာတ စီရင်ဆုံးဖြတ်ခြင်းနည်းလမ်းဖြင့် ဖြေရှင်းမည်" ဟူ၍ ပြဋ္ဌာန်းထားပြီး အနုညာတဥပဒေ၊ အနုညာတခုံရုံးနေရာနှင့် အသုံးပြုမည့် ဥပဒေများကို ရည်ညွှန်းဖော်ပြလေ့ရှိသည်။ မြန်မာနိုင်ငံ၏ ၂၀၁၆ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၃ (ခ) တွင် "အနုညာတစီရင်ဆုံးဖြတ်ခြင်း သဘောတူညီချက် ဆိုသည်မှာ ပါဝင်ချုပ်ဆိုသူများကြား ပဋိညာဉ်အရဖြစ်စေ၊ ပဋိညာဉ်မရှိဘဲဖြစ်စေ ဥပဒေအကြောင်းအရ ဆက်နွယ်မှုများနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သော သို့မဟုတ် ပေါ်ပေါက်လာနိုင်သော အငြင်းပွားမှုအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူရန် အငြင်းပွားသူများက စာဖြင့်ရေးသားထားသော သဘောတူညီချက်ကိုဆိုသည်" ဟု ဖွင့်ဆိုထားပါသည်။

အနုညာတ စီရင်ဆုံးဖြတ်ခြင်းနည်း၏ ဒုတိယအခြေခံအချက်မှာ ပါဝင်ပတ်သက်သူများ၏ လွတ်လပ်စွာ လုပ်ပိုင်ခွင့် (Party Autonomy) ဖြစ်သည်။ ယင်းအခြေခံအချက်သည် အနုညာတစီရင်ဆုံးဖြတ်နည်း၏ အထိမ်းအမှတ် ဖြစ်သည်။ ပါဝင်ပတ်သက်သူများ၏ လွတ်လပ်စွာ လုပ်ပိုင်ခွင့်ဆိုသည်မှာ အငြင်းပွားမှုတွင် ပါဝင်ပတ်သက်သူများ (အငြင်းပွားနေသူများ) သည် အငြင်းပွားမှုကို အနုညာတ စီရင်ဆုံးဖြတ်နည်းဖြင့် ဖြေရှင်းခွင့်၊ ယင်းတို့ သဘောကျ အနုညာတခုံလူကြီးများ ရွေးချယ်ခွင့်တို့သာမက အဆိုပါ ရည်ညွှန်းချက်များအတွက် အချိန်ကာလအတိုင်းအတာကိုပါ ရွေးချယ်သတ်မှတ်နိုင်ခွင့် ရှိခြင်းကိုဆိုသည်။ ပါဝင်ပတ်သက်သူများ၏ လွတ်လပ်စွာ လုပ်ပိုင်ခွင့်ကို မြန်မာနိုင်ငံ၏ ၂၀၁၆ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၇ နှင့် ၂၂ (က) တို့က ဥပဒေအာနိသင် ပေးထားသည်။

တရားစီရင်ရေးဆိုင်ရာ အခြေခံအချက်သည် အနုညာတ စီရင်ဆုံးဖြတ်နည်း၏ တတိယအခြေခံအချက်ဖြစ်သည်။ အနုညာတ ခုံလူကြီးသည် ယင်းထံ ရည်ညွှန်းကိုးကားသော အငြင်းပွားမှုများကို သဘာဝတရားမျှတမှု၏ စည်းမျဉ်းများ (Rules of Natural Justice) နှင့်အညီ အဆုံးအဖြတ်ပေးရန် တာဝန်ရှိသည်။ သဘာဝတရားမျှတမှုတွင် သဘောတရား နှစ်ရပ်ပါဝင်၏။ ပထမသဘောတရားမှာ အဆုံးအဖြတ်ပေးမည့်သူသည် မိမိ၏ ဆုံးဖြတ်ချက်ကြောင့် အကျိုးစီးပွားထိခိုက်သွားနိုင်သူ၏ အသံကို နားထောင်ရမည်ဟူ၍ ဖြစ်၏။ ဆိုလိုသည်မှာ အငြင်းပွားမှုတွင် ပါဝင်သူတစ်ဦး/တစ်ဖက်တည်း၏ အသံကိုသာမက အငြင်းပွားမှုတွင် ပါဝင်နေသည့် အခြားသူတစ်ဦး/တစ်ဖက်၏ အသံကိုပါ နားထောင်ရမည်ဟူ၍ ဖြစ်သည်။ ဤသဘောတရားကို အတိုချုပ်အားဖြင့် "ကြားနာခွင့်" (the right to be heard) ဟူ၍ ခေါ်ဆိုကြသည်။ ဤသဘောတရားကို မြန်မာနိုင်ငံ၏ ၂၀၁၆ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၂၁ က ဥပဒေအာနိသင် အပ်နှင်းထားသည်။ သဘာဝတရားမျှတမှု၏ ဒုတိယသဘောတရားမှာ "ဘက်လိုက်မှု ဆန့်ကျင်ရေး စည်းမျဉ်း" (the rule against bias) ဖြစ်သည်။ ဤသဘောတရားက "အနုညာတခုံလူကြီးများသည် ဘက်လိုက်မှု ကင်းရမည်" ဟူ၍ ဖော်ပြ၏။ ဤသဘောတရားကို ကျွန်ုပ်တို့၏ ၂၀၁၆ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၁၄ (က) (ခ) နှင့် ၁၄ (ဂ) (၁) တို့တွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။

**မြန်မာအနုညာတဗဟိုဌာန**

မြန်မာနိုင်ငံတွင် နိုင်ငံခြားနှင့် ချုပ်ဆိုသော ပဋိညာဉ်စာချုပ်များ၌ "အနုညာတ စီရင်ဆုံးဖြတ်ခြင်းစာပိုဒ်" များ ပါဝင်သော်လည်း ယင်းတို့သည် အမြဲလိုလို နိုင်ငံခြားအနုညာတ စီရင်ဆုံးဖြတ်ခြင်းကိုပင် ရည်ညွှန်းလေ့ရှိကြသည်။ သို့သော် ပဋိညာဉ်စာချုပ်များ အထူးသဖြင့် မြန်မာနိုင်ငံ အစိုးရဌာနများနှင့် နိုင်ငံခြားအဖွဲ့အစည်းများကြား ချုပ်ဆိုသော ပဋိညာဉ်စာချုပ်များ၏ အနုညာတ စီရင်ဆုံးဖြတ်ခြင်း စာပိုဒ်တွင် မြန်မာနိုင်ငံ၏ ၁၉၄၄ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကို ရည်ညွှန်းဖော်ပြသော အချိန်တစ်ချိန် ရှိခဲ့ဖူးသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ဆီသို့ ပြန်လည်လျှောက်လှမ်းခဲ့သော ၁၉၈၉ ဒီမိုကရေစီအရုံဦးမှစ၍ ပဋိညာဉ်များ အထူးသဖြင့် ပုဂ္ဂလိကချုပ်ဆိုသော ပဋိညာဉ်များရှိ အနုညာတစီရင်ဆုံးဖြတ်ခြင်း စာပိုဒ်များတွင် နိုင်ငံခြားအနုညာတ စီရင်ဆုံးဖြတ်ခြင်းကို ပြန်လည်ရည်ညွှန်းလာကြပြန်သည်။

နိုင်ငံခြားအနုညာတ စီရင်ဆုံးဖြတ်ခြင်းသို့ သွားရန်အတွက် ကျွန်ုပ်တို့တွင် အခက်အခဲများစွာရှိသည်။ ထိုနိုင်ငံခြား အနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဥပဒေဗဟုသုတများ ကျွန်ုပ်တို့တွင် မရှိကြသဖြင့် နိုင်ငံခြားရှေ့နေများကို အခကြေးငွေများစွာပေး၍ ငှားကြရသည်။

> **"အနုညာတဖြေရှင်းနည်းသည် အနှစ်သာရအားဖြင့် ဖျန်ဖြေပေးခြင်း၊ ကြားဝင်ပေးခြင်းတို့နှင့် တူပါသည်။ အနုညာတဖြေရှင်းနည်းတွင် ဖျန်ဖြေပေးခြင်းနှင့် ကြားဝင်ပေးခြင်းတို့တွင်ကဲ့သို့ ကြားနေဖြစ်သည့် အပြင်လူက ပါဝင်၍ အငြင်းပွားမှုကို ဖြေရှင်းပေးခြင်းတွင် တူခြင်းဖြစ်ပါသည်။ သို့သော် အနုညာတ ခုံလူကြီးတွင် ဆုံးဖြတ်ချက်ချနိုင်သည့် အာဏာရှိပါသည်။ မည်သူမှား၍ မည်သူမှန်သည်ဆိုသော ဆုံးဖြတ်ချက် ချမှတ်နိုင်ပြီး သက်သေခံချက်များကို အခြေခံ၍ အဖြေကိုလည်း ယင်းအနေဖြင့် ဆုံးဖြတ်နိုင်ပါသည်။ အနုညာတဖြေရှင်းနည်းသည် ပုံစံတကျဖြစ်သော ဖြေရှင်းနည်းမျိုးဖြစ်ပြီး စနစ်တကျတည်ဆောက်ထား"**

*စာမျက်နှာ ၁၀ သို့*

# ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**ရန်ကုန် ဇွန် ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)အမှုဆောင်အဖွဲ့မှ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ အကြံပေးနှင့်တာဝန်ရှိသူများက မြန်မာနိုင်ငံဂီတအစည်းအရုံး ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစည်းကမ်း ရေးဆွဲထားရှိမှု၊ ဂီတလောကတွင် မျိုးဆက်ကွာဟပြတ်တောက်မှုအနေအထားနှင့်အတူ ယခုအခါ ယင်းကဲ့သို့ မဖြစ်စေရန် အလွှာအသီးသီးနှင့်တွေ့ဆုံဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်မှုများ တင်ပြခြင်း၊ ဘဏ္ဍာရေးဆိုင်ရာအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် အကြံပြု ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# ဂျိုင်းနှင့်ကျုံဒိုးအကြား လှိုင်းဘွဲချောင်းပေါ် ဖြတ်သန်းမည့် တန် ၆၀ ခံနိုင်ဝန် ပွန်တွန်းတံတားသစ်ဖွင့်လှစ်



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂျိုင်းနှင့်ကျုံဒိုးအကြား လှိုင်းဘွဲချောင်းပေါ် တည်ဆောက်ပြီးစီးသော ပွန်တွန်းတံတားသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

**ကော့ကရိတ် ဇွန် ၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့အာရှလမ်းမပေါ်ရှိ ဂျိုင်းနှင့်ကျုံဒိုးအကြား လှိုင်းဘွဲချောင်းပေါ်တည်ဆောက်ပြီးစီးသော ခံနိုင်ဝန် တန် ၆၀ ပွန်တွန်းတံတားသစ်ဖွင့်ပွဲအခမ်းအနားကိုယနေ့နံနက် ၈ နာရီက အဆိုပါ တံတား၏ အရှေ့ဘက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ... ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဦးစောမြင့်ဦး၊ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဟန်စိုး၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကိုခိုင်၊ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်၊ တံတားစီမံကိန်းတည် ဆောက်ရေး မန်နေဂျင်း ဒါရိုက်တာ ဦးမင်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားခဲ့ပြီး သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်နှင့် မြဝတီနယ်စပ်ဒေသ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က တံတားတည်ဆောက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး နယ်စပ်ကုန်စည်စီးဆင်းရာနေရာတွင် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး၊ ယခင်ပွန်တွန်း တံတားတစ်ခုသာ ရှိသည့်အတွက် ကုန်စည်ယာဉ်အတက်အဆင်းသွားလာရာတွင် အချိန်ကုန်သဖြင့် ယခုတံတားပြီးစီးသည့်အတွက် အတက်အဆင်း သီးခြားသွားလာနိုင်သောကြောင့် ကုန်စည် စီးဆင်းမှု မြန်ဆန်လာမည်ဖြစ်ကြောင်း၊ ယခုတံတားအားတည်ဆောက်ခွင့်ရရန် များစွာ ကြိုးပမ်းခဲ့ရကြောင်း၊ တံတားအသုံးပြုခကို ပြည်နယ်အစိုးရ၏ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ကောက်ခံမည်ဖြစ်ကြောင်း၊ ကျေးဇူးတင်ထိုက်သူများအား ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ပွန်တွန်းတံတားသစ်သည် အရှည်ပေ ၆၀၀ ရှိပြီး ၂၀၁၉ခုနှစ် ဇန်နဝါရီလမှ စတင်ဆောက်လုပ်ခဲ့ကာ စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၂၄၀၀၀ ဖြင့် လေးလကြာတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**စိုးထက်အောင်(မြန်/ဆက်)**

# Skynet Cinema (Pay Per View) Channel ကို ဇွန် ၇ ရက်မှ စတင်ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇွန် ၁**

ရွှေသံလွင်မီဒီယာက ပြည်သူ့အတွက် Skynet ၏ တင်ဆက်မှုအသစ်ဖြစ်သည့် ရတနာဘုမ္မိ Film Company မှ ရုပ်ရှင်ချစ်ပရိသတ်များအတွက် အချစ်၊ အကြမ်း၊ အလွမ်း၊ ဟာသရသတို့စုံလင်သော မြန်မာရုပ်ရှင်ဇာတ်ကားအသစ်စက်စက်များကို အိုးမကွာ အိမ်မကွာ ကြည့်ရှုနိုင်စေရန် Skynet Cinema (Pay Per View) Channel ကို ဇွန် ၇ ရက်မှ စတင်၍ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Skynet Cinema (Pay Per View) Channel မိတ်ဆက်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မီလီယာဟိုတယ်၌ ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာ ဒေါ်နီနီနှင့် သဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးမိုးဝင်းတို့က Skynet Cinema (PPV) လိုဂိုအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ Skynet Cinema (PPV) တွင် ပြသမည့် ဇာတ်ကားနမူနာများကို ကြည့်ရှုကြသည်။

ထို့နောက် Pay Per View တွင် ပြသမည့်ဇာတ်ကားများနှင့် စပ်လျဉ်း၍ ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက် ဖျော်ဖြေရေးဌာန၏ Executive ဒါရိုက်တာ အကယ်ဒမီ မောင်မျိုးမင်း (ရင်တွင်းဖြစ်) က ရှင်းလင်းပြောကြားပြီး Skynet Cinema (PPV) Channel Head ဦးဝင်းဒီက ချန်နယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြသမည့် ဇာတ်ကားများအား ဝယ်ယူကြည့်ရှုနိုင်မည့် နည်းလမ်းများအကြောင်းကို Sales and Content Department ၏ အကြီးတန်းအမှုဆောင် ဒါရိုက်တာ ဒေါက်တာသိန်းသန်းဦးက ရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ်ဖက်အဖွဲ့အစည်းများအဖြစ် လက်တွဲလုပ်ကိုင်မည့် Shwe Bank၊ OK ဒေါ်လာတို့ဖြင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြသည်။

Skynet Cinema (PPV) Channel မှ ပထမဆုံးလတွင် စတင်ပြသမည့် ဇာတ်ကားလေးကားမှာ ပထမပတ်တွင် ဟာသဇာတ်ကားဖြစ်သည့် “ငယ်ပါသေးတယ်” ဇာတ်ကား၊ ဒုတိယပတ်တွင် သည်းထိတ်ရင်ဖိုဇာတ်ကားဖြစ်သည့် “ညစိမ်းစိမ်း ” ဇာတ်ကား၊ တတိယပတ်တွင် အက်ရှင်ဒရာမာ ပေါင်းစပ်ထားသည့် “လူမိုက်ကျွန်း” ဟူသည့် ဇာတ်ကားဖြစ်ပြီး စတုတ္ထပတ်တွင် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ရိုက်ကူးထားသည့် “ပတ္တလား” အမည်ရဇာတ်ကားတို့ဖြစ်ကြောင်း သိရသည်။

Sales and Content Department ၏ အကြီးတန်း အမှုဆောင် ဒါရိုက်တာ ဒေါက်တာသိန်းသန်းဦးက “Skynet Cinema(PPV) Channel မှာ ပြသမယ့် ရုပ်ရှင်ဇာတ်ကားတွေကို တစ်ပတ်ကို တစ်ကားနှုန်းနဲ့ တစ်လကို လေးကားရှိမယ်၊ တစ်ကားကို ကျပ်တစ်ထောင်နှုန်းနဲ့ ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းနဲ့ တစ်ပတ်အတွင်း ကြည့်ရှုနိုင်မယ်။ ကိုယ်ကြိုက်တဲ့ရုပ်ရှင်ဇာတ်ကားကို ရွေးချယ်ဝယ်ယူခွင့်ရှိပါတယ်။ လေးကားလုံးကြိုက်ရင်လည်း လေးကားလုံးဝယ်ယူလို့ ရပါတယ်။ Skynet Cinema (PPV) Channel ရုပ်ရှင်ဇာတ်ကားတွေကို မြို့နယ်တိုင်းမှာရှိတဲ့ Skynet (Regional Service Partner -RSP) ဆိုင်တွေမှာ ဝယ်ယူလို့ ရပါတယ်။ ဝယ်ယူကြည့်ရှုတဲ့အခါမှာ Skynet စက်နံပါတ်၊ ကတ်နံပါတ်ကို ပေးရပါမယ်။ Shwe Bank Mobile Banking ၊ Internet Banking နဲ့ ဝယ်ယူကြည့်ရှုမယ်ဆိုရင် Shwe Bank အေးဂျင့်တွေမှာလည်း Shwe Bank အကောင့်ဖွင့်ဖို့ လိုပါတယ်။ OK $ အေးဂျင့်တွေမှာ ဝယ်ယူလို့ရပြီး OK $ အပလီကေးရှင်းကို ဒေါင်းလုတ်ဆွဲပြီး ကိုယ်ပိုင်အကောင့်နဲ့လည်း ဝယ်ယူကြည့်ရှုနိုင်ပါတယ်” ဟု ပြောသည်။




မြန်မာ့ရုပ်ရှင်ဇာတ်ကားသစ်များကို 4 HD အရည်အသွေးဖြင့် ပြသမည်ဖြစ်ပြီး တစ်ပတ်လျှင်ရုပ်ရှင်တစ်ကား ပြသမည်ဖြစ်ကာ တစ်နေ့လျှင် ပြသချိန် ရှစ်ကြိမ်မှ ကိုးကြိမ်ခန့်အထိ ပြသမည်ဖြစ်ကာ တစ်ပတ်လျှင် ၆၁ ကြိမ်အထိ ပြသမည် ဖြစ်သည်။ အပတ်စဉ် ဇာတ်ကားသစ်များကို သောကြာနေ့ နံနက် ၆ နာရီတွင်စတင်ပြသမည်ဖြစ်ပြီး ကြာသပတေးနေ့ည ၉ နာရီသည် နောက်ဆုံးအကြိမ် ပြသမည့်ပွဲဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ထိုင်းနိုင်ငံဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်ဟောင်း General Prem Tinsulanonda ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ထိုင်းဘုရင့် အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်ဟောင်းကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် စာအုပ်၌ လက်မှတ်ရေးထိုး

**ရန်ကုန် ဇွန် ၁**

ထိုင်းနိုင်ငံ ဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်ဟောင်း General Prem Tinsulanonda မေ ၂၆ ရက်က ကွယ်လွန်ခဲ့သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးသို့ သွားရောက်ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားရှိသည့် စာအုပ်၌ လက်မှတ်ရေးထိုးသည်။

အဆိုပါ ဝမ်းနည်းခြင်း အထိမ်းအမှတ် လက်မှတ်ရေးထိုးခြင်းကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး၌ မေ ၂၈ ရက်မှ ဇွန် ၂ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ၂ နာရီမှ ၅ နာရီအထိ လည်းကောင်း ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် အခမဲ့နယ်လှည့်ဆေးကုရေးအဖွဲ့ စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အခမဲ့ဆေးကုသ

**စစ်တွေ ဇွန် ၁**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသားကျန်းမာရေးကွန်ရက်(အခမဲ့) နယ်လှည့်ဆေးကုရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြပြီး စစ်တွေမြို့ အထွေထွေ ရောဂါကုဆေးရုံကြီး (ခုတင် - ၅၀၀) ၌ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးကြသည်။

ထို့နောက် အဖွဲ့ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆေးကုသပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါအဖွဲ့သည် ကလေးအထူးကု၊ သားဖွားနှင့်မီးယပ်၊ အရေပြား၊ မျက်စိ၊ သွားနှင့် ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အပ်စိုက်၊ ဓာတ်မှန်၊ ခွဲစိတ်နှင့် အထွေထွေရောဂါများကို ကုသပေးသွားမည်ဖြစ်ပြီး ဇွန် ၂ ရက်တွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသားကျန်းမာရေးကွန်ရက်(အခမဲ့) နယ်လှည့်ဆေးကုရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ တင်မျိုးဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ စစ်တွေမြို့အထွေထွေရောဂါကုဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေးစဉ်။

# ကုလားတန် မြစ်ကူးတံတား(ပလက်ဝ) ၆၈ ရာခိုင်နှုန်းပြီးစီး၊ မီးရှို့ဖျက်ဆီးခံရသည့်သံပေါင်များကို ဆက်လက်အသုံးမပြုဘဲ သံပေါင်အသစ်များဖြင့်တည်ဆောက်မည်

## တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်

**ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်သည် မေ ၃၀ ရက် နံနက်ပိုင်းက ပလက်ဝမြို့ အရှေ့ဘက်ကမ်းရှိ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်း ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်းကို သွားရောက်ကြည့်ရှုသည်။**

ပြည်နယ်ဝန်ကြီးသည် အိန္ဒိယနိုင်ငံ၏ ကူညီမှုဖြင့် ဖောက်လုပ်လျက်ရှိသည့် ပလက်ဝ-ဇိုရမ်ပွိုး ကားလမ်းစီမံကိန်း ဖောက်လုပ်လျက်ရှိသည့် EFI နှင့် CNC ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပလက်ဝ-ဇိုရမ်ပွိုး ကားလမ်းစီမံကိန်း ၂၀၂၀ အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန်နှင့် ကားလမ်းစီမံကိန်း ဖောက်လုပ်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရက ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးသည် မတူပီ-ပလက်ဝ လမ်းပေါ်ရှိ ကုလားတန် မြစ်ကူးတံတား(ပလက်ဝ) စီမံကိန်းကို သွားရောက်ကြည့်ရှုရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၁) မှ တာဝန်မှူး ဒေါ်နှင်းနှင်းလွင်က မြစ်ကူးတံတား တည်ဆောက်နေမှုနှင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကုလားတန် မြစ်ကူးတံတား(ပလက်ဝ) သည် ချင်းပြည်နယ် မင်းတပ်ခရိုင် ပလက်ဝမြို့နယ် မတူပီ-ပလက်ဝလမ်းတွင် တည်ရှိပြီး မတူပီမြို့၊ ဆမီးမြို့ကို ဆက်သွယ်ထားသည်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့ တို့ကိုလည်း ဆက်သွယ်ထားသည်။



ကုလားတန်မြစ်ကူးတံတား (ပလက်ဝ) တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။



ဦးစိုးထက် (ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး)

စီမံကိန်းကို ၂၀၁၇ ခုနှစ် မေ ၁ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ တံတားတည်ဆောက်မှုပြီးစီးပါက ချင်းပြည်နယ် မင်းတပ်ခရိုင်အတွင်းရှိ မတူပီ၊ ဆမီး၊ ပလက်ဝမြို့တို့ကို ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့ တို့ကိုလည်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ မိုးတွင်းကာလတွင် ပြည်သူများ အလွယ်တကူ သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုလည်း အဆင်ပြေချောမွေ့လာမည်ဖြစ်ကာ တိုင်းရင်းသားအချင်းချင်းလည်း စည်းလုံးညီညွတ်လာမည် ဖြစ်သည်။

ကုလားတန် မြစ်ကူးတံတား(ပလက်ဝ) စီမံကိန်းလက်ရှိဆောင်ရွက်နေသည့် အခြေအနေများကို သိရှိနိုင်ရန်အတွက် ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်ကို ဖော်ပြအပ်ပါသည်။

**မေး။ ။ပြီးခဲ့တဲ့ မတ်လ ၁၆ ရက်နေ့က ကုလားတန် မြစ်ကူးတံတားမှာ အသုံးပြုဖို့အတွက် ရန်ကုန်က သယ်ဆောင်လာတဲ့ သံပေါင်တွေ AA အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့လို့ တန် ၃၀၀ နီးပါးရှိတဲ့ သံပေါင်တွေနဲ့ ဆက်စပ်ပစ္စည်းတွေ မီးလောင်သွားခဲ့တယ်လို့ သိရပါတယ်။ အဲဒီလိုဖြစ်စဉ်တွေ ရှိခဲ့တော့ လက်ရှိ တံတားတည်ဆောက်ရေးမှာ လိုအပ်တဲ့ သံပေါင်တွေအတွက် ဘာတွေများ ဆက်ပြီး လုပ်ဆောင်နေသလဲဆိုတာ သိချင်ပါတယ်ခင်ဗျာ။**

ဖြေ။ ။သံပေါင် မီးလောင်သွားတာကြောင့် သံပေါင်ထုတ်လုပ်တဲ့ ကုမ္ပဏီနဲ့ ဂျပန်ပညာရှင်များက မြေပြင်ကိုလာပြီးတော့ ကွင်းဆင်းစစ်ဆေးပါတယ်။ မျက်မြင်စစ်ဆေးချက်အရ မီးလောင်သွားတဲ့ သံပေါင်တွေကို ပြန်သုံးလို့ရမယ်လို့ သုံးသပ်ခဲ့တယ်။ ဒါပေမယ့် တကယ်တမ်းသေချာအောင် သူ့ရဲ့ခံနိုင်ရည်ဝန် ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်တဲ့အခါ တော်တော်များများ ပျက်စီးနေတယ်။ မီးကလည်း ၈ နာရီကျော် လောင်ထားတဲ့အတွက် Design Strength ကို ကျစေတယ်။ ခံနိုင်ရည် လုံးဝကျပြီးတော့ ခံနိုင်ဝန်အပိုင်းမှာ ပြန်သုံးလို့ မရတော့ဘူးဆိုတဲ့ Report ထွက်လာပါတယ်။ ဒါကြောင့် လက်ရှိသံပေါင်ကို မသုံးတော့ဘဲ နောက်ထပ်သံပေါင်အသစ်တွေ ထုတ်ပြီးမှ သုံးဖို့ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းခွင်အရောက်ပို့ရမယ့် ကုမ္ပဏီသင်္ဘောပိုင်ရှင်တွေကလည်း သံပေါင်တွေကို ပို့တဲ့အပိုင်းမှာ သူတို့က သံပေါင်တွေကို လုပ်ငန်းခွင် အရောက်ပို့ရမယ်ဆိုတော့ ပို့တဲ့ကုမ္ပဏီတွေကလည်း သင်္ဘောကုမ္ပဏီကို အာမခံထားတယ်။ ဒါကြောင့် အာမခံကုမ္ပဏီတွေနဲ့ သံပေါင်ပြန်ရဖို့အတွက် လျော်ကြေးကိစ္စတွေ ညှိနေပါတယ်။

**မေး။ ။အခုလို မီးရှို့ခံရတဲ့အတွက် တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ အရှိန်လျော့ကျသွားနိုင်ပါသလား။**

ဖြေ။ ။ သံပေါင်တွေကို မတ်လ ၁၆ ရက်နေ့က မီးရှို့ခံရတာ ဖြစ်ပါတယ်။ Report ထွက်နိုင်တာကိုက အခု မေလ ၂၉ ရက်နေ့မှာမှ ထွက်နိုင်တာပါ။ ဒါကြောင့် အလုပ်လုပ်ရမယ့် အချိန် နှစ်လလောက် နောက်ကျသွားတယ်။

*စာမျက်နှာ ၉ သို့*

# နေရပ်စွန့်ခွာသူများ နေရပ်ပြန်ရေး ဘင်္ဂလားဒေ့ရှ်က ကူညီခြင်းမရှိ၊ နေရပ်စွန့်ခွာသူများအား မြန်မာနိုင်ငံအစိုးရက ပြန်လည်လက်ခံပြီး နေထိုင်ခွင့်လက်မှတ်များ ထုတ်ပေးမည်ဟု ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ပြောကြား

တိုကျို

**မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်မှ ထွက်ခွာပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသည့် နေရပ်စွန့်ခွာသွားသူများအား နေရပ်ပြန်ပို့ရေးနှင့် နေထိုင်ခွင့်လက်မှတ်များ ထုတ်ပေးရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပူးပေါင်းဆောင်ရွက်မှုမရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ က ဂျပန်နိုင်ငံ၌ ကျင်းပသည့် နိုင်ငံတကာဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။**

၂၀၁၇ ခုနှစ် နိုဝင်ဘာလက လက်မှတ်ရေးထိုးခဲ့သည့် နေရပ်စွန့်ခွာသွားသူများအား နေရပ်ပြန်ပို့ရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ်အတိုင်း လုပ်ဆောင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ပျက်ကွက်နေကြောင်း၊ ယင်းစာချုပ်သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ နေရပ်ပြန်ပို့မှု အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြောကြားသည်။

နေရပ်စွန့်ခွာသွားသူများအား နေရပ်သို့ ပြန်ပို့ရေးလုပ်ငန်းစဉ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလက စတင်ရန် စီစဉ်ထားခဲ့ကြောင်း၊ သို့ရာတွင် ယနေ့အထိ တရားဝင်လမ်းကြောင်းမှတစ်ဆင့် နေရပ်သို့ ပြန်လာသည့် နေရပ်စွန့်ခွာသူ တစ်ဦးတစ်ယောက်မျှ မရှိသေးကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

"လူ ၂၀၀ ခန့်ကတော့ သူတို့ရဲ့ ဆန္ဒအလျောက် ခက်ခဲကြမ်းတမ်းတဲ့ ခရီးလမ်းကို ဖြတ်သန်းပြီးတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နေရပ်သို့ ပြန်လာကြပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မေ ၃၁ ရက်က တိုကျိုမြို့တွင် ကျင်းပသည့် (၂၅) ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

နေရပ်စွန့်ခွာသွားသူများ ဘေးမသီရန်မခနှင့် သူတို့၏ ဆန္ဒအလျောက် ပြန်လာနိုင်ရန်အတွက် ကုလသမဂ္ဂ အေဂျင်စီနှစ်ခုနှင့် ယမန်နှစ်က လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း ၎င်းတို့ နေရပ်သို့ ပြန်ပို့ရေးဆိုင်ရာ ၂၀၁၇ သဘောတူညီချက်ကို အကောင်အထည်ဖော်ရာတွင် ထပ်တလဲလဲ နှောင့်နှေးကြန့်ကြာလျက်ရှိသည်။

သို့ရာတွင် နေရပ်စွန့်ခွာသွားသူများသည် နိုင်ငံသားဖြစ်မှုကဲ့သို့သော ဥပဒေအရ အကာကွယ်ပေးမှုမရှိဘဲ နေရပ်သို့ ပြန်ပါက ၎င်းတို့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသောအခါ နှိပ်စက်ညှဉ်းပန်းမှုများကို ဆက်လက်ရင်ဆိုင်ရလိမ့်မည်ဟု လူ့အခွင့်အရေးအုပ်စုများက ဆိုသည်။ နေရပ် စွန့်ခွာသူများသည် မြန်မာနိုင်ငံတွင် လွတ်လပ်စွာသွားလာ လှုပ်ရှားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ခံယူခွင့်နှင့် ပညာရေးဆည်းပူးခွင့် စသည့် အခွင့်အရေးများကို မရရှိကြောင်း လူ့အခွင့်အရေး အုပ်စုများက ဆိုသည်။

**နေထိုင်ခွင့်လက်မှတ်ထုတ်ပေးရန် အဆင်သင့်ရှိ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နေရပ်ပြန်လာသူ အားလုံးအတွက် နေထိုင်ခွင့်လက်မှတ်များ ထုတ်ပေးရန် မြန်မာအစိုးရအနေဖြင့် အဆင်သင့်ရှိနေပြီး အစိုးရ၏ ဥပဒေစည်းမျဉ်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအနေဖြင့် နိုင်ငံသားအဖြစ် လျှောက်ထားနိုင်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြောကြားသည်။

ဟိန္ဒူဘာသာဝင် ၄၄၄ ဦးခန့်မှာလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားမြို့ နယ်စပ်တွင် ပိတ်မိနေပြီး ထိုဟိန္ဒူဘာသာဝင်များကို စေလွှတ်ပေးရန် မြန်မာအစိုးရဘက်မှ တရားဝင် မေတ္တာရပ်ခံခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်အစိုးရက စေလွှတ်ပေးခြင်း မရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဟိန္ဒူဘာသာဝင် ၂၀ ခန့်သည် ၎င်းတို့၏အစီအစဉ်ဖြင့် နေရပ်ပြန်လာခဲ့ကြသော်လည်း တရားဝင်လမ်းကြောင်းဖြင့် နေရပ်ပြန်လာသူ မရှိသေးကြောင်း ၎င်းက ပြောခဲ့သည်။

လူမျိုးသုဉ်းသတ်ဖြတ်သည့် သဘောသက်ရောက်သည်ဟု ကုလသမဂ္ဂက ပြောသည့် အကြမ်းဖက်မှုမှ လွတ်မြောက်ရန် မွတ်စလင် ၇၂၀၀၀၀ ကျော်သည် ရခိုင်ပြည်နယ်မှ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၆ ခုနှစ်ကတည်းကပင် နေရပ်စွန့်ခွာခဲ့ကြသည်။ မြန်မာအာဏာပိုင်များကမူ ယင်းစွပ်စွဲချက်များနှင့် ပတ်သက်၍ ငြင်းဆိုထားပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးကို လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း အခိုင်အမာ ပြောဆိုခဲ့သည်။

အာဆီယံအဖွဲ့က မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့ကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အရေးယူဆောင်ရွက်ရန် ဝေဖန်သူများက တောင်းဆိုခဲ့ကြသည်။

- **နေရပ်စွန့်ခွာသွားသူများအား နေရပ်သို့ ပြန်ပို့ရေးလုပ်ငန်းစဉ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလက စတင်ရန် စီစဉ်ထား**
- **ယနေ့အထိ တရားဝင်လမ်းကြောင်းမှတစ်ဆင့် နေရပ်သို့ ပြန်လာသည့် နေရပ်စွန့်ခွာသူ တစ်ဦးတစ်ယောက်မျှ မရှိသေး**

NIKKEI ASIAN REVIEW

**The Future of Asia 2019**

## Myanmar says Bangladesh not helping refugee return

Minister says Myanmar will take back all Rohingya and provide resident certificates

P PREM KUMAR, Nikkei staff writer May 31, 2019 16:23 JST

P PREM KUMAR, Nikkei staff writer
MAY 31, 2019 16:23 JST



Myanmar Union Minister for the Office of the State Counsellor, Kyaw Tint Swe, speaks during 25 th international conference on The Future of Asia on May 31, in Tokyo. (Photo by Yuki Nakao)

**အိမ်နီးချင်းနိုင်ငံများအားလုံးနှင့် ရင်းနှီးသော ဆက်ဆံရေး ထိန်းသိမ်းရန် ဆန္ဒရှိ**

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ကောင်းမွန်လျက်ရှိပြီး အခြားသော အိမ်နီးချင်းနိုင်ငံများ အားလုံးနှင့်လည်း ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းရန် ဆန္ဒရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြောခဲ့သည်။

တရုတ်နှင့် မြန်မာနိုင်ငံတို့သည် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးမျိုးရှိပြီး နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း ပြောခဲ့သည်။

မြန်မာနိုင်ငံရှိ လုပ်ငန်းအတော်များများတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံထားပြီး မြန်မာနိုင်ငံအနေနှင့် ကြွေးမြီထောင်ချောက်အတွင်းသို့ သက်ဆင်းရမည်ဆိုသည့် စိုးရိမ်ပူပန်မှုများမှာ အခြေအမြစ် မရှိဟု ဆိုသည်။

ယခင်အစိုးရနှင့် တရုတ်အစိုးရတို့အကြား သဘောတူညီခဲ့သည့် အခြေခံအဆောက်အအုံဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့ရေး သဘောတူညီချက်နှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရနှင့် ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

**ရင်းနှီးမြှုပ်နှံမှုမူဝါဒ ပြင်ဆင်ရေးဆွဲခဲ့ပြီးဖြစ်**

ပြည်ထောင်စုဝန်ကြီးက ဂျပန်အပါအဝင် ကုန်သွယ်ဖက်နိုင်ငံအားလုံးမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် သဟဇာတရှိစေရန် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒကိုလည်း ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပြီး ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပြီး မကြာသေးမီက တိုယိုတာကုမ္ပဏီက မြန်မာနိုင်ငံသို့ သွားရောက်ရင်းနှီးမြှုပ်နှံမည်ဟု ကြေညာခဲ့ခြင်းအတွက် မိမိများစွာဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။

**ကိုးကား - Myanmar says Bangladesh not helping refugee return: By P PREM KUMAR, Nikkei staff writer May 31, 2019.**

*စာမျက်နှာ ၈ မှ*

လျော်ကြေးရပြီးမှ ကျွန်တော်တို့က သံပေါင်ကို ဆက်ပြီးလုပ်ရမှာ ဖြစ်တဲ့အတွက် နောက်ထပ်လည်း ကြန့်ကြာသွားနိုင်တယ်။ ဒါပေမယ့် ကျွန်တော်တို့က ၂၀၂၀ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ချင်းအမျိုးသားနေ့မှာ ဖွင့်နိုင်အောင် ရည်မှန်းချက်ထားတာ ဖြစ်တဲ့အတွက် တာဝန်ယူဆောင်လုပ်တဲ့ ဆောက်လုပ်ရေး လမ်းတံတားအဖွဲ့တွေကလည်း ကြိုးစားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ တံတားတည်ဆောက်ရေး အပိုင်းမှာ ငွေကြေး(ဒါမှမဟုတ်)အခြားလိုအပ်ချက်တွေ ရှိပါသေးလား။**

ဖြေ။ ။ လက်ရှိ ဘတ်ဂျက်အနေနဲ့ တံတားတည်ဆောက်ရာမှာ ငွေကျပ် ၁၂ ဒသမ ၃ ဘီလီယံလောက် လိုပါတယ်။ ချင်းပြည်နယ်အစိုးရအနေနဲ့ ၆ ဘီလီယံ ထည့်ဝင်မှာဖြစ်ပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ ၆ ဒသမ ၃ ဘီလီယံလောက် ထည့်ဝင်မှာ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ၂ ဘီလီယံ ထည့်ပြီးပြီ ဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ မှာ ၄ ဘီလီယံ ထပ်ထည့်ထားတဲ့အတွက် ပြည်နယ်က ထည့်ရမယ့် ဘတ်ဂျက်က ပြည့်မီသွားပါပြီ။ ပြည်ထောင်စုကလည်း ၆ ဒသမ ၃ ဘီလီယံကျော်ကို သူတို့ ထည့်ဝင်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဘတ်ဂျက်အနေအထားက လုံလောက်သွားပြီ။ ထုတ်လုပ်တဲ့ သံပေါင်ရဲ့ စောတာ၊ နောက်ကျတာ အနေအထားအပေါ် မူတည်ပြီး စီမံကိန်းကြီးက အချိန်မီပြီးစီးမယ်လို့ မြင်ပါတယ်။

**မေး။ ။ အခုလို တံတားတည်ဆောက်ရေးမှာ ကြန့်ကြာတာနဲ့ ပတ်သက်ပြီး ဘာများ ပြောချင်ပါသလဲ။**

ဖြေ။ ။ နိုင်ငံတော်က ပလက်ဝ-ကုလားတန်မြစ်ကူး တံတားစီမံကိန်းအတွက် ငွေကျပ် ၂၇ ဘီလီယံလောက် အကုန်အကျခံ ပြုလုပ်တာ ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးအတွက် လုပ်တာ ဖြစ်တဲ့အတွက် အခုလို ဒေသမအေးချမ်းတဲ့အပေါ်မှာ နှောင့်နှေးတာတွေ၊ ကြန့်ကြာတာတွေ ထပ်မဖြစ်အောင် လူထုကရော၊ တာဝန်ရှိတဲ့ လူတွေကရော အားလုံးဝိုင်းပြီးတော့ လုပ်ဆောင်သင့်တယ်လို့ ပြောချင်ပါတယ်။

**မေး။ ။ တံတားကြီးပြီးစီးသွားခဲ့ရင် ဒေသဖွံ့ဖြိုးရေးအတွက် ဘယ်လောက်အထိ အထောက်အကူပြုနိုင်မလဲ ခင်ဗျာ။**

ဖြေ။ ။ ဒီတံတားကြီးက ကုလားတန်မြစ်ရဲ့ အရှေ့အနောက် မြစ်ကူးတဲ့ တံတားဖြစ်ပါတယ်။ ဒီတံတားကြီး ပြီးသွားရင် ပလက်ဝမြို့ပေါ်မှာရှိတဲ့ ပြည်သူတွေအပြင် ပလက်ဝရဲ့ တစ်ဖက်မှာရှိတဲ့ ကျေးရွာပေါင်း ၂၀၀ ကျော်က ကူးလူးဆက်ဆံမှုတွေ ကောင်းလာမယ်။ နောက် လမ်းကွန်ရက်တွေဖြစ်တဲ့ ကျေးလက်လမ်း၊ (နတလ) လမ်း၊ လမ်းဦးစီးဌာနက ဆောက်လုပ်တဲ့ လမ်းတွေအပေါ်မှာ နေထိုင်တဲ့ ပြည်သူတွေ တစ်ရွာနဲ့တစ်ရွာ ဆက်သွယ်လို့ရမယ်။ ကုန်ထုတ်လုပ်ငန်းတွေ၊ ကုန်စည်စီးဆင်းမှုတွေ ဖြစ်နိုင်တယ်။ ပြီးတော့ ဒီအနောက်ဘက်မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်း သွားလို့ရနိုင်မယ်။ အိန္ဒိယနိုင်ငံနဲ့ ရခိုင်ပြည်နယ်ဘက်တွေကိုလည်း သွားလို့ရနိုင်တဲ့အတွက် အကျိုးရှိပါတယ်။

**မေး။ ။ တံတားကို လျာထားသတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရအဖွဲ့တို့က ဘယ်လိုများ စီစဉ်ထားတာရှိပါသလဲ။**

ဖြေ။ ။ တံတားက ဒီနေ့အထိ ၆၈ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါတယ်။ အထူးဆောက်လုပ်ရေးက ညွှန်ကြားရေးမှူးတွေ တာဝန်ခံပြီး ဒီမှာ နေပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်အတွင်းမှာ ကြီးကြီးမားမားလုပ်တဲ့ Project ဆိုရင် ချင်းပြည်နယ်အတွင်းက ပလက်ဝတံတားစီမံကိန်းရယ်၊ ဖလမ်းမှာလုပ်တဲ့ ဆူဘုရ် လေယာဉ်ကွင်းနှစ်ခုကို ကြီးကြီးမားမား လုပ်တာဖြစ်တဲ့အတွက် ပြည်နယ်က လုပ်ဆောင်ပေးရမယ့် အပိုင်းကိုလည်း ဖြည့်ဆည်းပေးတယ်။ ပြည်ထောင်စုက လုပ်ပေးတဲ့ အပိုင်းကိုလည်း တောင်းဆိုတယ်။ တိုးတက်မှုကို အမြဲမပြတ် စောင့်ကြည့်နေပါတယ်။ စီမံကိန်းကို ၂၀၂၀ ချင်း အမျိုးသားနေ့အမီ ပြီးစီးအောင် ဆောင်ရွက်နေပါတယ်။

**ကျေးဇူးတင်ပါတယ်ခင်ဗျာ ။**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇွန် ၁**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၉၁။ မူပိုင်ခွင့်တရားရုံးသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

**အခန်း (၂၃)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၉၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်ဆယ်သိန်းအောက်မနည်းသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) အခွင့်အရေးရရှိသူ၏ သဘောတူခွင့်ပြုချက်မပါဘဲ စီးပွားရေးအလို့ငှာ -

(၁) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး အကာအကွယ်ပေးခံရသည့် လက်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းနှင့် အများပြည်သူသို့ ဖြန့်ချိခြင်း၊

(၂) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသော ပစ္စည်းများကို လက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားခြင်း၊

(၃) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသော ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခြင်း၊

(၄) ပုဒ်မ ၄၃ နှင့် ၄၄ တို့ပါ တားမြစ်ထားသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

(ခ) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေး ချိုးဖောက်ထားသောပစ္စည်းများ ထုတ်လုပ်ရာတွင် အဓိက အသုံးပြုလျက်ရှိသော ပစ္စည်းကိရိယာ တန်ဆာပလာတစ်ခုခုကို လက်ဝယ်ပိုင်ဆိုင်ခြင်း။

၉၃။ မည်သူမဆို ပုဒ်မ ၉၂ ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် အဆိုပါပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၉၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်လက်မှတ် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်စာရင်း သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း။

၉၅။ မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပူးပေါင်းပါဝင်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

**အခန်း (၂၄)**

**အထွေထွေ**

၉၆။ ဤဥပဒေအရ အကာအကွယ်ပေးသည့် သက်တမ်းကုန်ဆုံးသွားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ လက်ရာကို အများပြည်သူပိုင်ဟု မှတ်ယူရမည်။ ထိုအများပြည်သူပိုင်လက်ရာကို မည်သူမဆို မူလလက်ရာရှင်၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မလိုဘဲ လွတ်လပ်စွာ အသုံးပြုနိုင်သော်လည်း စာပေ သို့မဟုတ် အနုပညာလက်ရာကို အသုံးပြုသူသည် မူလလက်ရာရှင်၏ အမည်နှင့် ဂုဏ်သိက္ခာဆိုင်ရာ အခွင့်အရေးကို ထိခိုက်ခြင်း မရှိစေရ။

၉၇။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် The Myanmar Copyright Act, 1914 အရ သက်တမ်းမကုန်ဆုံးသေးသော စာပေနှင့် အနုပညာမူပိုင်ခွင့်သည် ဤဥပဒေတွင် သတ်မှတ်ထားသည့် စာပေနှင့် အနုပညာမူပိုင်ခွင့် သက်တမ်းနှင့်အညီ စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ဆက်လက်ခံစားခွင့်ရှိရမည်။

၉၈။ ဤဥပဒေအာဏာမတည်မီက ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းများ၏ ဆက်နွှယ်သည့် အခွင့်အရေးသည် ဤဥပဒေ အခန်း (၁၄) တွင် သတ်မှတ်ထားသည့် သက်တမ်းနှင့်အညီ ခံစားခွင့်ရှိရမည်။

၉၉။ ဤဥပဒေပြဋ္ဌာန်းချက်များသည် ဥပဒေအာဏာစတင်သက်ရောက်မည့်နေ့ မတိုင်မီက စာချုပ်ချုပ်ဆိုခဲ့သော လက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များနှင့် ထုတ်လွှင့်ခြင်းတို့အတွက် စာချုပ်စာတမ်းအပေါ် သက်ရောက်မှု မရှိစေရ။

၉၀။ ဤဥပဒေ အာဏာသက်ရောက်သည့်နေ့မတိုင်မီ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ပြုလုပ်ထားသော မိတ္တူများကို ဥပဒေအာဏာသက်ရောက်သည့်နေ့မှ နှစ်နှစ်အတွင်း စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ ပြည်သူလူထုသို့ ဖြန့်ချိခွင့်ပြုနိုင်သည်။

၉၁။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ရိုက်နှိပ်ထားသော စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်မိတ္တူ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာ မူပိုင်ခွင့်တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၉၂။ မူပိုင်ခွင့်တရားရုံးသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသော ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သော ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်၊ ဖျက်ဆီးစေရန် သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန် သင့်လျော်သည် ထင်မြင်သည့် စီမံခန့်ခွဲမှုအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

၉၃။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင်ပါရှိစေကာမူ စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာကို ပြည်သူလူထု၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ စာအုပ်စာတမ်းများ သို့မဟုတ် သင့်လျော်သော ဆောင်ရွက်ချက်များအတွက် နိုင်ငံတော်မှ အသုံးပြုနိုင်သည်။

၉၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဟု သတ်မှတ်သည်။

၉၅။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၉၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့် အေဂျင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၉၇။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၉၈။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

၉၉။ ဝန်ကြီးဌာနသည် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ၎င်း၏ မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

၁၀၀။ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ဗဟိုကော်မတီနှင့် အေဂျင်စီတို့သည် မူပိုင်ခွင့်ဥပဒေအားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

၁၀၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့သည် -

(၁) နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နေသော ဝန်ကြီးဌာနသည် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ဃ) အေဂျင်စီနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၁၀၂။ The Myanmar Copyright Act, 1914 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

*စာမျက်နှာ ၆ မှ*

အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် တင်သွင်းငွေ (deposit) ကို အငြင်းပွားသည့် ငွေပမာဏ၏ ၁၀ ရာခိုင်နှုန်းဝန်းကျင်ခန့် တင်သွင်းကြရသည်။ သက်သေခံချက်ပေးရန် အစရှိသည့် ကိစ္စများအတွက် မြန်မာနိုင်ငံနှင့် အနုညာတခုံရုံးရှိရာ နိုင်ငံအကြား ကူးချီသန်းချီသွားကြရသည်။ ဤသည်တို့အတွက် စရိတ်ကုန်ကျသည်။ ငွေရေးကြေးရေး ဝန်ထုပ်ဝန်ပိုးဖြစ်လာရသည်။ ဘာသာစကားသည်လည်း ကျွန်ုပ်တို့အတွက် အတားအဆီးတစ်ခုဖြစ်နိုင်သည်။ အချိန်သည်လည်း အရေးပါလှသည်။

အထက်ဖော်ပြပါ အချက်များကြောင့် ကျွန်ုပ်တို့သည် နိုင်ငံခြားအနုညာတ စီရင်ဆုံးဖြတ်ခြင်းကို သာမန်အားဖြင့် မတတ်နိုင်ကြပေ။ သို့အတွက် အငြင်းပွားမှု ဖြစ်လာပြီဆိုကတည်းက ကျွန်ုပ်တို့သည် အရှုံးပေါ်နေရပြီ။ သို့ဖြင့် နောက်ဆုံးတွင် ကျွန်ုပ်တို့သည် မလွှဲမရှောင်သာ သဘောထားကြီးလိုက်ကြရသည်။ သည်းညည်းခံလိုက်ကြရသည်။ ခွင့်လွှတ်လိုက်ကြရသည်။ ဤအကြောင်းများနှင့် အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းရန် အားပေးသော တည်ဆဲ ၂၀၁၆ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေတို့ကြောင့် UMFCCI အသင်းချုပ်ကြီး၏ ထီးအောက်တွင် မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်း ဗဟိုဌာန (Myanmar Arbitration Center - MAC) တည်ထောင်ရန် စိတ်ကူးမွေးဖွားလာခဲ့သည်။

မြန်မာအနုညာတ စီရင်ဆုံးဖြတ်ခြင်းဗဟိုဌာနကို တည်ထောင်ရာတွင် မဏ္ဍိုင်ကြီးသုံးရပ်စိုက်ထူရန် လိုအပ်သည်။ ပထမမဏ္ဍိုင်မှာ အနုညာတခုံရုံးများတွင် အသုံးပြုရန် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းဖြစ်၏။ အဆိုပါ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြီး ၁၁ လကြာမျှ အကြိမ်ကြိမ် ပြန်လည်စိစစ်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ပြီးနောက် ယခုအခါတွင် အသုံးပြုရန် အဆင်သင့်ဖြစ်နေပြီး ယင်းသည် ၂၀၁၆ အနုညာတ စီရင်ဆုံးဖြတ် ခြင်း ဥပဒေပုဒ်မ ၂၂ (က) နှင့် (ခ) တို့နှင့်အညီ ဖြစ်သည်။

ဒုတိယမဏ္ဍိုင်မှာ အနုညာတခုံရုံးများ၏ အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ရပ်ကို UMFCCI ၏ အမိုးအောက်တွင် ဖွဲ့စည်းရန်ဖြစ်၏။ ထိုအဖွဲ့အစည်းသည် အနုညာတဆုံးဖြတ်နည်းနှင့် ပတ်သက်၍ အနုညာတ ခုံလူကြီးများအား လေ့ကျင့်သင်တန်းပေးခြင်း၊ လက်မှတ်ပေးခြင်း၊ အနုညာတခုံရုံးအတွက် နေရာပေးခြင်း၊ အနုညာတခုံရုံးများတွင် ရုံးအဖွဲ့အဖြစ် ဆောင်ရွက်ပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။ မြန်မာအနုညာတဗဟိုဌာန ကုမ္ပဏီလီမိတက်ဟု အမည်ရသည့် ထိုအဖွဲ့အစည်းကို ခံဝန်ချက်ဖြင့် ဖွဲ့စည်းသော တာဝန်ရှိမှု ကန့်သတ်ထားသည့် ကုမ္ပဏီအဖြစ် ဖွဲ့စည်းပြီးဖြစ်သည်။ ယင်းကုမ္ပဏီအမျိုးအစားသည် မြန်မာနိုင်ငံတွင် ပထမဆုံးပေါ်ပေါက်သည့် ကုမ္ပဏီမျိုးဖြစ်နိုင်ပေသည်။ ယင်းတွင် ဒါရိုက်တာအဖွဲ့ဝင် ၁၂ ဦး ဖွဲ့စည်းပုံဥပဒေနှင့် UMFCCI ၏ အခွင့်အာဏာအပ်နှင်းမှု (Mandate) တို့ ရှိနေသည်။

တတိယမဏ္ဍိုင်မှာ ခုံသမာဓိလူကြီးများအား ရွေးချယ်ခြင်းနှင့် သင်တန်းပေးခြင်းဖြစ်၏။ UMFCCI ၏ ကွပ်ကဲမှုအောက်တွင် မြန်မာအနုညာတဗဟိုဌာနသည် စီးပွားရေးနယ်ပယ်များမှ ဝါရင့်ပုဂ္ဂိုလ်များကို ရွေးချယ်၍ သင်တန်းပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံး၍ ဆန်းစစ်ချက် အောင်မြင်သူများကို အနုညာတခုံလူကြီး အရည်အချင်းပြည့်မီကြောင်း လက်မှတ်ထုတ်ပေးမည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် အနုညာတဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ဆက်နွှယ်သော ဥပဒေဗဟုသုတတို့ ပို့ချပေးမည်ဖြစ်သည်။

မြန်မာအနုညာတဗဟိုဌာန တည်ထောင်ရန် လုပ်ငန်းစဉ်ကြီးတစ်ခုလုံးသည် ပြီးစီးသလောက် ဖြစ်နေပြီဖြစ်သဖြင့် UMFCCI သည် ယင်း၏ နှစ်တစ်ရာ သက်တမ်းပြည့်ဖြစ်သည့် ယခုနှစ်တွင် မြန်မာအနုညာတဗဟိုဌာနကို ဖွင့်လှစ်မည်ဖြစ်၏။ သမိုင်းတွင်မည့် မြန်မာအနုညာတ ဗဟိုဌာနကို မြန်မာနိုင်ငံ၏ စက်မှုနှင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု၏ ကွက်လပ်ကြီးကို ဖြည့်သည့်အနေဖြင့် မဝေးလှသော အနာဂတ်ကာလတွင် ကျွန်ုပ်တို့ တွေ့ရတော့မည်ဖြစ်သည်။ ။

---

## ကျေးရွာစက်ရေတွင်းသစ် တူးဖော်ပြီး၍ ရေတစ်ဂါလန် တစ်ကျပ်ခန့်နှုန်းဖြင့် ဖြန့်ဖြူးနေ

**ပွင့်ဖြူ ဇွန် ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် နဘဲကုန်းကျေးရွာ၌ စက်ရေတွင်းသစ်တူးဖော်ပြီးစီး၍ ရေတစ်ဂါလန်လျှင် တစ်ကျပ်မပြည့်သော နှုန်းထားဖြင့် ကျေးရွာနေပြည်သူများထံသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း အဆိုပါကျေးရွာ ရေကော်မတီထံမှ သိရသည်။

လက်ရှိအချိန်တွင် အဆိုပါစက်ရေတွင်းမှ တစ်နာရီလျှင် ရေဂါလန် ၁၃၅၀ မှ ဂါလန် ၁၅၀၀ အထိထွက်ရှိပြီး တစ်နေ့လျှင် ဂါလန် ၁၀၀၀၀ နီးပါး ထုတ်ယူသုံးစွဲနိုင်ကာ ကျေးရွာရှိ အိမ်ခြေ ၁၇၈ အိမ်မှ လူဦးရေ ၆၄၀ ဦးအနေဖြင့် ရေတစ်ဂါလန်လျှင် တစ်ကျပ်မပြည့်သောနှုန်းဖြင့် ကုန်ကျစရိတ်သက်သာစွာဖြင့် ရေရယူသုံးစွဲနိုင်ကြောင်း၊ ပြည်သူများရေသုံးစွဲမှုမှ ရရှိလာသည့် ငွေကြေးများကို စက်ရေတွင်းပြုပြင်ထိန်းသိမ်းစရိတ်အတွက် စုဆောင်းထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင် (မကွေး)**

# သီလဝါ အထွေထွေကုန်စည်နှင့် ကုန်သေတ္တာ တင်/ချ ဆိပ်ကမ်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁**

ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖြင့် သီလဝါဒေသရှိ အကွက်အမှတ် (၂၅) နှင့် (၂၆) တို့တွင် တည်ဆောက်ထားသည့် အထွေထွေကုန်စည်နှင့် ကုန်သေတ္တာ တင်/ချ ဆိပ်ကမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် Thilawa Multipurpose International Terminal Co.,Ltd ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများသည် ဆိပ်ကမ်းတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆိပ်ကမ်းဖွင့်လှစ်ပွဲ အခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက "ယနေ့ ဖွင့်လှစ်သည့်ဆိပ်ကမ်းသည် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၏ ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ ယခု Terminal Operator ဆောင်ရွက်သည့် Kamigumi ကုမ္ပဏီသည် ဂျပန်နိုင်ငံတွင်လည်း ဆိပ်ကမ်းလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင်လည်း ဆိပ်ကမ်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် Mr. Yasuhiro Shinohara တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်နှင့် Kamigumi Chairman, Mr. Masami Kubo တို့က လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် TMIT မှ မန်နေဂျင်းဒါရိုက်တာ Mr. Yukihiro Matsumoto က လုပ်ငန်းစတင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဂျပန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် TMIT ဆိပ်ကမ်း၏လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းအထိမ်းအမှတ် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(ယာအပေါ်ပုံ)** အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။




ယခုဖွင့်လှစ်သည့် ဆိပ်ကမ်းသစ်သည် အလျား ၄၀၀ မီတာ၊ အကျယ် ၄၀ မီတာရှိ Steel Jacket Type နည်းဖြင့် တည်ဆောက်ထားသည့် ပင်မတံတားနှင့် ချဉ်းကပ်တံတားသုံးစင်း အပါအဝင် ဆိပ်ကမ်းဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများဖြစ်သည့် Quay Crane နှစ်စင်း၊ RTG ခြောက်စင်း၊ Reach Stacker သုံးစင်း၊ Trailer ခြောက်စင်းနှင့် Chassis ခြောက်စင်းတို့အား ဝယ်ယူတပ်ဆင်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သီလဝါဆိပ်ကမ်းနယ်မြေရှိ International Bulk Terminal Thilawa (IBTT) ဆိပ်ကမ်း အကြိုဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ ယင်းနောက် IBTT ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဂျပန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများက IBTT ဆိပ်ကမ်း အကြိုဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် IBTT ဆိပ်ကမ်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Wilmar ဆိပ်ကမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# လှိုင်သာယာ-ပါရမီ ဘူတာသို့ပြေးဆွဲမည့် ရန်ကုန်မြို့ပြလူထု ရထားပို့ဆောင်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်း၍ ရန်ကုန်မြို့ပြ လူထုရထား ပို့ဆောင်ရေးစီမံကိန်းဖြစ်သည့် ရန်ကုန်မြို့ အရှေ့-အနောက် ဆက်သွယ်သွားလာနိုင်မည့် မိုးပျံရထားလမ်းကြောင်း အပိုင်း(၁) (လှိုင်သာယာ- ပါရမီ)အား အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အောင်မြေသာယာ စေတီတော်ဝင်းရှိ ဗိမာန်တော်ကြီးတွင် ယနေ့ နံနက်ပိုင်းက စီမံကိန်း လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူတို့နှင့်တွေ့ဆုံ၍ အသိပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစည်သူရှိန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဘို၊ မြန်မာ့မီးရထား (အောက်မြန်မာပြည်) မှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းနှင့် E Guard Environmental Services မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးသီဟတို့က ရန်ကုန်မြို့ပြ လူထုရထားပို့ဆောင်ရေးစီမံကိန်း ဧရိယာနှင့် အနီး ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း၊ မြေနေရာသိမ်းဆည်းခြင်းနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးသည်။

အဆိုပါစီမံကိန်းသည် လူဦးရေအများဆုံးနေထိုင်ရာ လှိုင်သာယာမြို့နယ်မှ ပြည်သူများနှင့်ဆက်စပ်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများ ရန်ကုန်မြို့တွင်းသို့ ခရီးသွားလာရာတွင် ယာဉ်ကြောကျပ်တည်းမှု ကင်းဝေးစေလျက် အချိန်တိုအတွင်း ရန်ကုန်မြို့တွင်းသို့ သွားလာနိုင်ရန် အနာဂတ်ခရီးသွားလာမှု မြန်ဆန်ချောမွေ့စေရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဖော်ဆောင်ခြင်းဖြစ်သည်။

"လှိုင်သာယာကနေ တိုးကြောင်လေး ဘူတာကို ၃၅ မိနစ်အတွင်း ရောက်ရှိပြေးဆွဲဖို့ ရှိပါတယ်။ စီမံကိန်းကို တင်ပြတဲ့အခါမှာ မိဘပြည်သူတွေ လက်ခံတဲ့အတွက် ဝမ်းသာပါတယ်။ လှိုင်သာယာဘူတာကနေ မိုးပျံရထားတံတားကို ၄၅ ပေအမြင့်နဲ့ စတင်တည်ဆောက်မှာပါ။ လှိုင်မြစ်ကူးဘုရင့်နောင်တံတားတောင်ဘက်ကနေ ဖြတ်သန်းပြီး ပါရမီဘူတာအထိ Face-1 ကို ဆောင်ရွက်မှာပါ။ ၂၀၂၂ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ပြီးတော့ ၂၀၂၇ ခုနှစ်မှာ စီမံကိန်းပြီးစီးပါမယ်။ ဂျပန်နိုင်ငံကချေးငွေနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု မြန်မာ့မီးရထား (အောက်မြန်မာပြည်) မှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

ရန်ကုန်မြို့နေ ပြည်သူများ တောင်-မြောက် ခရီးသွားလာမှုတွင် YCR နှင့် YBS တို့ဖြင့် အဆင်ပြေချောမွေ့လျက်ရှိသော်လည်း အရှေ့-အနောက် ရွေ့လျားသွားလာမှုတွင် ရန်ကုန်-ပုသိမ် လမ်းနှင့် ပါရမီလမ်းတို့တွင် ကန့်သတ်ချက်များရှိနေ၍ ယခုစီမံချက်ကို ဖော်ဆောင်ခြင်းဖြစ်ပြီး စီမံကိန်းပြီးစီးပါက အရှေ့-အနောက် လမ်းကြောင်းတွင် ခရီးသွားလာမှု ၈၀ ရာခိုင်နှုန်းအထိ အသုံးပြုနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့ပြ လူထုရထားပို့ဆောင်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း၊ စီမံကိန်းသက်ရောက်မည့်ဧရိယာအား စစ်တမ်းကောက်ယူခြင်းလုပ်ငန်းနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက စီမံကိန်းလမ်းအူကြောင်းတစ်လျှောက်ရှိ ပြည်သူတို့အား အသိပေးရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်သူများကလည်း သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ - ဥသာ**



မိုးပျံရထားလမ်းကြောင်းအပိုင်း(၁) (လှိုင်သာယာ-ပါရမီ) အား အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ပြည်သူတို့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

---

# ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇွန် ၁**

၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကျင်းပခြင်းဖြစ်ပြီး ပထမပိုင်းတွင် အထိမ်းအမှတ်အခမ်းအနားနှင့် ဒုတိယပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲတို့ဖြင့် နှစ်ပိုင်းခွဲ၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

# (၇၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇွန် ၁**

ဇွန်လ ၉ ရက်နေ့တွင်ကျရောက်မည့် (၇၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၈ ရက်မှ ၉ ရက်အထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အများပြည်သူများနှင့် ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ်ထက်သန်စေရန်ရည်ရွယ်၍ အထိမ်းအမှတ်လှုပ်ရှားမှုအဖြစ် စာတမ်းဖတ်ပွဲများနှင့် မော်ကွန်းပြခန်းများတွင် နိုင်ငံတော်၏အမွေအနှစ် အထောက်အထားမှတ်တမ်းများကို ခင်းကျင်းပြသသွားမည်ဖြစ်၍ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

# မန္တလေးမြို့၌ အကြိမ်(၂၀)မြောက် အာဆီယံနှင့်အခြားနိုင်ငံများ သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၁**

အကြိမ်(၂၀)မြောက် အာဆီယံနှင့် အခြားနိုင်ငံများ သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ မန္တလေးမြို့ မန္တလာသီရိ ဘက်စုံသုံးအားကစားရုံ၌ ဇွန် ၉ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ရှစ်နိုင်ငံနှင့် အိန္ဒိယ၊ မွန်ဂိုလီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပြိုင်ပွဲဝင်အားကစားသမား ၆၅ ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **မောင်လူမော်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❒ *ကျောဖုံးမှ*

ကရင်ပြည်နယ်အသင်း၊ Best Robot Design Award ကို ကယားပြည်နယ်အသင်း၊ Best Program Award ကို စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ Best Driving Team Award ကို ပဲခူးတိုင်းဒေသကြီးအသင်း၊ Best Strategy Team Award ကို ရခိုင်ပြည်နယ်အသင်း၊ Myanmar Roboleague Winner Award 2019 ဆုကို ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအသင်းတို့အား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

"ဒီပြိုင်ပွဲမှာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအချင်းချင်း တွေ့ဆုံပြီး အသိပညာဗဟုသုတတွေ၊ သင်ကြားထားတဲ့အတွေ့အကြုံတွေ ဖလှယ်နိုင်ဖို့၊ အချင်းချင်းနားလည်ယုံကြည်မှု ပူးပေါင်းလုပ်ဆောင်မှုတို့ကို မြှင့်တင်နိုင်ဖို့ ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူလူငယ်တွေကို STEM (Science Technology Engineering Mathematics) ပညာရပ်တွေ သင်ကြားပေးတာဟာ အင်မတန်မှ အရေးကြီးပါတယ်။ First Global စက်ရုပ်ပြိုင်ပွဲကြီးဟာ မြန်မာကျောင်းသားလူငယ်တွေအတွက် သူတို့ရဲ့ နည်းပညာကျွမ်းကျင်မှုကို ကမ္ဘာကသိအောင် ထုတ်ဖော်ပြသဖို့ အကောင်းဆုံးအခွင့်အရေးဖြစ်ပါတယ်"ဟု ဖန်တီးရာ၏ CEO Jes Kaliebe Petersen က ပြောသည်။

အဆိုပါ Myanmar RoboLeague(ဖန်တီးရာ)မှ မြန်မာနိုင်ငံကိုယ်စားပြု ၂၀၁၇ တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့၌ ကျင်းပခဲ့သော First Global Robotics Challenge ပြိုင်ပွဲ၌ နိုင်ငံပေါင်း ၁၅၇ နိုင်ငံတွင် အဆင့်ခြောက် အာရှနိုင်ငံများတွင် အမှတ်အများဆုံး ရရှိခဲ့ပြီး ၂၀၁၈ မက္ကစီကိုနိုင်ငံ၌ ကျင်းပသည့်ပြိုင်ပွဲ၌ နိုင်ငံပေါင်း ၁၈၆ နိုင်ငံတွင် အဆင့် ၆၄ ရရှိခဲ့ကြောင်း သိရသည်။

**အာကာစိုး**

# တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်း ပြိုင်ပွဲဗိုလ်လုပွဲများကို မေလနောက်ဆုံးပတ် မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ သုဝဏ္ဏပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲပြိုင်ပွဲများ၌ အမျိုးသမီးသုံးယောက်တွဲတွင် ကွမ်းခြံကုန်းမြို့နယ်အသင်းက တွံတေးမြို့နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့် လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲတွင် သာကေတမြို့နယ်အသင်းက သန်လျင်မြို့နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။ ပြိုင်ပွဲများအပြီး အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးသုံးယောက်တွဲ၊ အမျိုးသားသုံးယောက်တွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် အကောင်းဆုံးဆုရရှိကြသူများအား အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး



ဦးစိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ၌ တံခွန်စိုက်ဖလား ရရှိသွားသော ကွမ်းခြံကုန်းမြို့နယ်အသင်းအား တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲတွင် တံခွန်စိုက်ဖလားရရှိသွားသော သာကေတမြို့နယ်အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက လည်းကောင်း ဆုချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ယင်းပြိုင်ပွဲကို မေ ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ရာ မြို့နယ် ၄၂ မြို့နယ်မှ အမျိုးသား ၄၂ သင်း၊ အမျိုးသမီးခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီနှင့် YREO အသင်း အနိုင်ရ

**ရန်ကုန် ဇွန် ၁**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) ပထမနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံမြဝတီနှင့် YREO အသင်း အနိုင်ရခဲ့သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက တက္ကသိုလ်အသင်းကို ၁၅ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရေး လက်ကျန်မျှော်လင့်ချက်အတွက် အားကုန်ထုတ်ကစားခဲ့ပြီး ဇယားအောက်ဆုံးမှ တက္ကသိုလ်အသင်းကို ၁၅ ဂိုးပြတ် အနိုင်ရခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို အေးမြတ်ခိုင်က ၂၀၊ ၃၁၊ ၄၈၊ ၈၁၊ ၈၃ မိနစ်တွင် ငါးဂိုး၊ မေသူကျော်က ၈၊ ၂၃၊ ၆၆၊ ၇၁ မိနစ်တွင် လေးဂိုး၊ လှယဉ်ဝင်းက ၁၀၊ ၃၃၊ ၅၂ မိနစ်တွင် သုံးဂိုး၊ အေးမျိုးမြတ်က ၁၅၊ ၄၉ မိနစ်တွင် နှစ်ဂိုးသွင်းယူခဲ့ပြီး ကျန်တစ်ဂိုးမှာမူ ၄၂ မိနစ်တွင် တက္ကသိုလ်အသင်းမှ နန်းချိုချိုနိုင် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် YREO အသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ YREO အသင်းသည် ဒုတိယအကျော့တွင် လေးပွဲမြောက်နိုင်ပွဲရယူပြီး အဆင့် (၄) နေရာရရန် သေချာသွားခဲ့သည်။ ခြေစွမ်းအရ ကွာခြားမှုမရှိသည့်နှစ်သင်း တွေ့ဆုံသောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး မိနစ် ၄၀ တွင် သဇင်အောင်က YREO အသင်းအတွက် ဂိုးစသွင်းကာ ၇၃ မိနစ်တွင် ဆွေမာအောင်က ဒုတိယဂိုးထပ်သွင်းခဲ့သည်။ ဇွဲကပင်အသင်းအတွက် ချေပဂိုးကို ၇၅ မိနစ်တွင် ဇင်မာထွန်းက သွင်းယူခဲ့သည်။

ပွဲစဉ် (၁၃) ဒုတိယနေ့ကို ဇွန် ၂ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ ဂန္ဓမာအသင်းနှင့် သစ္စာအားမာန်အသင်း၊ တောင်ဒဂုံကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် အား/ကာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

◆ *ကျောဖုံးမှ*

ပြည့်ဖြိုးဇော် (ရန်ကုန်)၊ ဝင်းမိုးကျော် (မကွေး)၊ ဒေးဗစ်ဒန်း၊ နန္ဒကျော် (ရှမ်းယူနိုက်တက်)၊ သိန်းသန်းဝင်း (ရတနာပုံ)၊ ချမ်းငြိမ်း (ရခိုင်)၊ **အလယ်တန်း**-ရန်အောင်ကျော်၊ မောင်မောင်လွင် (ရန်ကုန်)၊ အောင်လှိုင်ဝင်း (စစ်ကိုင်း)၊ ရန်နိုင်အောင် (ဟံသာဝတီ)၊ လှိုင်းဘိုဘို၊ ရဲကိုဦး (ရတနာပုံ)၊ ဆွမ်လမန် (ရှမ်းယူနိုက်တက်)၊ စည်သူအောင် (ချောင်ဘူရီ)၊ **ရှေ့တန်း**-ကျော်ကိုကို (ဆာမတ်ပရာခန်)၊ အောင်သူ (မြောင်တောင်)၊ သန်းထက်အောင် (ဆာမတ်ဆာခွန်)၊ ဇင်မင်းထွန်း (ရှမ်းယူနိုက်တက်) နှင့် ဝင်းနိုင်စိုး (ရတနာပုံ) တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် MIU၊ VUC၊ ရွှေမြဝတီနှင့် GV Athletic အသင်းတို့ ဆီမီးဖိုင်နယ်တက်ရောက်

**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉ MFF Open Cup ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းကစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ လက်ရှိချန်ပီယံ MIU၊ VUC၊ ရွှေမြဝတီနှင့် GV Athletic အသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များတွင် GV Athletic အသင်းက MIU Legend အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ VUC အသင်းက Winner Futsal အသင်းကို လေးဂိုး-နှစ်ဂိုး၊ ရွှေမြဝတီအသင်းက မြို့မ YTD အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ လက်ရှိချန်ပီယံ MIU အသင်းက ON Doctor အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုများကို ပြည့်ဖြိုးမောင် (၃) (MIU)၊ သီဟအောင် (ရွှေမြဝတီ)၊ ငြိမ်းမင်းစိုး (VUC) နှင့် ကောင်းချစ်သူ (GV Athletic) တို့ ရရှိခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ MIU အသင်းနှင့် ရွှေမြဝတီအသင်း၊ VUC အသင်းနှင့် GV Athletic အသင်းတို့ တွေ့ဆုံနေသည်။

**ရဲရင့်ရှိန်း**

❋ *ကျောဖုံးမှ*

ရခိုင်အသင်းတိုက်စစ်တွင် နိုင်ငံခြားသားတိုက်စစ်မှူး ဆင်မြူရယ်ပြန်ပါလာ၍ ကစားပုံပိုကောင်းလာပြီး ရှမ်းဂိုးပေါက်ကို ပြန်လည်ခြိမ်းခြောက်နိုင်ခဲ့သည်။ ၂၆ မိနစ်တွင် ရခိုင်အသင်း အနိုင်ဂိုးရခဲ့ပြီး ပြစ်ဒဏ်ဘောမှ ပြန်လျှံထွက်လာသောဘောလုံးကို ဆင်မြူရယ်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းကတည်းက ချေပဂိုးပြန်ရနိုင်သည့် အခွင့်အရေးများ ပြန်ရသော်လည်း အဆုံးသတ်အားနည်းခဲ့၍ နစ်နာခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဆွမ်လမန်၊ မက်ဆီမင်၊ နန္ဒကျော်တို့ကိုထည့်ကာ ကစားအားမြှင့်ခဲ့ပြီး ဂိုးပြန်ရနိုင်သည့် အခွင့်အရေးများလည်း ဖန်တီးနိုင်ခဲ့သည်။ လူစားဝင်ကစားသမားများဖြစ်သည့် မက်ဆီမင်နှင့် ဆွမ်လမန်တို့ ဂိုးသွင်းခွင့်များရသော်လည်း အသုံးမချနိုင်၍ ချေပဂိုးနှင့် လွဲချော်ခဲ့သည်။

ဆီမီးဖိုင်နယ် ဒုတိယအကျော့ (ဒုတိယနေ့)ကို ဇွန် ၂ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် YUSC ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ကွန်တီအား အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်သည့် အင်တာမီလန်**

အင်တာမီလန်အသင်းသည် စပယ်လက်တီအား နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီးနောက် အန်တိုနီယိုကွန်တီအား အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ကွန်တီ (၄၉နှစ်) သည် ချယ်လ်ဆီးအသင်းအား နှစ်နှစ်ကြာကိုင်တွယ်ခဲ့သူဖြစ်ပြီး ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားတို့ကို ရရှိအောင်စွမ်းဆောင်ပေးထားနိုင်ကြောင်း ဖော်ပြထားသည်။

**ဟာဇက်အား ပေါင် ၁၀၆ သန်းဖြင့် ကမ်းလှမ်းသွားရန် ပြင်ဆင်**

ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံကစားသမား ဟာဇက် (၂၈နှစ်) အား ပေါင် ၁၀၆ သန်းဖြင့် ကမ်းလှမ်းသွားရန် ပြင်ဆင်နေကြောင်း တယ်လီဂရပ်တွင် ဖော်ပြထားသည်။

**နေမာသည် ဘာစီလိုနာအသင်းတို့ ပြန်သွားလို**

ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား နေမာ (၂၇နှစ်) သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းသို့ ပြန်သွားလိုကြောင်း စပိန်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**လူကာကူအား အသင်းပြောင်းရွှေ့ခွင့်ပြုဖွယ်ရှိ**

မန်ယူအသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ အသက် (၂၆ နှစ်)အရွယ် ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား လူကာကူအား အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ခွင့်ပြုဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဆာနေးအတွက် ကမ်းလှမ်းမှု တစ်ရပ်အား မန်စီးတီးပယ်ချ**

မန်စီးတီးအသင်းသည် အသင်းမှ အသက် (၂၃ နှစ်) အရွယ် ဂျာမနီတောင်ပံကစားသမား ဆာနေးအား ဘိုင်ယန်မြူးနစ်အသင်း၏ ပေါင်သန်း ၇၀ ဖြင့် ကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချလိုက်ကြောင်း ဂါးဒီးယန်းတွင် ဖော်ပြထားသည်။

**ကန်ဆယ်လိုအား ပေါင် ၅၃ သန်းဖြင့် ကမ်းလှမ်းလိုက်သည့် မန်စီးတီး**

မန်စီးတီးအသင်းသည် ဂျူဗင်တပ်စ်အသင်းမှ အသက် (၂၅ နှစ်) အရွယ် ပေါ်တူဂီနောက်ခံကစားသမား ကန်ဆယ်လိုအား ပေါင် ၅၃ သန်းဖြင့် ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်လိုက်ကြောင်း အီတလီအခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ဂျိမ်းရိုဒရီဂွက်ဇ်သည် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် တံ့ဆိုင်း**

ရီးရဲမက်ဒရစ်အသင်းမှ ကိုလံဘီယာတိုက်စစ်ကစားသမား ဂျိမ်းရိုဒရီဂွက်ဇ် (၂၇နှစ်) သည် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် တုံ့ဆိုင်းနေကြောင်း မာကာတွင် ဖော်ပြထားသည်။

**အက်စ်တွန်ဗီလာအသင်း အာတာအား ခေါ်ယူလိုနေ**

ပရီမီယာလိဂ်သို့ တန်းတက်လာသော အက်စ်တွန်ဗီလာအသင်းသည် ဘုန်းမောက်ကွင်းလယ်ကစားသမား ဟယ်ရီအာတာ (၂၉ နှစ်)အား ခေါ်ယူလိုနေသော်လည်း ဖူလ်ဟမ်၊ စတုတ်စီးတီးအသင်းတို့နှင့် အပြိုင်ကမ်းလှမ်းသွားရဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# မောင်တောမြို့နယ်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦးနှင့် အမျိုးသား သုံးဦးကို ရွှေထည်ပစ္စည်းများနှင့်အတူဖမ်းမိ

**နေပြည်တော် ဇွန် ၁**

မောင်တောမြို့နယ်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦးနှင့် အမျိုးသားသုံးဦးတို့ကို ယမန်နေ့ မွန်းလွဲပိုင်းက ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နတ်မြစ်အတွင်း၌ တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ သယ်ယူပို့ဆောင်နေကြောင်း သတင်းအရ အမှတ်(၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ၊ အောင်ဗလ ချောင်းဝရဲကင်းစခန်းမှ ဒုရဲအုပ် အောင်ဖြိုးနှင့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ မောင်တောမြို့နယ် နယ်မြေ(၆) နတ်မြစ်အတွင်း အောင်ဗလချောင်းဝအနီးကမ်းစပ်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အလံပါ စက်လှေတစ်စင်းသည် ဝါးဖောင်တစ်ခုကို မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ တွန်းယူနေသည်ကို တွေ့ရှိသဖြင့် အောင်ဗလချောင်းဝရဲကင်းစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့သည်။

စက်လှေပေါ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘာလူခါလီ ဒုက္ခသည်စခန်းနေ ဆော်ဒူလာမိန် (ယခင်မောင်တောမြို့နယ်၊ အောင်စစ်ပြင်ကျေးရွာအုပ်စု၊ ဘူဘာကျေးရွာနေသူ)အပါအဝင် အမျိုးသား သုံးဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာဖ်မြို့၊ ဇိုက်လားကျေးရွာနေ နိုရ်အာလောင်ပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦးတို့ကို ရွှေဆွဲကြိုး ကိုးကုံး၊ ဟန်းချိန်း တစ်ကွင်း၊ ဘယက် တစ်ကုံး၊ ဆံညှပ်တစ်ခု၊ လက်ကောက် ကိုးကွင်း၊ ဆွဲပြား ၁၀ ပြား၊ လက်စွပ် ၁၂ ကွင်း၊ နားကွင်း လေးကွင်း၊ နားကပ်တစ်ရံ၊ နားသီး ၁၀ ရံ၊ နားဆွဲ ၁၀ ရံ၊ စုစုပေါင်း ရွှေထည်ပစ္စည်းမျိုးစုံ ၂၄ ကျပ်သား ၁၂ ပဲ(တန်ဖိုး-စိစစ်ဆဲ) နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

စစ်မေးရာ မောင်တောမြို့နယ် မြို့မကညင်တန်းရပ်နေ အဏ္ဏာဝါဟူဆိမ်းမှ ရွှေထည်ပစ္စည်းများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ရန် သို့ဝှက်သယ်ဆောင်၍ အမှတ်(၁) ဝင်/ထွက် စစ်ဆေးရေးဂိတ်မှ တရားဝင်ထွက်ခွာခဲ့ပြီး စက်လှေ တစ်စင်းဖြင့် နတ်မြစ်အတွင်း လာရောက်ကာ ၎င်းတို့ထံသို့ ရွှေထည်ပစ္စည်းများအား လွှဲပြောင်းပေးအပ်၍ တိမ်းရှောင်သွားကြောင်း သိရသဖြင့် ဆော်ဒူလာမိန်ပါ ငါးဦးနှင့် အဏ္ဏာဝါဟူဆိမ်းတို့ကို ပြင်ဖြူနယ်မြေရဲစခန်းက (ပ)၁၈/၂၀၁၉၊ ပို့ကုန်/သွင်းကုန် ဥပဒေ ပုဒ်မ ၈ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



## မြန်မာ့ရုပ်မြင်သံကြား

၂-၆-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၁၀ - အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ်ပတ်ကြစို့
- ၈း၁၅ - "ဘဒ္ဒန္တဂုဏိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ကံသုံးဆင့်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း"
- ၉း၃၀ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၁း၃၀ - BBC ခံစားကြည့်
- ၁၂း၃၀ - အပူဒဏ်အန္တရာယ် ကာကွယ်ရေး
- ၁၂း၃၅ - တိပိဋကရေ တိပိဋကကောဝိဒ ဘဒ္ဒန္တဝီရိယာနန္ဒ ဟောကြားသော "ရဟန်းတစ်ပါးကြွလာသည်"တရားတော်
- ၁၃း၁၅ - This Week's Special Interest
- ၁၃း၃၀ - မြန်မာဂန္ထဝင်ရုပ်ရှင် "နုနုငယ်ငယ်" (ကျော်ဟိန်း၊ စန္ဒာ၊ ကြည်ကြည်ဌေး) (ဒါရိုက်တာ-တင်အောင်မြင့်ဦး)

**ညပိုင်း**

- ၁၆း၂၀ - လျှင်ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (ကျောင်းစာသင်ခန်း)
- ၁၈း၅၅ - လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း- ၁၀၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - အန္တရာယ်ကြီးမား မူးယစ်ဆေးဝါး
- ၂၀း၃၅ - "ထူးခြားထင်ရှား နောင်ချိုမြို့က ဂုတ်ထိပ်တံတား"
- - "တစ်ပါးသီလ-၂"



ချစ်စန်းမောင်အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# အင်းတော်၊ မြိတ်နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁**

အင်းတော်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၁ ရက် ည ၁၀ နာရီ ၁၅ မိနစ်က အင်းတော် မြို့နယ် နဘားပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ချစ်စန်းမောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၆ ဒသမ ၇၁ ကီလို၊ ဖုန်းတစ်လုံးနှင့် ငွေကျပ် ၂၀ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၈ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် ပပြင်ကျေးရွာအုပ်စု ပပြင်ရွာမကျေးရွာနေ စောမောင်ငယ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၀ ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ နံနက် ၁၁ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ပန်လော့ကျေးရွာနေ အားဖြန့်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၄ ပြား၊ ဖုန်းတစ်လုံးနှင့် တူမီးသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တောင်ငူ-လွိုင်ကော် တောင်ပေါ်ကားလမ်းတွင် ယာဉ်တစ်စီး တိမ်းမှောက်မှုကြောင့် အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦး သေဆုံး

**တောင်ငူ ဇွန် ၁**

တောင်ငူ-လွိုင်ကော်ကားလမ်း ကွမ်းပင်ကျေးရွာအုပ်စု ထုံးဘိုကြီးကျေးရွာ မိုင်တိုင် ၁၆/၄ နှင့် ၅ အကြားတွင် မေ ၃၁ ရက် ည ၇ နာရီခွဲခန့်က ယာဉ်တစ်စီး အရှိန်လွန် တိမ်းမှောက်မှုဖြစ်ခဲ့ရာ အမျိုးသမီး နှစ်ဦးနှင့် အမျိုးသားတစ်ဦး သေဆုံး၍ အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦး (စိုးရိမ်ရ)ဒဏ်ရာများ ရရှိသွားကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်း သတင်းအရ တောင်ငူယာဉ်ထိန်းတပ်ဖွဲ့စု(၁၂)မှ ရဲအုပ်မိုးနောင်ဦးစီးအဖွဲ့နှင့် အမှတ်(၃) နယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် ခင်သက်မွန် ဦးစီးအဖွဲ့တို့ ပူးပေါင်း၍ သွားရောက်စစ်ဆေးခဲ့ရာ တောင်ငူ-လွိုင်ကော် ကားလမ်းအတိုင်း လွိုင်ကော်ဘက်မှ တောင်ငူဘက်သို့ ဖြူးမြို့နယ်နေ မျိုးသူ (၃၂ နှစ်) မောင်းနှင်လာသော ယာဉ်သည် လမ်းဘေးတွင် ရပ်တန့်ထားသည့် သုံးဘီးဆိုင်ကယ်အား ဝင်တိုက်မိခဲ့ပြီး လမ်းဘေးတဲအိမ်ကို ဆက်လက်အရှိန်လွန် ဝင်ရောက်တိုက်မိကာ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ယာဉ်တိမ်းမှောက်မှုကြောင့်တောင်ငူမြို့နေ ဒေါ်ခင်ဝင်းကြည်(၅၂ နှစ်)၊ မသိန်းသိန်းမော် (၄၈ နှစ်)၊ မောင်ချစ်စန်းမောင်(၂၅နှစ်)တို့ သုံးဦးသည် ရရှိသည့် ဒဏ်ရာများဖြင့် နေရာ၌ သေဆုံးခဲ့ပြီး အမျိုးသားငါးဦး၊ အမျိုးသမီးတစ်ဦးတို့မှာ(စိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့၍ ယာဉ်မောင်း မျိုးသူကို တောင်ငူအမှတ်(၃) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# မားကိုင်အုပ်စုဖွဲ့၍ ခရီးသွားပြည်သူများအား ခြိမ်းခြောက်ရန်ပြုသူများကို လှည်းကူး၌ ဖမ်းဆီး

**လှည်းကူး ဇွန် ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျွန်းကုန်းလမ်းဆုံအနီး လှည်းကူး-ဒါးပိန်ကားလမ်းပေါ်တွင် ဓားကိုင်အုပ်စုဖွဲ့၍ ခရီးသွားပြည်သူများအား ခြိမ်းခြောက်တားဆီးရန်ပြုနေသူများကို မေ ၃၁ ရက် ည ၇ နာရီခွဲခန့်က မြို့နယ်ရဲတပ်ဖွဲ့မှ ဝင်ရောက်ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းကုန်းလမ်းဆုံအနီး လှည်းကူး-ဆားတလင်း-ဒါးပိန်ကားလမ်းပေါ်တွင် ဓားကိုင်အုပ်စုဖွဲ့၍ ခရီးသွားပြည်သူများအား ခြိမ်းခြောက်တားဆီးရန်ပြုကာ ရမ်းကားနေသည်ကို ဒုရဲအုပ်ကျော်စိုးဟိန်း ဦးစီးတပ်ဖွဲ့ဝင်များက သွားရောက်ဟန့်တားရာ ၎င်းတို့ငါးဦးအနက် ဇော်မင်းသိန်း၊ ပီချေး(ခ)မျိုးဇင်လတ် (၃၀ နှစ်ခန့်)၊ အောင်နိုင်(၅၀ နှစ်)တို့မှာ ရဲတပ်ဖွဲ့ဝင်များအား ရန်ပြုခုခံသဖြင့် ဒုရဲအုပ် ကျော်စိုးဟိန်းက သေနတ်ဖြင့် တစ်ချက် ခြောက်လှန့်ပစ်ခတ်ရာ အနီးရှိ အောင်နိုင်က ဒုရဲအုပ်ကျော်စိုးဟိန်းကို ဝင်ရောက်လုံးထွေးသဖြင့် ၎င်း၏ ဝဲဘက်လက်ခုံကို ထိမှန်ပြီး ဒဏ်ရာရရှိခဲ့ကာ လှည်းကူးဆေးရုံသို့ တင်ပို့ကုသထားကြောင်း၊ ဇော်မင်းသိန်း၊ သက်ပိုင်မျိုးဦး(ခ)သံချောင်း၊ ကျော်နိုင်ထွန်းတို့ကို ဖမ်းဆီးရမိခဲ့ပြီး ဇော်မင်းသိန်းထံမှ ဓားတစ်ချောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အများပြည်သူနှင့်ဆိုင်သော နေရာတွင် ငြိမ်ဝပ်ပိပြားရေးကို ပျက်ပြားစေရန်အလို့ငှာ လူ့အသက်ကို ဘေးအန္တရာယ်ဖြစ်စေသည့် လက်နက်စွဲကိုင်ရမ်းကားသူ ဇော်မင်းသိန်း(၃၇နှစ်)နှင့် အားပေးကူညီသူ သက်ပိုင်မျိုးဦး(ခ)သံချောင်း (၂၆နှစ်)၊ ကျော်နိုင်ထွန်း(၂၄နှစ်)၊ ဒဏ်ရာရရှိသူ အောင်နိုင်(၅၀ နှစ်)နှင့် ထွက်ပြေးတိမ်းရှောင်သွားသူ ပီချေး(ခ)မျိုးဇင်လတ်တို့ကို လှည်းကူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

# ပျဉ်းမနားမြို့နယ်၌ ခင်ပွန်းက ရိုက်နှက်သည့်အတွက် ဇနီး သေဆုံး

**ပျဉ်းမနား ဇွန် ၁**

နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် လင်မယားချင်း စကားများရန်ဖြစ်ရာမှ ခင်ပွန်းဖြစ်သူမှ ဇနီးကို သနပ်ခါးတုံးဖြင့် ရိုက်နှက်သည့်အတွက် ဇနီးသည် သေဆုံးမှုဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၆ ရက် ည ၈ နာရီခန့်က မလမင်းအိပ်(၃၈ နှစ်)နှင့် ခင်ပွန်းဖြစ်သူ ဇေယျာလတ် (၃၂ နှစ်)တို့မှာ ၎င်းတို့နေထိုင်သည့် ပျဉ်းမနားမြို့ကင်ပွန်းတန်းအုပ်စု ပျဉ်းမနား-သကြားစက်သွားလမ်း EPC ဝင်းအတွင်းရှိ နေအိမ်တွင် လင်မယားချင်း စကားများရာမှ ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူကို ရိုက်နှက်၍ဒဏ်ရာများရရှိကာ ဆေးရုံသို့တက်ရောက်ကုသခံယူစဉ် ယနေ့နံနက် ၅ နာရီခွဲတွင် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သမီးဖြစ်သူ မလမင်းအိမ်ကို သေဆုံးသည့် တိုင်အောင် ရိုက်နှက်သည့် သမက်ဖြစ်သူ ဇေယျာလတ်ကို အရေးယူပေးပါရန် မလမင်းအိမ်၏ ဖခင်ဖြစ်သူက ပျဉ်းမနားမြို့မရဲစခန်းသို့ တိုင်တန်းသည့်အတွက် ပျဉ်းမနားမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကလော၌ လူနေအိမ်အိပ်ခန်း မီးလောင်မှုဖြစ်ရာ လူတစ်ဦးသေဆုံး

**ကလော ဇွန် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အမှတ်(၃)ရပ်ကွက် ရွာသစ်၌ မေ ၃၁ ရက်က မီးလောင်မှုဖြစ်ရာ လူတစ်ဦးသေဆုံးကြောင်း သိရသည်။ ဖြစ်စဉ်မှာ အိမ်ရှင် ဦးဝင်းဖေ (၅၄ နှစ်) သစ်တောဝန်ထမ်း(ငြိမ်း)မှာ နေအိမ်အပေါ်ထပ်ရှိ အိပ်ခန်းအတွင်း ဖယောင်းတိုင် မီးထွန်းကာ အိပ်ပျော်သွားခဲ့ပြီး ယင်းမီးမှတစ်ဆင့် မီးစွဲကာ မီးလောင်မှုဖြစ်ခဲ့ကြောင်းနှင့် ဦးဝင်းဖေမှာ အောက်ပိုင်းလေဖြတ်ထားသဖြင့် မီးလောင်ဒဏ်ရာများရရှိ သေဆုံးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ထိုင်းနိုင်ငံ ဝန်ကြီးချုပ်သစ်ကို ဇွန် ၅ ရက်တွင် ရွေးချယ်မည်

**ဗန်ကောက် ဇွန် ၁**

ထိုင်းနိုင်ငံတွင် လာမည့် ဇွန် ၅ ရက်တွင် ဝန်ကြီးချုပ်သစ်ရွေးချယ်မည်ဖြစ်ကြောင်း အောက်လွှတ်တော်ဥက္ကဋ္ဌ ချွန်လိခ်ပိုင်က ယမန်နေ့က ပြောလိုက်သည်။

ဝန်ကြီးချုပ်သစ်ရွေးချယ်ပွဲတွင် အောက်လွှတ်တော်ကိုယ်စားလှယ်များနှင့် အထက်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပူးတွဲအစည်းအဝေး တက်ရောက်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ချွန်က ပြောသည်။ မဲပေးခြင်းကိစ္စကို အစည်းအဝေးတက်ရောက်သူများကို အခြေခံကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဖြစ်လာမည့်သူသည် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်၊ လွှတ်တော်နှစ်ရပ်ပေါင်း အနည်းဆုံး အမတ် ၃၇၆ ဦး၏ ထောက်ခံမှု လိုအပ်မည်ဖြစ်သည်။

အဆိုပါရွေးချယ်ပွဲတွင် အထက်လွှတ်တော်အမတ်အများစု ထောက်ခံမှုရရှိနိုင်သည့် လက်ရှိဝန်ကြီးချုပ် ပရာယုချန်အိုချာအနေဖြင့် အနိုင်ရနိုင်ခြေရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံဘုရင် မဟာဗာဂျီရာလောင်ကွန်းက အောက်လွှတ်တော်၏ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အထက်လွှတ်တော်၏ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးတို့၏ အမည်စာရင်းများကို ခွင့်ပြုခဲ့ပြီဖြစ်ကြောင်း တော်ဝင်ဂေဇက်ဝက်ဆိုက်တွင် ထုတ်ပြန်ထားသည်။

တော်ဝင်ခွင့်ပြုချက်အရ ဝန်ကြီးချုပ်ဟောင်းဖြစ်သူ ဒီမိုကရက်ပါတီမှ ချွန်လိခ်ပိုင်အား အောက်လွှတ်တော် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပါလန်ပရာချရတ်ပါတီမှ စူချတ်တန်ချာရိုယန်နှင့် စူပါချိုင်ဖိုစူတို့ကို အောက်လွှတ်တော် ဥက္ကဋ္ဌ ၁ နှင့် ၂ အဖြစ် လည်းကောင်း အသီးသီးအမည်စာရင်း တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒီမိုကရက်ပါတီမှ ချွန်သည် အောက်လွှတ်တော်ဥက္ကဋ္ဌရာထူးနှင့် ပါလီမန်နာယကတာဝန်များကိုပါ ပူးတွဲထမ်းဆောင်မည်ဖြစ်သည်။

ထို့အပြင် တော်ဝင်ခွင့်ပြုချက်အရ အမျိုးသားဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌဟောင်း ပွန်ပတ်ချ်ဝီချစ်




အောက်လွှတ်တော်ဥက္ကဋ္ဌဖြစ်လာသည့် ယခင်ဝန်ကြီးချုပ်ဟောင်း ချွန်လိခ်ပိုင်

ခွဲချိုင်ကို အထက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ၁ နှင့် ၂ အဖြစ် ဆင်းစွတ်စင်ဖရိုင်၊ စူပါချိုင်ဆမ်ချာရိုယန်တို့ကိုလည်းကောင်း အသီးသီးခန့်အပ်ခဲ့သည်။

အထက်လွှတ်တော်ဥက္ကဋ္ဌ ပွန်ပတ်ချ်ဝီချစ်ခွဲချိုင်သည် ပါလီမန်ဒုတိယနာယကအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် တရုတ်ကာကွယ်ရေးဝန်ကြီးများ စင်ကာပူနိုင်ငံတွင် သီးသန့်တွေ့ဆုံ



အမေရိကန်ယာယီကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်နှင့် တရုတ်ကာကွယ်ရေးဝန်ကြီး ဝေဖန်ဟီတို့ကို တွေ့ရစဉ်။

**စင်ကာပူ ဇွန် ၁**

အမေရိကန်ယာယီကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်နှင့် တရုတ်ကာကွယ်ရေးဝန်ကြီးဝေဖန်ဟီတို့သည် ယမန်နေ့က စင်ကာပူနိုင်ငံတွင် သီးသန့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

အမေရိကန်အပေါ် အခွန်တိုးကောက်သည့် တရုတ်နိုင်ငံ၏ လုပ်ရပ်ကို ပြင်ဆင်ရေး၊ အမေရိကန်-တရုတ်စစ်ရေးဆိုင်ရာ ဆက်ဆံရေးတည်ဆောက်ရေးတို့နှင့် ပတ်သက်ပြီး အမေရိကန်ယာယီကာကွယ်ရေးဝန်ကြီးက ဆွေးနွေးခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးနှစ်ဦးတို့သည် နှစ်စဉ်ကျင်းပလေ့ရှိသည့် ရှန်ဂရီလာကာကွယ်ရေးအစည်းအဝေးသို့ တက်ရောက်လာစဉ် ယခုလို သီးခြားတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

လတ်တလောတွင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စရပ်များ၊ လုံခြုံရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆက်ဆံရေးတင်းမာလာကြောင်း သတင်းရရှိသည်။

တောင်တရုတ်ပင်လယ်အတွင်း လူလုပ်ကျွန်းများပေါ်တွင် တရုတ်နိုင်ငံအနေဖြင့် စစ်ရေးအရ ဆောင်ရွက်မှုများအပေါ်လည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက သတင်းထောက်များကို ပြောသည်။

ထို့အပြင် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများသည် အစည်းအဝေးအတွင်း နားလည်မှုလွဲမှားမှုနှင့် တွက်ချက်မှုလွဲမှားမှုများကို လျှော့ချနိုင်မည့် နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးရုံးမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောသည်။

**အေအက်ဖ်ပီ**

# မက္ကာထိပ်သီးအစည်းအဝေးတွင် အမေရိကန်သံရုံးကို ဂျေရုဆလင်သို့ ပြောင်းရွှေ့သည်ကို ပြင်းပြင်းထန်ထန်ဝေဖန်

**မက္ကာ ဇွန် ၁**

အဖွဲ့ဝင် ၅၇ နိုင်ငံပါဝင်သည့် အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) က အမေရိကန်သည် ၎င်း၏သံရုံးကို ဂျေရုဆလင်မြို့သို့ ပြောင်းရွှေ့ခဲ့ပြီး အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုပေးခဲ့သည့် ဆုံးဖြတ်ချက်ကို စနေနေ့က ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

ဆော်ဒီဦးဆောင်သည့် အစည်းအဝေးသည် အမေရိကန်ပြည်ထောင်စုနှင့် ဂွါတီမာလာတို့က ၎င်းတို့၏သံရုံးများကို ဂျေရုဆလင်မြို့သို့ ပြောင်းရွှေ့ခဲ့သည်ကို ရှုတ်ချခဲ့ပြီး ဂျေရုဆလင်တွင် သံရုံးဖွင့်ခဲ့သည့် နိုင်ငံများကို သပိတ်မှောက်ကြရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းခဲ့သည်။

အမေရိကန်သမ္မတ ထရမ့်၏ သမက်ဖြစ်သူ ဂျရက်ကုရှ်နာသည် ယခုလနှောင်းပိုင်းတွင် ဘာရိန်းနိုင်ငံ၌ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ်အတွက် စီးပွားရေးမြင်ကွင်းတစ်ခု ထုတ်ဖော်ပြသရန် ပြင်ဆင်နေရာ ယင်းအချိန်တွင် ယခုလို ကြေညာချက် ပေါ်ထွက်လာခြင်းပင် ဖြစ် သည်။

ပါလက်စတိုင်းတို့သည် သမ္မတထရမ့်အစိုးရနှင့် အဆက်အသွယ်အားလုံးကို ဖြတ်တောက်ထားသည်။ ထရမ့်အစိုးရက ဆယ်စုနှစ်များစွာ သဘောတူထားသည့် ဂျေရုဆလင်မြို့ကို နှစ်နိုင်ငံသက်ဆိုင်သည့်မြို့အဖြစ် သတ်မှတ်ထားသည်ကို ချိုးဖျက်ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုခဲ့ပြီးနောက် အဆက်အသွယ်များအားလုံး ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။

အာရပ်အဖွဲ့ချုပ်မှ အဖွဲ့ဝင်နိုင်ငံများ၊ OIC နှင့် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီမှ အဖွဲ့ဝင်နိုင်ငံများသည် မေလနောက်ဆုံးပတ်တွင် မက္ကာမြို့၌ စုဝေးခဲ့ကြခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**

# အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားကမ်းခြေတွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ အနည်းဆုံး ၁၃ ဦးသေဆုံး

**ဝါရှင်တန် ဇွန် ၁**

အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားကမ်းခြေတွင် မေ ၃၁ ရက်က သေနတ်ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၃ ဦး သေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် ၎င်းတို့ကို နီးစပ် ရာဆေးရုံများသို့ အရေးပေါ် ပို့ဆောင်လိုက်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

သေနတ်သမားဟု သံသယရှိသူသည် မိမိကိုယ်မိမိ သတ်သေလိုက်သလား သို့မဟုတ် ရဲများက ပစ်သတ်လိုက်သလားဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းမသိရသေးသော်လည်း အဆိုပါ သေနတ်သမားမှာ သေဆုံးခဲ့ကြောင်း ဗာဂျီးနီးယားကမ်းခြေရဲချုပ် ဂျိမ်းဆာဗီရာက ပြောသည်။

သံသယရှိသူ သေနတ်သမားသည် မြူနီစီပယ်တွင် အလုပ်လုပ်ကိုင်သူ ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း သိရပြီး သေနတ်ပစ်ခတ်မှုဖြစ်ပွားစဉ် ၎င်းမှာ ဒေါသထွက်နေကြောင်းလည်း ဂျိမ်းဆာဗီရာက ပြောသည်။

ရဲအရာရှိတစ်ယောက် ကျည်ဆန်ထိမှန်ခဲ့သော်လည်း အသက်ရှင်ခဲ့ကြောင်းနှင့် အဆိုပါပစ်ခတ်မှုသည် အမေရိကန်နိုင်ငံအရှေ့ပိုင်း ဗာဂျီးနီးယားပြည်နယ် ဗာဂျီးနီးယားကမ်းခြေ စည်ပင်လုပ်ငန်း ဌာနတည်ရှိသည့် မြူနီစီပယ်အဆောက်အအုံ-၂ တွင် ယမန်နေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကိစ္စသည် ဗာဂျီးနီးယားသမိုင်းတွင် ဝမ်းနည်းစရာအကောင်းဆုံးကိစ္စဖြစ်ကြောင်းနှင့် ဝမ်းနည်းစရာအကောင်းဆုံးနေ့ဖြစ်ကြောင်း မြို့တော်ဝန် ဘော်ဘီဒိုင်ယာက ပြောသည်။ ထို့အတူ ထိခိုက်သေဆုံးသူများသည် မိမိ၏မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အိမ်နီးနားချင်းများဖြစ်ကြောင်း မြို့တော်ဝန် ဘော်ဘီဒိုင်ယာက ပြောသည်။

အဆိုတော်နှင့် တေးထုတ်လုပ်သူ ဖာရယ်ဝီယံကလည်း ၎င်း၏ဇာတိဖြစ်သည့် ဗာဂျီးနီးယားကမ်းခြေရှိ မိသားစုဝင်များ၊ အသက်ဆုံးရှုံးရသူများအတွက် ဆုတောင်းစကား ပြောကြားခဲ့သည်။

ပစ်ခတ်မှုဖြစ်ပွားရသည့် အကြောင်းရင်းနှင့်ပတ်သက်ပြီး လေ့လာစုံစမ်းလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ဗာဂျီးနီးယားကမ်းခြေ မြူနီစီပယ်စင်တာရှေ့တွင် လုံခြုံရေးတာဝန်ယူနေကြသည့် ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# အမေရိကန်သမ္မတ ထရမ့် လုပ်ဆောင်နေသည့် ကမ္ဘာတစ်ဝန်းမှ ကုန်သွယ်ရေးစစ်ပွဲများ

ချိုးစန္ဒီနွေး

**မေ ၃၀ ရက်နေ့မှာပဲ အမေရိကန်သမ္မတ ထရမ့်ဟာ မက္ကဆီကိုနိုင်ငံအပေါ် အခွန်စည်းကြပ်မှုအသစ် ပြုလုပ်မယ်ဆိုပြီး ခြိမ်းခြောက်ခဲ့ပါတယ်။ တကယ်တော့ မက္ကဆီကိုဆိုတာ အမေရိကန်ရဲ့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံထဲက တစ်ခုပါပဲ။**



ရှန်ဟိုင်းမြို့ရှိ ဆိပ်ကမ်းတစ်ခုကို တွေ့ရစဉ်။

### ဘက်စုံသုံးနိုင်တဲ့လက်နက်

ရွှေ့ပြောင်းနေထိုင်သူတွေဟာ မက္ကဆီကိုနိုင်ငံကိုဖြတ်ပြီး အမေရိကန်အတွင်း ဝင်ရောက်ဖို့ ကြိုးစားမှုတွေ တစ်စတစ်စ များပြားလာတဲ့အတွက် ဒါကိုတားဆီးနိုင်ဖို့ မက္ကဆီကိုအပေါ် အခွန်စည်းကြပ်မှု ပြုလုပ်မယ်ဆိုပြီး ခြိမ်းခြောက်ခဲ့တာပါ။ ဒါကိုကြည့်မယ်ဆိုရင် ထရမ့်ဟာ ကုန်သွယ်ရေးကို ဘက်စုံသုံးနိုင်တဲ့ လက်နက်တစ်ခု အဖြစ် အသုံးပြုနေတယ်ဆိုတာကို တွေ့နိုင်ပါတယ်။ ယနေ့ခေတ်အခါမှာ ထရမ့်ဟာ သူ့ရဲ့မဟာမိတ်တွေအပေါ်မှာရော ပြိုင်ဘက်တွေအပေါ်မှာပါ ကုန်သွယ်ရေးပဋိပက္ခတွေ ဖန်တီးပြီး လက်စွမ်းပြလျက်ရှိပါတယ်။ လွန်ခဲ့တဲ့ ရှစ်လခန့်တုန်းက ထရမ့်ရဲ့ စေ့စပ်ညှိနှိုင်းသူတွေဟာ မက္ကဆီကိုနဲ့ ကနေဒါအရာရှိတွေနဲ့တွေ့ဆုံပြီး မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်နေရာမှာ တခြားတစ်ခုကို အစားထိုးမယ်လို့ ပြောခဲ့ကြပါတယ်။ စာချုပ်အသစ်အတွက် ကြိုးပမ်းကြစဉ်မှာပဲ အခုလိုခြိမ်းခြောက်မှုအသစ် ပေါ်ထွက်လာတာဟာ တကယ်ပဲမကောင်းလှပါဘူး။ တကယ်တမ်းကျတော့ မက္ကဆီကိုဟာ ထရမ့်ရဲ့တစ်ခုတည်းသော ပစ်မှတ်မဟုတ်ပါဘူး။

### တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးစစ်ပွဲ

တရုတ်နိုင်ငံနဲ့ လတ်တလောမှာဖြစ်နေတဲ့ ကုန်သွယ်ရေးစစ်ပွဲဟာ ထရမ့်အတွက် အကြီးဆုံးစစ်ပွဲပါပဲ။ ရင်းနှီးမြှုပ်နှံသူတွေနဲ့ စီးပွားရေးပညာရှင်တွေကို ခြိမ်းခြောက်မှုအပေးနိုင်ဆုံးအရာလည်း ဖြစ်ပါတယ်။ နှစ်နိုင်ငံကြား နှစ်စဉ်စီးဆင်းနေတဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုပေါင်း ၇၃၀ ဘီလီယံခန့်ကို ရိုက်ခတ်စေခဲ့ပါတယ်။ အခုအချိန်ထိလည်း အဆုံးသတ်နိုင်မယ့်အလားအလာ မရှိသေးပါဘူး။ ကုန်သွယ်ရေးစစ်ပွဲ ပြီးဆုံးသွားဖို့ နှစ်ဖက်စလုံးကအရာရှိတွေ ဆွေးနွေးညှိနှိုင်းမှု လုပ်ခဲ့ကြပေမယ့် မေလအစောပိုင်းက ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲကတော့ အောင်မြင်မှု မရရှိခဲ့ပါဘူး။ အစောပိုင်းက သဘောတူထားခဲ့တဲ့ သဘောတူညီမှုတွေကို တရုတ်နိုင်ငံက ပြန်လည်ဆွေးနွေးမယ်လို့ ပြောခဲ့တဲ့အတွက် မအောင်မမြင်ဖြစ်ရတာလို့ အမေရိကန်ဘက်က စွပ်စွဲခဲ့ပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံက တင်သွင်းမယ့် ၂၀၀ ဘီလီယံတန် ကုန်ပစ္စည်းတွေကို ၁၀ ရာခိုင်နှုန်း အခွန်စည်းကြပ်တာကနေ ၂၅ ရာခိုင်နှုန်းအထိ တိုးလိုက်ပါတယ်။

### သက်ရောက်မှုကြီးမား

တရုတ်နိုင်ငံဘက်ကလည်း ဒါကိုလက်တုံ့ပြန်ခဲ့ပါတယ်။ ကုန်သွယ်ရေးစစ်ပွဲကြောင့် ဖြစ်ပေါ်လာတဲ့ သက်ရောက်မှုတွေဟာ ကြီးမားလှပါတယ်။ တရုတ်နိုင်ငံကလည်း သူတို့ရဲ့ စီးပွားရေးကို ရှေ့ဆက်နိုင်ဖို့၊ အမေရိကန်ဈေးကွက်ပျောက်မသွားဖို့ လိုအပ်ပါတယ်။ အခုအချိန်မှာတော့ တရုတ်ဟာ အမေရိကန်ကို လက်တုံ့ပြန်နိုင်မယ့် နည်းလမ်းတွေကို အစွမ်းကုန်လုပ်ဆောင်နေပါတယ်။

### ဂျပန်အပေါ် ကုန်သွယ်ရေးခြိမ်းခြောက်မှု

ဂျပန်နဲ့ အမေရိကန်ဆက်ဆံရေးကိုတော့ ထရမ့်က အဖိုးတန်လှတဲ့ မဟာမိတ်လို့ တင်စားခဲ့ပါတယ်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနဲ့ ရင်းနှီးတဲ့ဆက်ဆံရေးမျိုး ရှိတာကိုလည်း သဘောကျလှပါတယ်။ ဒီလိုမျိုးဆက်ဆံရေး ကောင်းမွန်လှပေမယ့် ဂျပန်ဟာလည်း ထရမ့်ရဲ့ကုန်သွယ်ရေးခြိမ်းခြောက်မှုနဲ့ မကင်းပြန်ပါဘူး။ မော်တော်ကားနဲ့ ဆက်စပ်ပစ္စည်းတွေအပေါ်မှာ အခွန်စည်းကြပ်ဖို့ ဆုံးဖြတ်ချက်ကို ရွှေ့ဆိုင်းထားပေမယ့် တကယ်လို့များ ဂျပန်နဲ့ အမေရိကန်တို့အကြား ကုန်သွယ်ရေးသဘောတူညီမှု မရခဲ့ဘူးဆိုရင် ဂျပန်နိုင်ငံရဲ့ ကားတင်ပို့မှုကို အခွန်စည်းကြပ်သွားမယ်လို့ ထရမ့်က ပြောပါတယ်။ အိမ်ဖြူတော်ကလည်း အမေရိကန်လယ်သမားတွေနဲ့ မွေးမြူရေးသမားတွေအတွက် ဂျပန်ဈေးကွက်ကို ရချင်တယ်။ နောက်ပြီးတော့ ဂျပန်ကားကုမ္ပဏီတွေဟာ အမေရိကန်နိုင်ငံအတွင်းမှာ စက်ရုံတွေလာဆောက်တာကို လိုချင်တယ်။

### စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရ

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ဂျပန်နိုင်ငံရဲ့စီးပွားရေးအရှိန် ကောင်းလာအောင် နှစ်ပေါင်းအတော်ကြာ ကြိုးပမ်းနေသူဖြစ်ပြီး တရုတ်ဈေးကွက်မှာ စီးပွားရေးအရှိန်နှေးလာတာကြောင့် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရသူလည်း ဖြစ်ပါတယ်။ တရုတ်ဟာ ဂျပန်ကုန်ပစ္စည်းတွေနဲ့ ကိရိယာတွေကို အဓိကဝယ်ယူသူလည်း ဖြစ်ပါတယ်။ ဒါကြောင့် အခုအချိန်ဟာ မစ္စတာ အာဘေးအတွက်တော့ အမေရိကန်နဲ့ သဘောတူညီမှုရဖို့ အရေးကြီးတဲ့အချိန်လည်း ဖြစ်ပါတယ်။

### မက္ကဆီကိုနှင့် ကုန်သွယ်ရေးပဋိပက္ခ

မက္ကဆီကိုနဲ့ ကုန်သွယ်ရေးပဋိပက္ခကတော့ အစောပိုင်းက ပြီးဆုံးသွားပြီလို့ ထင်ခဲ့ကြပါတယ်။ ဒါပေမယ့်လည်း မေ ၃၀ ရက်နေ့မှာ ထရမ့်က အခွန်စည်းကြပ်မှု ပြုလုပ်မယ်လို့ ခြိမ်းခြောက်လိုက်တဲ့အခါမှာတော့ အခြေအနေတွေဟာ တစ်မျိုးတစ်မည် ပြောင်းလဲသွားပါတယ်။ အမေရိကန်ကိုဝင်ရောက်လာမယ့် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူလူအုပ်ကြီးကို မက္ကဆီကိုက ကြားဖြတ်မဟန့်တားနိုင်ဘူးဆိုရင် ဇွန် ၁၀ ရက်မှာ အခွန်စည်းကြပ်မှု စတင်မယ်လို့ ကြေညာခဲ့ပါတယ်။ တကယ်လို့များ ထရမ့်ရဲ့ ခြိမ်းခြောက်မှုအတိုင်းသာ အကောင်အထည်ဖော်ခဲ့ရင် နှစ်ဖက်စလုံးက နယ်စပ်တွေမှာ အနှောင့်အယှက်တွေ ဖြစ်လာတော့မှာပါ။

### အဓိကကုန်သွယ်ရေးမိတ်ဖက်

မက္ကဆီကိုဟာ အမေရိကန်ရဲ့ အဓိကကုန်သွယ်ရေးမိတ်ဖက်ထဲက တစ်နိုင်ငံဖြစ်ပြီး အခုနှစ် ပထမသုံးလမှာတင် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံကျော် ကုန်သွယ်မှု ပြုလုပ်ခဲ့ကြပါတယ်။ နယ်စပ်မှာ အမေရိကန်ရဲအရာရှိတွေ၊ နယ်စပ်ထိန်းချုပ်ရေးတပ်ဖွဲ့တွေကြောင့် ကုန်ပစ္စည်းတွေ အကြာကြီးစောင့်ရပြီး ကုန်သွယ်ရေးမှာ အတားအဆီးတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဂျပန်နိုင်ငံကို ခြိမ်းခြောက်ခဲ့သလိုပဲ မက္ကဆီကိုကားတင်ပို့မှုတွေကို အခွန်စည်းကြပ်မယ်လို့ ထရမ့်က ခြိမ်းခြောက်ခဲ့ပါတယ်။ အမေရိကန်နဲ့ ဂျပန်ကားကုမ္ပဏီတွေဟာ မက္ကဆီကိုနိုင်ငံအတွင်းမှာ စက်ရုံတွေ တည်ထောင်ထားကြတာပဲ ဖြစ်ပါတယ်။ မက္ကဆီကိုအပေါ် ခြိမ်းခြောက်မှုကြောင့် အမေရိကန်-မက္ကဆီကို-ကနေဒါတို့ရဲ့ကုန်သွယ်ရေးသဘောတူညီမှု အနာဂတ်ဟာ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ မေးခွန်းတွေ ထွက်ပေါ်လာပါတယ်။ အမေရိကန်ဟာ မက္ကဆီကိုနဲ့ ကနေဒါက သတ္တုပစ္စည်းတွေ တင်ပို့မှုကို အခွန်စည်းကြပ်မှု ဖယ်ရှားပေးပြီးသားပါ။

### ဥရောပအပေါ် အခွန်စည်းကြပ်မှု

ဥရောပမှာရှိတဲ့ အမေရိကန်မဟာမိတ်နိုင်ငံတွေက စတီးနဲ့ အလူမီနီယံပစ္စည်းတွေအပေါ် အခွန်စည်းကြပ်မှုကို လွန်ခဲ့တဲ့နှစ်က စတင်ခဲ့ပါတယ်။ နိုင်ငံရပ်ခြားက ကားနဲ့ ကားဆက်စပ်ပစ္စည်းတွေ တင်သွင်းတာဟာ အမေရိကန်ကားလုပ်ငန်းကို ထိခိုက်စေပြီး အမျိုးသားလုံခြုံရေးကို ထိခိုက်စေတယ်လို့ ထရမ့်က ယုံကြည်ခဲ့ပါတယ်။ နှစ်စဉ် အမေရိကန်ကို တင်သွင်းနေတဲ့ ဥရောပက ကားနဲ့ ကားဆက်စပ် ပစ္စည်းတွေကို အခွန် ၂၅ ရာခိုင်နှုန်းစည်းကြပ်မယ်လို့ ထရမ့်က ခြိမ်းခြောက်ခဲ့ပါတယ်။ ဥရောပဟာ Mercedes –Benz ကားတွေကို ပေါပေါများများတင်ပို့နေတယ်လို့ ထရမ့်က ပြောပါတယ်။ အဲဒီအရွေ့ကြောင့် အလာဘားမားနဲ့ ကယ်လီဖိုးနီးယားပြည်နယ်တို့မှာ ပဋိပက္ခဖြစ်လာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ Mercedes– Benz နဲ့ BMW ကားတပ်ဆင်ထုတ်လုပ်ရေးစက်ရုံတွေဟာ အဲဒီပြည်နယ်တွေမှာ ရှိကြလို့ပါပဲ။ လွန်ခဲ့တဲ့လကပဲ ဥရောပက ကားနဲ့ ကားဆက်စပ်ပစ္စည်းတွေအပေါ် အခွန်စည်းကြပ်မှုကို နောက်ခြောက်လအထိ ရွှေ့ဆိုင်းမယ်လို့ အိမ်ဖြူတော်က ကြေညာခဲ့ပါတယ်။ ဒီကြားထဲအချိန်တွေမှာ ကုန်သွယ်ရေးသဘောတူညီမှုရအောင် လုပ်ဆောင်ရမှာပဲ ဖြစ်ပါတယ်။

### ကြားညပ်ခဲ့ရသည့် ကနေဒါ

ကနေဒါနဲ့ ကုန်သွယ်ရေးပဋိပက္ခမှာတော့ အဆုံးသတ်နိုင်တော့မယ်လို့ ထင်ရပါတယ်။ NAFTA ကို ပြန်လည်ဆန်းသစ်ထားတဲ့ အမေရိကန်-မက္ကဆီကို-ကနေဒါ သဘောတူညီမှုကိုလည်း ပြုလုပ်နေပါတယ်။ ကနေဒါဟာလည်း တရုတ်နဲ့ အမေရိကန်တို့ရဲ့ ကုန်သွယ်ရေးစစ်ပွဲကြား မြေစာပင်ဖြစ်ခဲ့ရပါတယ်။ ဟွာဝေးကုမ္ပဏီက အကြီးအကဲဖြစ်သူ မန်ဝမ်ကျိုကို ကနေဒါနိုင်ငံက ဖမ်းဆီးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ တရုတ်နိုင်ငံဟာ ကနေဒါနိုင်ငံသားနှစ်ဦးကို သူလျှိုမှုနဲ့ ဖမ်းဆီးခဲ့ပါတယ်။ နောက်ပြီး ကနေဒါစိုက်ပျိုးရေးထွက်ကုန်တွေအပေါ်မှာ တရုတ်နိုင်ငံဘက်က ကန့်သတ်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ရဲ့ ကုန်သွယ်ရေးစစ်ပွဲကြား ကနေဒါကြားညပ်ခဲ့ရပါတယ်။ ဒါတွေအားလုံးကတော့ သမ္မတထရမ့် ကမ္ဘာတစ်ဝန်းမှာ လုပ်ဆောင်နေတဲ့ ကုန်သွယ်ရေးစစ်ပွဲတွေဖြစ်ပြီး ကုန်သွယ်ရေး အကျပ်အတည်းကနေ ဘယ်လိုရုန်းထွက်ကြမလဲဆိုတာကို ဆက်လက်စောင့်ကြည့်ရဦးမှာပါ။

ကိုးကား- နယူးယောက်တိုင်းမ်

---

## နိုင်ငံတကာသတင်းတိုထွာ

### ထရီပိုလီမြို့တိုက်ပွဲများကြောင့် လူပေါင်း ၉၀၀၀၀ ခန့် နေရပ်စွန့်ခွာရ

**ထရီပိုလီ ဇွန် ၁**

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တိုက်ပွဲများကြောင့် နေအိမ်များမှ ထွက်ပြေးခဲ့ရသည့် လူအရေအတွက်မှာ ပြီးခဲ့သည့်နှစ်လအတွင်း လူပေါင်း ၉၀၀၀၀ ကျော်ရှိကြောင်း ကုလသမဂ္ဂက သောကြာနေ့တွင် ပြောသည်။ ယခုသီတင်းပတ်အတွင်း၌ပင် လူပေါင်း ၈၀၀၀ ခန့် နေအိမ်များမှ ထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်ဖ်က ပြောသည်။

၎င်းတို့အထဲမှ တစ်ဝက်မှာကလေးငယ်များဖြစ်သည်ဟု ယူဆရကြောင်း ၎င်းက ဆက်ပြောသည်။ ပြည်တွင်း၌ပင် ပြောင်းရွှေ့နေထိုင်သူများကို အကူအညီပေးရေးလုပ်သားများက ကူညီနေကြကြောင်း၊ ထရီပိုလီမြို့ရှိ လူပေါင်း ၄၇၀၀၀ ကျော်မှာ ယနေ့အချိန်အထိ အကူအညီများ ရယူနေရဆဲဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

### ဇွန် ၅ ရက်တွင် ထိုင်းနိုင်ငံ၌ ဝန်ကြီးချုပ်အသစ် တင်မြှောက်မည်

**ဗန်ကောက် ဇွန် ၁**

ထိုင်းနိုင်ငံ၌ ဝန်ကြီးချုပ်ကို ဇွန် ၅ ရက်တွင် ရွေးချယ်တင်မြှောက်မည်ဟု အောက်လွှတ်တော်ဥက္ကဋ္ဌ ချူဟန်လိမ်ပိုင်က သောကြာနေ့က ပြောသည်။ ပါလီမန်အမတ်များနှင့် အထက်လွှတ်တော်အမတ်များအားလုံးကို အထက်လွှတ်တော်အစည်းအဝေးနှင့် အောက်လွှတ်တော်အစည်းအဝေးတို့တွင်စုဝေးကြပြီး ဝန်ကြီးချုပ်နေရာအတွက် မဲပေးကြမည်ဖြစ်သည်ဟု သတင်းစာ ရှင်းလင်းပွဲတွင် ချူဟန်က ပြောသည်။

ထိုင်းနိုင်ငံ၏တော်ဝင်ဂေဇက် ဝက်ဘ်ဆိုက်ကလည်း တော်ဝင်ကြေညာချက်နှစ်ခုကို ထုတ်ပြန်ခဲ့သည်။ ဘုရင် ဗာဂျီရာလောင်ကွန်းသည် အောက်လွှတ်တော်ဥက္ကဋ္ဌတစ်ဦး၊ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယ အထက်လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦးတို့၏ အမည်စာရင်းတင်သွင်းမှုကို ထောက်ခံခဲ့ကြောင်း ကြေညာခဲ့သည်။

လွှတ်တော်နှစ်ရပ်စလုံးတွင် အမည်စာရင်းကြေညာခြင်းအတွက် အခမ်းအနားကျင်းပခဲ့ကြသည်။ နန်းတော်၏ ခွင့်ပြုချက်ရပြီးနောက် ဝန်ကြီးချုပ်ဟောင်း ချူဟန်လိမ်ပိုင်သည် အောက်လွှတ်တော်ဥက္ကဋ္ဌဖြစ်လာခဲ့ပြီး ဆူချက်တန်ချာရိုရန်နှင့် ဆူပါချိုင်ဖိုဆူတို့သည် ဒုတိယအောက်လွှတ်တော်ဥက္ကဋ္ဌနှစ်ဦး ဖြစ်လာခဲ့သည်။

ဆင်ဟွာ

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၆-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၈၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၈၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | | |
|---|---|---|
| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၁၀ ကျပ် | ၁၀၁၅/၁၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၂၀ ကျပ် | ၁၀၃၀/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၁၅ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၈၅ ကျပ် | ၁၀၃၀/၁၀၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၂ ・ ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၈ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၂ ・ ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၃၃ ・ ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၈ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၀ ・ ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၄၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ ・ ၇၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၄၀၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတကာအဆင့်မီ အမှိုက်မီးရှို့စက်များ တည်ဆောက်ခြင်းဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချပေးနိုင်

**ရန်ကုန် ဇွန် ၁**

နိုင်ငံတကာအဆင့်မီ အမှိုက်မီးရှို့စက်များ တည်ဆောက်ခြင်းဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချပေးနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

"မင်္ဂလာဒုံမှာဆိုရင် တန် ၆၀ အမှိုက်မီးရှို့တဲ့စက်ကို တည်ဆောက်တယ်။ ၂၀၁၅ ခုနှစ်မှာ စတည်တယ်။ ၂၀၁၇ ခုနှစ်မှာစပြီး လည်ပတ်တယ်ပေါ့။ အဲဒီစက်ရုံက တစ်နှစ်ကို ကာဗွန်ဒိုင်အောက်ဆိုက်တန်ချိန် ၄၀၀၀ ကျော်လောက်ကို ကျွန်တော်တို့ လျှော့ချနိုင်တယ်။ ဒါက လေထုညစ်ညမ်းမှုကို လျှော့ချနိုင်တဲ့ အခြေ အနေဖြစ်တယ်။ နောက်တစ်ခါ ထိန်ပင်မှာ တစ်ရက်ကို တန် ၁၀၀ စွန့်ပစ်နိုင်တဲ့ ဂျပန်နည်းပညာသုံး စက်ရုံတည်တယ်။ သူက တစ်နှစ်ကို ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ တန်ချိန် ၆၇၀၀ လျှော့ချနိုင်မှာဖြစ်တယ်။ ဒါက ရန်ကုန်မြို့မှာ လေထုညစ်ညမ်းမှုလျှော့ချနိုင်တဲ့ အခြေအနေတွေပေါ့" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ အောင်မြင့်မော်က ပြောကြားသည်။

နောက်ဖေးလမ်းကြားများတွင် စွန့်ပစ်ထားသော အမှိုက်များ၊ ရေမြောင်းများအတွင်းရှိ အမှိုက်များမှ လူတို့အတွက် အန္တရာယ်ဖြစ်စေသော မီသိန်းဓာတ်ငွေ့များ၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထွက်လျက်ရှိပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေလျက်ရှိကြောင်း သိရသည်။



မင်္ဂလာဒုံမြို့နယ်ရှိ အမှိုက်မီးရှို့စက်ရုံကို တွေ့ရစဉ်။

ရန်ကုန်မြို့၌ လေထုတိုင်းတာခြင်းကို ၂၀၀၈၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၂ နှင့် ၂၀၁၆ မှ ၂၀၁၉ ခုနှစ် အထိ ဆက်တိုက် တိုင်းတာမှုများ ပြုလုပ်လျက် ရှိကြောင်း သိရသည်။ ထိုသို့ တိုင်းတာမှုအချက်အလက်များအရ မိုးရာသီတွင် ဓာတ်ငွေ့များနှင့် အမှုန်များ ထွက်ရှိမှုသည် စံချိန်စံညွှန်းအောက်တွင်ရှိပြီး နွေရာသီတွင် စံချိန်စံညွှန်းအထက်တွင် ရှိနေကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် ကျောင်းသားများ၊ ပြည်သူများအား ပညာပေးသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ ထိုမှတစ်ဆင့် ဆင့်ပွားအသိများ ဖြန့်ဝေကာ အမှိုက်၊ သစ်ရွက်များ မီးမရှို့စေရေး၊ ရေမြောင်းများအတွင်း အမှိုက်မပစ်စေရေး၊ နောက်ဖေးလမ်းကြားတွင် အမှိုက်မပစ်စေရေး စသည်ဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်မည့် နည်းလမ်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း**

**ဓာတ်ပုံ - ထိန်လင်း**

# ဖျာပုံ၌ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် လူစည်ကားရာနေရာများ၌ အမှိုက်ပုံးများ ချထားပေး

**ဖျာပုံ ဇွန် ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် လူစည်ကားရာနေရာများတွင် လမ်းသွားလမ်းလာများ အသုံးပြုရန် အမှိုက်ပုံးများကို ယမန်နေ့က စနစ်တကျ ချထားပေးသည်။



အမှိုက်ပုံးများ ချထားပေးစဉ်။

"ဒီအမှိုက်ပုံးတွေထဲက မီးဖိုချောင်သုံးအမှိုက်တွေ၊ အိမ်ထဲက အမှိုက်တွေ စွန့်ပစ်ဖို့မဟုတ်ပါဘူး။ လမ်းသွားလမ်းလာတွေ အမှိုက်အလွယ်တကူ စွန့်ပစ်နိုင်ဖို့ ရည်ရွယ်ချထားပေးတာ ဖြစ်တယ်။ အမှိုက်ပုံးတွေထဲက အမှိုက်တွေကို နေ့စဉ် သိမ်းဆည်းပေးနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ထားပါတယ်။ ရှေ့ဆက်ပြီးတော့ ရပ်ကွက်တိုင်း၊ လမ်းတိုင်း အမှိုက်ပုံးတွေ ချထားပေးနိုင်အောင် အလှူရှင်တွေ၊ မြို့သူမြို့သားတွေ အင်အားနဲ့ ပေါင်းစပ်ပြီး ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါတယ်"ဟု ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းက ပြောသည်။

ယင်းအစီအစဉ်တွင် စေတနာရှင်များက ဖျာပုံမြို့ရုံကြီးလမ်း ဒုတိယလမ်းတစ်လျှောက် လူစည်ကားရာနေရာများ၌ အမှိုက်များ အလွယ်တကူ စွန့်ပစ်နိုင်ရေးအတွက် အမှိုက်ပုံး ၁၀၀ ကျော်ကို စနစ်တကျ ချထားပေးသည်။

မြို့ပေါ်အသုံးပြုရန် အမှိုက်ပုံးများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် စေတနာရှင်များက လှူဒါန်းပေးခဲ့ကြောင်း၊ အမှိုက်ပုံးများရှိ အမှိုက်များအား နေ့စဉ် သိမ်းဆည်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာဝန်ထမ်းများက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

# ပလက်ဝမြို့နယ် နေရပ်စွန့်ခွာသူများနှင့် မီးဘေးဒုက္ခသည်များအတွက် ထောက်ပံ့ပေးအပ်

**ပလက်ဝ ဇွန် ၁**

ချင်းပြည်နယ် ပလက်ဝမြို့နယ် နေရပ်စွန့်ခွာသူများနှင့် မီးဘေးဒုက္ခသည်များအတွက် ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ ကျင်းပသည်။

ရှင်းလက်ဝ၊ ရှင်မဒိန်၊ ရွှေလိုင်ပွီ၊ ဒလက်မေကျေးရွာတို့မှ နေရပ်စွန့်ခွာသူများနှင့် မီးဘေးဒုက္ခသည်များဖြစ်သည့် လူဦးရေ ၂၈၈၃ ဦးတို့အတွက် ဆန်အိတ် ၅၀၀ နှင့် အဝတ်အထည်များ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်ခဲ့ရာ မြို့မိမြို့ဖဦးကျော်ထွန်း၊ မြို့နယ်ပညာရေးမှူး ဆလိုင်းအောင်မင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ပေးအပ်ခဲ့ရာ ကျေးရွာပြည်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရင်သွေးရုပ်ပုံလွှာကဏ္ဍ

မြန်မာ့အလင်းရဲ့ ရင်သွေးကမ္ဘာကဏ္ဍမှာ သားတို့သမီးတို့ရဲ့ ချစ်စဖွယ် ယဉ်ကျေးမှုရာဓာတ်ပုံလေးတွေကို အပတ်စဉ် ဖော်ပြပေးသွားမှာဖြစ်တာမို့ ဖေဖေတို့၊ မေမေတို့က မိမိတို့ရဲ့ရင်သွေးများကို ပါဝင်တင်ဆက်ခွင့်ပေးကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

**ဓာတ်ပုံကဏ္ဍအတွက် သတ်မှတ်ထားတဲ့ စည်းကမ်းချက်ကလေးတွေကတော့**

၁။ မူကြိုနဲ့ မူလတန်းအရွယ်ကလေးများရဲ့ဓာတ်ပုံများ ဖြစ်ရပါမယ်။
၂။ ကလေးတွေအတွက် အတုယူစရာ၊ စံပြုစရာအဖြစ်နဲ့ ယဉ်ကျေးလိမ္မာကျန်းမာပျော်ရွှင်နေတဲ့ ကလေးတို့ရဲ့လှုပ်ရှားမှုတွေ၊ အပျော်ခရီးတွေနဲ့ အမှတ်တရ ဖြစ်စရာတွေကို စိစစ်ရွေးချယ်ဖော်ပြသွားမှာ ဖြစ်ပါတယ်။
၃။ မိဘများက ကလေးများရဲ့ဓာတ်ပုံကို သတင်းစာမှာ ထည့်သွင်းဖော်ပြခွင့်ပြုတယ်ဆိုတဲ့ အတည်ပြုစာလေးလည်း ပါဝင်ဖို့လိုပါတယ်။
၄။ အခြားမီဒီယာတစ်ခုခုမှာ ဖော်ပြပြီးသား၊ သုံးစွဲပြီးသားပုံ မဖြစ်ရပါဘူး။
၅။ အရည်အသွေးကောင်းတဲ့ ဓာတ်ပုံများသာ ဖြစ်ရပါမယ်။

ဖော်ပြပါ အချက်အလက်တွေနဲ့ ပြည့်စုံတဲ့သားတို့၊ သမီးတို့ရဲ့ ဓာတ်ပုံလေးတွေနဲ့ ရိုက်ကူးတဲ့နေရာ၊ ရိုက်ကူးတဲ့ အကြောင်းအရာ၊ စံပြုစရာနဲ့ မိဘရဲ့အတည်ပြုစာတို့ကို အီးမေးလ်နဲ့ ပေးပို့ရမှာဖြစ်ပြီး သင့်တော်တဲ့ အပတ်စဉ်မှာ အလျဉ်းသင့်သလို ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ပေးပို့ရမယ့် အီးမေးလ်လိပ်စာကတော့ mmal.socialpages@gmail.com နဲ့ ဖုန်းနံပါတ် ၀၆၇-၃၆၁၄၅ တို့ကို ဆက်သွယ် စုံစမ်းပေးပို့နိုင်ပါတယ်။




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊** **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## လောကဝတ် (Etiquette)

မမမေ

**ကျွန်မတို့နိုင်ငံမှာကလေးဘဝကစပြီး ယဉ်ကျေးသိမ်မွေ့အောင်၊ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်အောင်၊ လိမ္မာရေးခြားရှိအောင် ဘိုးဘွား၊ မိဘနဲ့ ဆရာသမားတွေက ဆုံးမပဲ့ပြင်ပေးကြပါတယ်။ ဘာသာတရားတွေအရရော၊ မသင်မနေရကျောင်းပညာရေးစနစ်အရရော နီတိတွေကို တစိုက်မတ်မတ် လမ်းညွှန်ပြသနေကြတာ အားရစရာကောင်းပါတယ်။ ကလေးတွေအတွက် သိသင့်သိထိုက်တဲ့ ရိုးရာဓလေ့နီတိလေးတွေအပြင် တိုးတက်လာတဲ့ လူနေမှုစနစ်တွေအကြားမှာ နိုင်ငံတကာကကျင့်သုံးနေကြတဲ့ မိမိတို့ ယဉ်ကျေးမှုနဲ့လည်းကိုက်ညီပြီး လိုက်နာသင့်တဲ့ ယဉ်ကျေးပျူငှာလောကဝတ်လေးတွေကို ကလေးများအတွက်ကဏ္ဍကနေ မြန်မာ့အလင်းသတင်းစာက အလျဉ်းသင့်သလိုဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။**



### တန်းစီခြင်းသည်ယဉ်ကျေးမှု

ကျောင်းဆင်းခေါင်းလောင်းသံကြားတာနဲ့ စာသင်ခန်းထဲကနေ နှစ်ယောက်တစ်တန်းစီတန်းထွက်ပြီး အိမ်ပြန်ကြဖို့ ပြင်ကြပါတယ်။ ဒါပေမယ့် တချို့ကတော့ အတန်းထဲကနေစုပြုံ တိုးထွက်ကြတယ်။ ကျောင်းပေါက်ဝဆီ ပြေးကြတယ်။ ကျောင်းပေါက်ဝမှာလည်း စုပြုံတိုးကြပြန်ရော။ တကယ်တော့ သက်သောင့်သက်သာပြန်လို့ရနေလျက်နဲ့ ပင်ပန်းခံတိုးဝှေ့နေကြတာဟာ ကိုယ်တိုင်အကျိုးမရှိသလို တစ်ဖက်သားတွေကိုလည်း အနှောင့်အယှက်ဖြစ်စေပါတယ်။ အဲဒီ တိုးဝှေ့တဲ့ အကျင့်ဟာ ကျောင်းသားအရွယ်လွန်လို့ ကြီးလာတဲ့အထိ အကျင့်ပါလာတဲ့အခါ တော်တော်ကြည့်ရဆိုးစေပါတယ်။ စည်းကမ်းမရှိဘူး၊ နိုင်ငံကြီးသားမပီသဘူးလို့ ထင်စရာပေါ့။

လိုင်းကားတစ်စီးရပ်လာတယ်။ ခရီးသည်တွေ တိုးဝှေ့ပြီး ကားပေါ်တက်ကြတယ်။ စတိုးဆိုင်တွေ၊ မုန့်ဆိုင်တွေမှာ ဈေးဝယ်ကြတယ်။ အလှည့်ကျ စီတန်းပြီးငွေချေရင် အလွယ်သားနဲ့ တိုးဝှေ့ငွေချေကြတယ်။ မီးပွိုင့်မိနေတဲ့ကား အချို့ဟာ မီးစိမ်းတာနဲ့ အတင်းတိုးဝှေ့ထွက်ကြတယ်။ ဟွန်းသံဆူညံအောင် တီးကြတယ်။ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွက် မလိုအပ်ဘဲ တိုးဝှေ့နေခြင်းဟာ သူတစ်ပါးအတွက်ရော၊ မိမိအတွက်ပါ သက်သောင့်သက်သာမရှိနိုင်ပါဘူး။ ယဉ်ကျေးမှုလည်း မရှိပါဘူး။ အကောင်းဆုံးကတော့ စနစ်တကျစီတန်းပြီး အလှည့်ကျ ဆောင်ရွက်ခြင်းကသာ ယဉ်ကျေးတဲ့ ကမ္ဘာသားဖြစ်လာမှာပါ။



### ထီးကလေးကိုဘယ်လိုကိုင်မလဲ

မိုးဦးရာသီရောက်တော့မယ်။ ကျောင်းဖွင့်ရက်တွေလည်း ရောက်လာတော့မယ်။ ကလေးအများစုဆီမှာ ထီးကလေးတွေ ကိုယ်စီလည်းရှိနေလောက်ပါပြီ။ ထီးလေးတွေဟာ နေပူဒဏ်၊ မိုးဒဏ်ကိုကာကွယ်ပေးတာမို့ လူတိုင်းလိုအပ်လှပါတယ်။ ဒါပေမယ့် ကိုင်တွယ်သုံးစွဲတဲ့နေရာမှာလည်း ထီးပိုင်ရှင်လေးတွေ လိုက်နာရမယ့် နီတိလေးတွေ ရှိပါသတဲ့။

အော်တိုမက်တစ် ထီးတွေကိုဖွင့်တဲ့အခါ ထီးခလုတ် ကလေးတွေမကြာခဏပျက်တတ်တာမို့ လက်တစ်ဖက်ကနေထီးကိုထိန်းပြီး ကျန်လက်တစ်ဖက်နဲ့ ခလုတ်ကို နှိပ်မှသာ ဗျန်းခနဲ ပွင့်သွားတာမျိုးမဖြစ်ဘဲ အကြာကြီးလည်း သုံးနိုင်မှာပါ။ ဒါတင်မကသေးပါဘူး၊ မိုးတွေရွာတဲ့အခါ ထီးကိုထုတ်ဆောင်းပြီး မိုးတိတ်လို့ ပြန်သိမ်းတဲ့အခါ သူတစ်ပါးကိုမိုးရေစက်တွေ စိုစွတ်မသွားအောင် စနစ်ကျသိမ်းပေးဖို့ လိုပါတယ်။ သတိထား လုပ်ပေးဖို့လိုပါတယ်။ ကျောင်းတွေ၊ အိမ်တွေ၊ ဘုရားကျောင်း ကန်တွေနဲ့ ဈေးဆိုင်တွေမှာထီးကို သီးသန့်သိမ်းဆည်းတာမျိုးနဲ့ ရေစက်တွေကျမနေအောင်၊ သန့်ရှင်းသပ်ရပ်အောင် အသုံးပြုတတ်ဖို့လည်း လိုပါတယ်။

ထီးကလေးတွေဝယ်ယူတဲ့အခါမှာ ထီးထည့်ဖို့အတွက် အိတ်ကလေးတွေပါတတ်ပါတယ်။ ထီးလေးကို စနစ်တကျ ခေါက်သိမ်းပြီးအိတ်ကလေးနဲ့ သိမ်း ဆည်းတတ်ဖို့ကိုလည်း ကလေးတို့က လေ့ကျင့်ထားသင့်ပါတယ်။ ဒါမှသာ ထီးကလေးကို အကြာကြီးသုံးရမှာဖြစ်ပြီး မိုးရွာလို့ ဆောင်းထားတဲ့ ထီးပေါ်က ရေစက်တွေဟာ ပတ်ဝန်းကျင်နဲ့ သူတစ်ပါးကို အနှောင့်အယှက်မဖြစ်စေတော့ပါဘူး။

## သိမှတ်စရာအဖြာဖြာ (General Knowledge)

ကေ - ဂျူဝယ်လ်

**ကလေးတွေအတွက် အပတ်စဉ် ဗဟုသုတရရှိစေဖို့ တင်ဆက်ပေးသွားမယ့်အစီအစဉ်လေးတစ်ခု ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ ကလေးများအတွက် နိုင်ငံတကာနဲ့ ပြည်တွင်းက သိမှတ်ဖွယ်ရာအကြောင်းအရာမျိုးစုံကို အပတ်စဉ် ဖော်ပြပေးသွားမှာဖြစ်တဲ့အတွက် မိဘတွေအနေနဲ့ရော၊ သားတို့သမီးတို့ကရော အပတ်စဉ် စောင့်ကြည့်ဖတ်ရှုပေးကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။**

### ရေခဲမုန့်တွေ ဘယ်ကစတယ်

ကလေးတွေ စိတ်အဝင်စားဆုံး အရာတွေထဲမှာ တောက်တောက်ပပ ဆေးရောင်တွေ၊ ပျော်ရွှင်ဖွယ်ရာရုပ်ပုံတွေနဲ့ လှလှပပပြင်ဆင်ခြယ်သထားတဲ့ ရေခဲမုန့်ဆိုင်၊ ရေခဲမုန့်ကား၊ ရေခဲမုန့်လှည်းတွေက ထိပ်ဆုံးကပါလိမ့်မယ်လို့ ထင်ပါတယ်။ သားတို့သမီးတို့ ငယ်ဘဝရဲ့ အကြိုက်ဆုံးအစားအစာတွေထဲမှာလည်း ရေခဲမုန့်က ထိပ်ဆုံးကပါဝင်မှာမို့ ရေခဲမုန့်အကြောင်းကို ဒီတစ်ပတ် မိတ်ဆက်ပေးလိုပါတယ်။



ရေခဲမုန့်ဆိုတာ ရေခဲ ထားတဲ့ စားစရာတစ်မျိုးဖြစ်ပြီး ကလေးတိုင်း အကြိုက်တွေ့သလို လူကြီးတွေလည်း ကြိုက် နှစ် သက်ကြပါတယ်။

လူတွေ နေ့စဉ်လှုပ်ရှားဖို့အတွက် လိုအပ်တဲ့ စွမ်းအင်အတော်များများကို ရေခဲမုန့်ကနေ ရနိုင်ပါတယ်။ ပုံမှန်ရေခဲမုန့် တစ်ခုဟာ ကယ် လို ရီ ၃၀၀ လောက်အထိ ပါဝင်ပါတယ်။ ရေခဲမုန့်ဟာ နို့၊ ခရင်မ်၊ သကြား၊ ပဲ၊ အုန်းနို့ စတဲ့ အရာတွေကို အခြေခံထားပြီး ချောကလက်၊ သစ်သီးမျိုးစုံ စသည်ဖြင့် ပေါင်းစပ်ထားကာ နူးညံ့တဲ့ အေးမြတဲ့ အစားအစာလို့ ပြောလို့ရပါတယ်။ ရေခဲမုန့်ဆိုပြီးဖြစ်လာခဲ့တဲ့ သမိုင်းကြောင်းကြီးကလည်း ရှည်လျားပြီး စိတ်ဝင်စားစရာကောင်းတဲ့ ကလေးတို့အကြိုက် ရေခဲမုန့် ဘယ်လိုပေါ်လာတယ်ဆိုတာလေးကိုလည်း ပြောပြလိုပါတယ်။

ရေခဲမုန့်ရဲ့သမိုင်းက ခရစ်တော်မပေါ်မီ ဘီစီ ၂၀၀ကနေ ၁၀၀ ကြားမှာ စခဲ့ပါတယ်တဲ့။ ဆီးနှင်းရေခဲတွေ အမြဲဖုံးလွှမ်းနေတဲ့ ဒေသတွေမှာအစားအစာတစ်မျိုးအဖြစ် ဒီထက်စောစောကတည်းကလည်း ရှိနိုင်ပါတယ်။ ပါရှားမှာတော့ နှင်းရေခဲတွေကိုသစ်သီးအချိုရည်နဲ့ ဖျော်စပ်ပြီး ဒီနေ့ရေခဲခြစ်လိုမျိုး စားသုံးမှုက ဘီစီ ၅၀၀ ကတည်းက ရှိခဲ့တာပါ။ ဂရိမှာလည်း အဲဒီကာလအပိုင်းအခြားလောက်မှာ ပျားရည်၊ သစ်သီးတွေကို နှင်းရေခဲတွေနဲ့ ပေါင်းစပ်စားသုံးခဲ့ကြပါတယ်တဲ့။ ထင်ရှားတဲ့ စစ်ဘုရင်ကြီး မဟာအလက်ဇန္ဒားဟာ နှင်းရေခဲတွေကိုပျားရည်နဲ့ ပေါင်းစပ်စားသုံးခဲ့တယ်လို့လည်း မှတ်သားဖူးပါတယ်။

သမ္မာကျမ်းစာမှာလည်း Issac က အာဗြဟံကို နှင်းခဲနဲ့ဆိတ်နို့ကိုရောနှောပြီးကျွေးခဲ့တယ်လို့ ပါဝင်တဲ့အတွက် ရေခဲမုန့်ရဲ့ မူလအစသက်တမ်းက အတော်လေးကြာမြင့်ခဲ့ပြီလို့ ဆိုရမှာပေါ့။ တရုတ်နိုင်ငံမှာတော့ ဘီစီ ၂၀၀ ဝန်းကျင်မှာ နှင်းရေခဲတွေကို မွှမ်းမံပြီး နို့နဲ့ထမင်းတို့ကို စားသုံးခဲ့ကြဖူးပါတယ်။ ရောမမှာလည်း အေဒီ ၃၇ လောက်မှာရေခဲတွေကို ရေခဲတောင်တွေကနေရယူပြီး အသီးအနှံတွေနဲ့ ပေါင်းစပ်လို့ ရှေးဦးရေခဲမုန့်ကို စားသုံးခဲ့ကြပါတယ်။ အိန္ဒိယမှာကတော့ ၁၆ ရာစုလောက်မှာ သစ်သီးမျိုးစုံ၊ အချိုနဲ့ ရေခဲတို့ ပေါင်းစပ်တဲ့ ဖာလူဒါလို အိန္ဒိယရိုးရာရေခဲစားစရာ တွင်ကျယ်လာခဲ့ပါတယ်။

ဥရောပမှာလည်း ၁၅၃၃ ခုနှစ်လောက်မှာ အီတလီစားဖိုမှူးတွေရဲ့ မိတ်ဆက်ပေးမှုနဲ့ ရေခဲအစားအစာတွေ စတင်စားသုံးလာခဲ့ပြီး နှစ်တစ်ရာလောက်ကြာတဲ့နောက် ရေခဲမုန့်ဟာ အတော်လေးတွင်ကျယ်လာခဲ့ပါတယ်။ ပြင်သစ်မှာရေခဲမုန့်ကို ၁၆၇၄ခုနှစ်လောက်မှာ တွင်တွင်ကျယ်ကျယ်စားသုံးလာကြပြီး အင်္ဂလန်မှာတော့ ၁၈ ရာစုမှာ ရေခဲမုန့်စားသုံးမှု များပြားလာခဲ့ပါပြီ။

ကမ္ဘာလုံးအတိုင်းအတာနဲ့ဆိုရင် ၁၆ ရာစုမှာ Iced Cream၊ Cream Ice လို့ ခေါ်ခဲ့ဖူးတဲ့ ရေခဲမုန့်ဟာ အနည်းငယ်တွင်ကျယ်လာခဲ့ပြီး လူတိုင်းနှစ်သက်တဲ့ စားဖွယ်တစ်ခုဖြစ်လာနေပါပြီ။ ၁၇၄၄ ခုနှစ်ထုတ် အောက်စဖို့ဒ် အင်္ဂလိပ်အဘိဓာန်ထဲမှာ ရေခဲမုန့် ဝေါဟာရဟာ တရားဝင်ပါဝင်ခွင့်ရတဲ့ အနေအထားဖြစ်လာခဲ့တဲ့ အပြင် အမည်ကိုလည်း Ice Cream ဆိုပြီး ခေါ်ဆိုခဲ့ကြပါတယ်။





ရေခဲမုန့်တွေထဲမှာတော့ အီတလီက ဂျီလက်တို (Gelato) ဟာ စားလို့အကောင်းဆုံးလို့ဆိုကြပြီး တစ်ကမ္ဘာလုံးက ခရီးသွားတွေ အီတလီကိုရောက်ခဲ့မယ်ဆိုရင် ဂျီလက်တိုကို မဖြစ်မနေစား သုံးကြပါတယ်။ အကောင်းဆုံးလို့ သတ်မှတ်ထားတဲ့ နို့နဲ့ အရည်အသွေးကောင်းပြီး လတ်ဆတ်တဲ့သစ်သီးတွေကို သူ့ရဲ့ ကိုယ်ပိုင်အချိုးအစားဖော်မြူလာနဲ့ ပေါင်းစပ်ထားတဲ့ ဂျီလက်တိုဟာ ထည့်သွင်းတဲ့ သကြားမှုန်လေးတွေကအစ အလွန်သတိထားပြီး ဖန်တီးထားတာဖြစ်တယ်လို့ အဆိုရှိပါတယ်။

အီတလီကို နာမည်ကျော် ဂျီလက်တိုရောက်ရှိလာပုံကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ အာရှအရှေ့ပိုင်းရဲ့ ရှေးဦးရေခဲမုန့်လုပ်နည်းကို မာကိုပိုလိုဆိုတဲ့ ပုဂ္ဂိုလ်ကြီးက သယ်ဆောင်လာခဲ့တာဖြစ်တယ်လို့ဆိုတာမို့ ယဉ်ကျေးမှုဟာ အရှေ့ကနေ အနောက်၊ အနောက်ကနေအရှေ့ ဖလှယ်နေခဲ့တယ်လို့ ဆိုရမှာပေါ့။ သစ်သီးတွေနဲ့ နို့ကို အချိုးကျပေါင်းစပ်ထားတဲ့ နူးညံ့ပြီး လျှာပေါ်ကို ပျော်ဝင်စီးဆင်းသွားစေတဲ့ အရသာရှိတဲ့ ရေခဲမုန့်ရဲ့ရှေးဦးအစကို ဗဟုသုတအဖြစ် ဖော်ပြပေးလိုက်ပါတယ်။ ။






**"သတ္တဝါလေးတွေကို သနားကြင်နာကြပါစို့"** အလင်္ကာဖြူစင်အောင်၊ KG ၊ ပုဇွန်တောင်။


ဟေ့ချာတိတ်..ရေမြောင်းထဲကို ပစ်မချရဘူးနော်..
အမှိုက်ပစ်တယ်ထင်လို့လား ဦးလေး..
ခဲလုံးတွေ လည်းမပစ်ရဘူးကွ...
ခဲလုံးတွေက ရေစီးရေလာကို ပိတ်ဆို့သွားနိုင်တယ်လေ...
မပစ်လို့ တော့မဖြစ်ဘူး..ပစ်ရ လိမ့်မယ်
ရေမြောင်းထဲမှာ မြွေကြီးမျှ..လူကိုအန္တရာယ်ပေးနိုင်တယ်..
ရေမြောင်းထဲမှာ နေတာပဲကွာ..ဒီနေ ပါစေ..
လမ်းမပေါ်တက်လာတော့မှ မင်းလုပ်ချင်သလိုလုပ်တော့ ဟေ့..
လမ်းမပေါ် ရောက်တဲ့အထိ စောင့်ရမှာလား
ဒီလိုလုပ်..အဲဒီမြွေကို ဦးလေးကိုယ်တိုင်ဆင်းဖမ်းပြီး လမ်းပေါ်တင်ပေးနိုင် မလား..ကျွန်တော် လက်ယားနေပြီ...
လူကိုအန္တရာယ်ပေးတတ် မှန်းသိရက်နဲ့..ငါ့ကိုသာ ကြောင်းကြံတဲ့ နင့်ကိုခဲနဲ့ ထုသင့်တာ...လာခဲ့...
အား..
HTOO






မုန့်တွေက ရှယ်ပဲ ညီပု ရေ..
အေး.. စား သူငယ်ချင်းစား..
အေး..မုန့်တွေ
အရသာရှိမှရှိ..
ဟ...
သား.. သားစားဖို့
နောက်နေ့



ကာတွန်း စမ်းချောင်းကိုကိုအောင်
အနီးဝရေ..ဟေ့ အနီး...
လာပါပြီ အစ်ကိုကြီး၊
အဟွတ်.
မင်းဟာလေ၊ အိမ်မှာ ကပ်တယ်လို့ကို မရှိဘူး၊
နွားမည်းက၊ အနီး ပေမပင့်၊ လူကောင်က သေးတော့ ရှာရတာ အတော်ခက်တယ်၊
မှတ်ပြီ- အကြံ ရပြီ၊
နွားနီရေ၊ မင်းဆွဲကြိုး အဲလေ-မင်းခလောက် ခဏငှားစမ်းကွာ၊
ဟဲဟဲ မင်းအတွက် အကောင်းဆုံးဆက် သွယ်ရေးကိရိယာလေးပေါ့၊
ဂလောက် ဂလောက်



ဘယ်ကျော်
ဟယ်... လျှပ်စီး လက်တယ်...
မိုးတွေခြိမ်းတော့မယ်။ ငါ... ငါကြောက်တယ်ဘယ်ကျော်...
ဂျိန်း
အမလေး....
မကြောက်ပါနဲ့ မိမွေးရ...
တကယ်တော့ မိုးခြိမ်းတယ်ဆိုတာ...
သိကြားမင်းကြီးလမ်းကြိတ်စက် တက် မောင်းတဲ့ အသံတဲ့ဟ...
သိကြားမင်းကြီး ကလည်း ဘာလို့ မိုးရွာမှပဲ လမ်းကြိတ်စက်ကို တက်၊ တက် မောင်းရတာလဲ မသိဘူးနော်...

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေထီဆွဲဌာနခွဲ

**(၄) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ် ၊ ဇွန် လ (၁) ရက်နေ့**

*အစမ်းထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ကခ - ၅၅၅၂၈၁

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

င - ၂၄၈၈၄၅

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဍ - ၃၂၃၉၉၈    မ - ၉၅၉၄၇၃

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ

ဘ - ၃၇၂၇၄၂
ကစ - ၅၀၇၆၉၉
ကဇ - ၆၆၃၅၆၀
ခ - ၉၅၄၆၈၀

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀၀၀)ဆု (၃) ဆု

ကစ - ၁၃၀၇၃၉
ဘ - ၂၆၈၄၁၅
လ - ၄၉၇၉၉၄

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဒ - ၂၀၅၂၆၃    ဝ - ၇၉၀၈၆၃
ဍ - ၃၇၅၃၆၈    ဇ - ၈၇၅၅၉၁
ဆ - ၆၂၄၈၀၀    တ - ၉၅၀၄၆၆
ကက- ၇၃၅၈၇၁

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၁၀၀၀)ဆု (၅) ဆု

ဖ - ၄၄၁၁၁၈    ထ - ၉၀၄၅၂၀
ဒ - ၄၅၆၂၉၂    ကဂ - ၇၃၆၄၂၃
ဇ - ၅၇၅၄၂၂

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ဘ - ၁၃၇၇၉၆    ဝ - ၆၅၆၂၃၄
ခ - ၂၇၆၁၂၅    ဟ - ၈၅၄၇၃၆
ပ - ၄၄၁၃၆၉    ယ - ၈၅၆၁၅၃
ကဆ- ၅၉၅၀၃၁    ခ - ၈၇၀၅၈၆

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀၀)ဆု (၆) ဆု

ဖ - ၃၁၆၇၁၂    ဍ - ၅၁၈၀၈၁
ဒ - ၄၄၈၂၆၈    ဒ - ၉၂၈၉၆၉
ကက - ၄၇၉၉၅၉    ကဆ - ၉၉၄၂၆၆

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

ဍ - ၁၂၃၀၄၀    သ - ၆၅၀၂၃၅
ကဆ - ၁၂၃၉၆၀    ကဆ - ၈၀၂၃၁၇
ဋ - ၃၄၇၃၉၀    ထ - ၈၀၅၈၃၅
ပ - ၄၅၆၅၄၄    ဍ - ၈၀၅၈၅၉
ကဇ - ၅၅၄၉၇၃    ခ - ၉၄၂၂၇၉
ကဆ - ၆၂၀၇၁၂    ယ - ၉၄၉၄၀၇

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

င - ၁၁၉၀၃၄    ယ - ၄၈၉၄၆၉    ဇ - ၈၅၁၃၃၃
ခ - ၁၄၁၈၇၃    ရ - ၄၉၁၁၉၀    ထ - ၉၈၀၆၈၉
အ - ၂၃၄၀၉၁    ဏ - ၆၄၆၈၀၄
င - ၂၇၇၂၃၃    ဇ - ၆၈၆၁၆၆
အ - ၃၄၅၆၀၇    ကဈ - ၇၂၅၆၆၃
ဒ - ၃၆၇၃၇၆    ကဂ - ၇၂၈၄၀၈
မ - ၃၈၈၅၆၈

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

ပ - ၁၁၆၈၉၀    ကခ - ၂၉၂၆၂၀    ကဂ - ၄၅၅၈၁၁    ဖ - ၆၉၆၆၇၇
က - ၁၁၇၅၀၃    ဍ - ၃၁၀၅၁၅    န - ၄၉၇၉၄၅    ဠ - ၉၁၆၀၆၈
ပ - ၂၅၆၁၁၂    ရ - ၃၄၄၉၄၇    ကဆ- ၅၄၅၇၂၀    က - ၉၆၂၃၂၇
ခ - ၂၆၁၈၈၂    ဖ - ၄၄၁၃၈၉    ဍ - ၆၆၈၆၆၀

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀) ဆု (၁) ဆု

က - ၂၂၂၆၆၂

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ

ကစ - ၁၃၀၉၅၄    ယ - ၅၂၉၆၇၁    ကဈ - ၆၇၄၄၉၉
ဍ - ၂၀၂၂၆၀    ယ - ၅၆၂၃၀၂    သ - ၇၂၉၈၀၉
ဖ - ၂၇၉၉၅၀    ဖ - ၅၇၈၁၄၀    သ - ၈၂၇၂၄၁
ပ - ၃၈၉၂၆၀    မ - ၅၉၉၆၈၇    ယ - ၈၉၃၁၆၃
သ - ၄၀၁၃၆၈    ဗ - ၆၀၂၀၅၀    ဍ - ၉၉၆၀၇၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀) ဆု (၂) ဆု

ဇ - ၈၅၉၅၆၇
ဟ - ၃၉၀၇၇၈

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | | |
|---|---|---|---|---|
| ဂ - ၁၀၄၇၄၀ | ဏ - ၂၃၄၇၇၃ | က - ၄၄၂၃၄၉ | ကဃ - ၆၀၄၆၇၂ | ဃ - ၉၆၂၆၂၆ |
| ဌ - ၁၂၆၅၅၀ | ဘ - ၂၆၃၇၅၉ | န - ၅၆၈၈၀၄ | ဇ - ၈၀၆၄၈၉ | |
| ကဈ - ၁၃၆၇၁၉ | န - ၃၀၇၀၃၀ | ရ - ၅၇၁၈၃၈ | ဗ - ၈၄၈၆၈၄ | |
| ဃ - ၁၅၆၂၄၄ | ခ - ၃၁၃၆၉၀ | ပ - ၅၇၄၈၆၉ | ဃ - ၈၉၅၈၂၂ | |
| ဏ - ၁၇၈၇၈၄ | ခ - ၄၂၇၁၆၃ | ပ - ၅၇၅၉၆၈ | သ - ၉၃၉၇၃၅ | |

## ဆုတစ်ဆုချင်း ကျပ်(၅)သိန်းဆုများ

| | | | |
|---|---|---|---|
| ဘ - ၁၅၉၂၆၁ | ကဇ - ၃၀၀၈၂၈ | ကဆ - ၄၇၄၂၃၈ | ထ - ၈၉၀၃၄၈ |
| ကင - ၁၇၅၅၈၆ | ကဈ - ၃၁၀၁၉၄ | က - ၅၈၄၃၅၃ | င - ၉၀၈၆၈၀ |
| စ - ၂၃၀၁၆၄ | ကဈ - ၃၁၂၆၂၃ | ဘ - ၅၈၇၀၄၉ | ဒ - ၉၂၀၁၆၃ |
| ကဇ - ၂၃၂၄၁၆ | ဃ - ၃၇၈၈၂၅ | ဗ - ၇၆၃၃၃၅ | ထ - ၉၃၁၃၉၅ |
| ခ - ၂၉၉၁၁၁ | တ - ၄၁၀၀၄၄ | ဂ - ၇၇၂၆၉၃ | ဂ - ၉၆၀၀၃၁ |
| မ - ၃၀၀၄၆၇ | ကဈ - ၄၆၈၁၉၀ | ဆ - ၇၇၇၅၁၅ | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ် (၅)သိန်း ဆု ( ၁ ) ဆု

မ - ၄၈၂၆၆၂

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| ဘ - ၁၀၀၃၃ | ည - ၃၀၇၆၀ | ဝ - ၅၅၇၆၀ | ကည - ၇၉၉၉၅ |
| ဏ - ၁၉၆၈၀ | မ - ၃၇၂၉၉ | ဒ - ၅၆၇၀၆ | ပ - ၈၂၆၄၀ |
| ဖ - ၂၁၅၉၂ | ထ - ၄၄၃၉၄ | ကက - ၆၅၇၆၄ | ရ - ၉၃၄၂၁ |
| ဌ - ၂၅၇၄၁ | က - ၅၂၀၈၇ | ကဇ - ၇၉၆၄၈ | |

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| က - ၂၀၀၉ | မ - ၄၁၃၁ | ဠ - ၆၁၀၆ | ဟ - ၇၄၆၄ |
| န - ၂၄၃၅ | စ - ၄၉၃၃ | ကခ - ၆၄၅၁ | ကဇ - ၇၆၂၂ |
| ဈ - ၂၉၈၀ | ပ - ၅၅၃၃ | ဒ - ၇၀၇၄ | ကဇ - ၉၈၇၇ |
| ဟ - ၃၂၈၂ | ဈ - ၅၆၀၇ | ဆ - ၇၁၂၆ | |

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| ဗ - ၁၁၉ | သ - ၃၅၉ | ကဂ - ၆၄၂ | ဆ - ၈၈၉ |
| အ - ၁၆၈ | စ - ၄၁၉ | လ - ၆၉၀ | နှ - ၉၆၇ |
| ဇ - ၂၇၈ | ထ - ၄၆၅ | ဆ - ၇၅၆ | ဌ - ၉၇၈ |
| ကစ - ၂၈၃ | ကစ - ၅၃၄ | ကဃ - ၇၇၄ | ကဂ - ၉၉၇ |
| ကဂ - ၂၈၃ | တ - ၆၀၂ | | |

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| င - ၁၉ | ည - ၅၈ | ဖ - ၈၄ |
| ဓ - ၃၂ | ဇ - ၆၂ | ကခ - ၈၉ |
| ဈ - ၄၂ | စ - ၆၅ | ကခ - ၉၂ |
| ဌ - ၄၅ | ဖ - ၆၉ | ဌ - ၉၆ |
| ကင - ၄၉ | ကည - ၇၁ | |
| နှ - ၅၃ | ဇ - ၇၁ | |
| ကင - ၅၄ | ထ - ၇၈ | |
| ထ - ၅၈ | ကဂ - ၇၈ | |

အက္ခရာနှင့် ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၉ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၄) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၁၉၂၃၉၉) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၉ခုနှစ်၊ ဇူလိုင် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၅) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေ ထီလက်မှတ်များကို (က)အက္ခရာမှ (အ) အက္ခရာထိ အက္ခရာ (၃၃)လုံး၊ (ကက)အက္ခရာမှ (ကဆ) အက္ခရာထိ အက္ခရာ (၇)လုံး၊ စုစုပေါင်း အက္ခရာ (၄၀)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ၂၀၁၉ခုနှစ် ၊ ဇူလိုင် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၅) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေ ထီလက်မှတ်များထပ်မံဝယ်ယူလိုသူများအနေဖြင့် (၂၁ . ၆. ၂၀၁၉)ရက်နေ့ထိ အောင်ဘာလေသိန်းဆုဌာနခွဲတွင် ဝယ်ယူနိုင်ပါသည်။

၄။ ယခု (၄)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၃ . ၆ . ၂၀၁၉) ရက်နေ့မှစတင်၍နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၁ . ၆ . ၂၀၁၉) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး
# လုံးတော်ပြည့် ရွှေစင်ရွှေပြားသင်္ကန်းတော်ကပ်လှူပူဇော်မှု မဟာကုသိုလ်တော်အောင်ပွဲ
# ရေစက်ချအလှူမင်္ဂလာဖိတ်ကြားလွှာ

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အလှူရှင်များလှူဒါန်းခဲ့သည့် ရွှေစင်၊ရွှေပြား၊ ရွှေသင်္ကန်းတော်များအား ၁-၁၁-၂၀၁၈ရက်မှ ၂၆-၃-၂၀၁၉ရက်အထိ ရထားပုံဖြင့် ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ လုံးတော်ပြည့်ရွှေသင်္ကန်းများဆက်ကပ်ခြင်းလုပ်ငန်း အောင်မြင်စွာပြီးဆုံး၍ ကုသိုလ်ရှင်အပေါင်း၏ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း မဟာကုသိုလ်တော်အောင်ပွဲ ရေစက်ချအမျှပေးဝေခြင်းမင်္ဂလာအခမ်းအနားကို ၂၀၁၉ခုနှစ် ဇွန် ၁၇ရက် (တနင်္လာနေ့) ၁၃၈၁ခုနှစ် နယုန်လပြည့် (မဟာသမယအခါတော်နေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၁-၁-၂၀၁၅ရက်မှ ၂၀-၃-၂၀၁၉ရက်အထိ လှူဒါန်းခဲ့သည့်ရွှေသင်္ကန်းတော်အလှူရှင်များ ကြွရောက်တရားတော်နာ ရေစက်သွန်းချအမျှပေးဝေနိုင်ပါရန် ဂါရဝတရားဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူရှင်စုစုပေါင်း၁၃၆၉၈ဦးတို့၏ ထက်သန်သော သဒ္ဓါတရားတို့ကို စနစ်တကျ ဂုဏ်ပြုမှတ်တမ်းတင်ထားရှိကြောင်း ဖော်ပြအပ်ပါသည်။

**မှတ်ချက်။** သီးခြားဖိတ်စာပေးပို့ခြင်းမရှိပါ။ ဆက်သွယ်မေးမြန်းရန် ဖုန်းနံပါတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဖုန်း-၀၉-၄၄၃၂၄၄၁၄၇၊ ၀၉-၄၅၅၇၃၅၄၅၄၊ ၀၉-၅၀၂၉၀၅၃၊ ၀၉-၄၂၁၀၂၄၉၄၃၊ ၀၉-၇၈၆၄၄၁၅၉၄၊ ၀၁-၃၇၅၇၆၇**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနကွပ်ကဲမှုအောက် ဧည့်ရိပ်သာ၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက် အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ် (ယိုးဒယား)အပြာနု(သို့)ခရမ်းရောင် (၁၀၀၀)စုံဝယ်ယူခြင်းလုပ်ငန်းအား မြန်မာ(ကျပ်)ငွေဖြင့် အိတ်ဖွင့်တင်ဒါဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | ဆိုဒ် | အမျိုးအစား | အာမခံကာလ | အရေအတွက် |
|---|---|---|---|---|---|
| (က) | အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ် [အပြာနု(သို့) ခရမ်းရောင်] | ၇'×၅' ၂၃"×၁၅" | ယိုးဒယား | (၁)နှစ် | ၁၀၀၀စုံ |

၂။ အိတ်ဖွင့်တင်ဒါကိုအောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၃-၆-၂၀၁၉ရက်မှ ၁၄-၆-၂၀၁၉ရက်အထိ
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရန်နောက်ဆုံးရက်/အချိန်** - ၁၇-၆-၂၀၁၉ရက်၊ မွန်းလွဲ ၂ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၆-၂၀၁၉ရက် နံနက် ၁၀နာရီ
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - အစည်းအဝေးခန်းမ(၂)၊ မြို့တော်ခန်းမ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ

၃။ ပစ္စည်းနမူနာပုံစံအား အခွန်ဌာန(ဧည့်ရိပ်သာ)တွင်လာရောက်ကြည့်ရှုနိုင်သည်။
၄။ တင်ဒါလျှောက်လွှာပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို စည်ပင်ဧည့်ရိပ်သာ(၁)၊ အုပ်ချုပ် မှုရုံးသို့တစ်စုံလျှင် ၂၀၀၀ိကျပ်နှုန်းဖြင့်လာရောက်ဝယ်ယူနိုင်ပါသည်။
၅။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက စည်ပင်ဧည့်ရိပ်သာ(၁)၊ အုပ်ချုပ်မှုရုံး ဖုန်း-၀၆၇-၈၁၀၈၃၅၆၊ ၀၆၇-၈၁၀၈၁၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမှန်ဖတ်ရှုပါရန်

၁-၆-၂၀၁၉ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၃)တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အအုံတည်ဆောက်ရေးအဖွဲ့(၁)၊ အဆောက်အဦ အထူးအဖွဲ့(၂)ဟု အမှန်ဖတ်ရှုပါရန်။

# သင်ကြားပေးသည်

ရန်ကင်းနှင့် အနီးတဝိုက်သာ စာသင်/စာကျက်-ဝိုင်း Teaching & Guide ၄/၅/၆/၇/၈ တန်း ဘာသာစုံ/ ကြိုက်ရာဘာသာတွဲ

**ဖုန်း-၀၉-၇၃၀၂၅၉၃၁၊ ၀၉-၇၉၉၂၅၈၄၈၆**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ
ဦးဝင်းသိန်း (ဦးစီးအရာရှိ-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)-
ဒေါ်ကြည်ကြည်သန်း(ဦးစီးအရာရှိ-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)တို့၏သား

**မောင်ဖြိုးဇော်သိန်း**
**B.E(Electrical Power)Sub-Assistant Engineer,**
**Yangon Electricity Supply Corporation,Taikkyi Township** နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ
ဦးမောင်မြ(မြို့နယ်မန်နေဂျာ-ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)-(ဒေါ်စိန်ရင်)တို့၏သမီး

**မမေသန္တာဦး**
**B.E(Electrical Power) Assistant Engineer,**
**Yangon Electricity Supply Corporation,Oakkan Township**

တို့သည် ၁-၆-၂၀၁၉ရက်တွင် နှစ်ဖက်သောဂုဏ်သရေရှိ မိဘဆွေမျိုးမိတ်သင်္ဂဟများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဖြိုးဇော်သိန်း-မမေသန္တာဦး**

## ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ အထကခွဲ (ဖြူးစု)နဝမတန်း (A)မှ မောင်နေသ်လာလ်၏ ဖခင်အမည်မှန်မှာ ဦးဂျိုက်ပရ်ကပ် ၇/ကတခ(နိုင်)၁၀၉၉၆၆ ဖြစ်ပါသည်။ **ဦးဂျိုက်ပရ်ကပ်**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

အင်းစိန်မြို့နယ်၊ စာရင်းစစ်ရုံးမှ ဒေါ်မခင်နု ၁၁/ကတန(နိုင်)၀၀၀၈၇၁၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၀-၁၉၆၃ဖြစ်ပြီး ဖခင်အမည်မှန်မှာဦးဘိုးနု(CQ -၀၄၁၆၅၈) ဖြစ်ပါကြောင်း။ **ဒေါ်မခင်နု**

## အများသိစေရန်ကြေညာခြင်း

ဒေါ်စောကလျာအေး၊ ၁၄/ရကန(နိုင်)၁၂၉၉၇၂ကိုင်ဆောင်သူ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ လှည်းတန်း ၆လမ်း၊ (Saw Kalayar Aye) View Profile on face book ပိုင်ရှင်၏ လွှဲပြောင်းညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စောကလျာအေး(Saw Kalayar Aye) View Profile on facebook ပိုင်ရှင်၊ လူမှုကွန်ရက်စာမျက်နှာပေါ်မှ သက်ဆိုင်သူများနှင့် စုငွေများစုကြရာတွင် ပေးရန်၊ ရရန် ငွေကြေးပြဿနာများဖြစ်ပေါ်နေသည့် အခြေအနေသို့ရောက်ရှိနေပါသည်။ တချို့ကို ဒေါ်စောကလျာအေးမှ တချို့တစ်ဝက် ပြေလည်အောင်ဖြေရှင်းပေးနေရပါသည်။ တချို့စုငွေရှင်များသည် ထည့် ဝင်ခြင်းမရှိတော့ဘဲ လိမ်လည်တိမ်းရှောင်နေသည့်အတွက် ၄င်းငွေများကို ပြန်လည်ထုတ်ပေးရန် လူမှုရေး၊စီးပွားရေး အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရပါသည်။

ထို့ကြောင့် ရရန်ရှိသည့်ငွေကြေးများအတွက် တရားဥပဒေအရဖြေရှင်းရန်ကြိုးပမ်းလျက်ရှိပြီး ကျွန်ုပ်အမှုသည်ပေးဆပ်ရန် ငွေကြေးများကို ၃၁-၁-၂၀၂၀ ရက်မှစ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုကာလအတွင်း ဒေါ်စောကလျာအေးနှင့် မိသားစုဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်ချက်ဖြင့် facebook တွင်ဖြစ်စေ၊ Post များတင်၍ ဖြစ်စေ၊ Message မှဖြစ်စေ၊ Viber မှဖြစ်စေ၊ Phone မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ အခြားတစ်စုံတစ်ရာနည်းဖြင့်ဖြစ်စေ၊ ကြိမ်းမောင်း ဆဲဆိုခြိမ်းခြောက်ခြင်း၊ မမှန်သတင်းလွှင့်ခြင်းများပြုလုပ်ပါက ဒေါ်စောကလျာအေးမှ တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အေးမျိုးကြည်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၆၅၈၁)**
**အမှတ် (၄၂)၊ သမ္မတ(၂)လမ်း၊ ပုသိမ်မြို့**
**Ph-961623732, 09-765203435**

## အများသိစေရန်ကြေညာခြင်း

ဦးလင်းမြင့်ဖွယ် ၁၂/ကမရ(နိုင်)၀၅၁၉၄၆နှင့် ဒေါ်ခင်သီရိသက်မွန် ၁၂/မဘန(နိုင်)၀၉၃၆၅၆ တို့သည် ၁၈-၆-၂၀၁၀ ရက်တွင် အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ကြရာမှ ယခုအခါတွင် ဦးလင်းမြင့်ဖွယ်၏ ခွင့်မလွှတ်နိုင်သောပြုမူဆောင်ရွက်ချက်များကြောင့် ၃၀-၅-၂၀၁၉ ရက်တွင် နှစ်ဦးသဘောတူ စာချုပ်လက်မှတ်ရေးထိုးကွာရှင်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ခင်သီရိသက်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာမျိုးထက် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၈၈)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၆၇၄၃၃၁၀၅၀**

## အမည်မှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု မယင်းကြီးကျေးရွာနေ ဦးရဲဝင်းအောင် ၉/တကန(နိုင်)၁၄၅၈၂၇၏သမီး မဝင်းပပစိုး၏ အမည်မှန်မှာ မခင်သော်တာအောင်ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့နယ်၊ အလက(ခွဲ) ပေါင်းလောင်းတွင် အလယ်တန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်လွှင်(ခ)ဒေါ်လွှင်လွှင် ၉/ပမန(နိုင်) ၀၅၅၃၉၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်လွှင်(ခ)ဒေါ်လွှင်လွှင်**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ တပြင်ကျေးရွာနေ ဦးဇော်မျိုးလင်း ၈/ကထန(နိုင်)၀၀၈၈၇၈၏ သား မောင်ဘုန်းနေမင်း (Grade-1) အထက တပြင်၏ အမည်မှန်မှာ မောင်ဇေယျာသူ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မူဆယ်မြို့နယ်၊ ပန်ခမ်းကျေးရွာ အမက တတိယတန်း (အောင်) မှ နန်းမွမ်းလောဝ်၏ ဖခင်အမည်မှန်မှာ မွေးစာရင်းအရ ဦးစိုင်းဆိုင် MSE-023579 ဖြစ်ပါကြောင်း။ **ဦးစိုင်းဆိုင်**

## မိဘအမည်မှန်

ပေါက်မြို့နယ်၊ သရက်တောကျေးရွာ အထက(ခွဲ)မှ အဋ္ဌမတန်းကျောင်းသူမငြိမ်းစန္ဒာနှင့် ပေါက်မြို့နယ်၊ လင်တောင်ကျေးရွာ အမက(မူလွန်) စတုတ္ထတန်းမှ မပြည့်ပြည့်ငြိမ်း တို့၏ မိဘအမည်မှန်မှာ မောင်နိုင်ဦး၈/ပမန (နိုင်)၀၈၇၈၀၆နှင့်မခင်မာစိုး ၈/ပမန (နိုင်)၁၀၃၉၅၀ ဖြစ်ပါကြောင်း။ **မောင်နိုင်ဦး၊ မခင်မာစိုး**

## ဖခင်အမည်မှန်

ဘားအံတက္ကသိုလ် ဒုတိယနှစ်သင်တန်း ပထဝီဝင်အထူးပြုမှ နန်းမူးညားဖောင်(ခ) မုညားဖန် ၃/ဘအန(နိုင်)၃၂၉၇၀၇၏ ဖခင်အမည်မှန်မှာ ဦးချပူး(ခ)ဦးစောလှဝင်းကြည် ၃/ဘအန(နိုင်) ၂၃၁၈၂၀ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ စို့တွင်းကျေးရွာ အမက (၂၉) စတုတ္ထတန်းအောင် မောင်ပိုင်စိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၈/ပခက(နိုင်) ၁၄၃၂၉၃ ဖြစ်ပါကြောင်း။ **ဦးသန်းဇော်**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အလက (သဖန်းချောင်း) KG မှ မမေဇင်နိုင်၏ဖခင် ဦးသိန်းလှိုင်၏ အမည်မှန်မှာ ဦးသိန်းနိုင် ၉/တကန(နိုင်)၁၂၈၂၇၆ ဖြစ်ပါကြောင်း။ **ဦးသိန်းနိုင်**

## အမည်ပြောင်း

မိတ္ထီလာတက္ကသိုလ်တွင် ဘူမိဗေဒ (တတိယနှစ်) တက်ရောက်နေသော ဦးဟန်ထွန်းသောင်း ၃/ဘအန(နိုင်) ၁၄၆၁၆၂ ၏သမီး မခြူးကေခိုင်အား ယနေ့မှစ၍မခြူးကေသွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မခြူးကေသွယ်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အထက(၂) နဝမတန်းမှ မောင်သဲဇော်ဦး၏ ဖခင်အမည်မှန်မှာ ဦးဌေးလှိုင် ၇/ညလပ(နိုင်)၁၂၅၇၉၃ ဖြစ်ပါကြောင်း။ **ဦးဌေးလှိုင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ် တောင့်တက်ကျေးရွာနေ မသဇင်ဝင်း၊ မပြည့်ပြည့်ဝင်းနှင့် မဆုလတ်အောင်တို့၏ဖခင် ဦးအောင်ကိုလတ်၏အမည်မှန်မှာဦးညွှန့်ဝင်း ၈/ပခက (နိုင်)၃၂၄၉၅၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ရွာသာယာ အထက နဝမတန်းအောင် မောင်အိုးဝေဖြိုး၏ အမည်မှန်မှာ မောင်အောင်ဇင်ဖြိုးဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိန်သန်းဖေ ၇/ထတပ(နိုင်) ၀၁၉၃၁၅ ဖြစ်ပါကြောင်း။

**ဥတုရာသီ တောကိုမှီ**

## တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)








ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် တက်ထရွန်ပိတ်အဖြူ (၁ ကိုက်လျှင် ၅၀၀ိ/-နှုန်း)နှင့် တက်ထရွန်ပိတ်အစိမ်း (၁ ကိုက်လျှင်၁၄၀၀ိ/-နှုန်း)ဖြင့် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)က လိုအပ်သလောက်ရောင်းချပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဝယ်ယူသည့်ပိတ်စများအား ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ပို့ဆောင်ခ(အခမဲ့)ဖြင့် အရောက်ပို့ဆောင်ပေးသွားမည်ဖြစ်ပါသည်။

**Ph - 064-23435 , 09-400240003 , Fax - 064-23435 , Viber - 09-976583363 , Address - Meikhtila**

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ပဲခူးခရိုင်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်အပြီး လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါလျှောက်လွှာတင်သွင်းရန် လျှောက်လွှာခေါ်ယူခြင်းအား ၂၄-၅-၂၀၁၉ရက်နှင့် ၂၅-၅-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြော်ငြာထားသည့် တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် ၄-၆-၂၀၁၉ရက်အစား ၁၀-၆-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီ ပြင်ဆင်ကြောင်းနှင့် တင်ဒါလျှောက်လွှာနောက်ဆုံးပြန်လည် တင်သွင်းရမည့်ရက် ၁၀-၆-၂၀၁၉ ရက်အစား ၁၇-၆-၂၀၁၉ရက် တနင်္လာနေ့ မွန်းလွဲ ၂း၀၀နာရီ ပြင်ဆင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၅၂-၂၂၂၀၁၉၊ ၀၅၂-၂၂၂၄၅၇၂၊ ၀၅၂-၂၂၂၁၄၈၅သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လုပ်ငန်းတင်ဒါနှင့် ပစ္စည်းတင်ဒါကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ စည်ပင်သာယာလမ်း၊ အမှတ် (၅/၅)နေဦးဆန်းဦး ၁၀/မလမ(နိုင်)၁၁၀၅၈၀မှ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၈)ရပ်ကွက်၊ ဆရာဖေလမ်း၊ အမှတ်(၈၇၇)နေ ဒေါ်ခင်ညိုမီဦး ၁၂/ဥကမ(နိုင်)၁၉၅၂၅၆အား မော်လမြိုင်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၀/၂၀၁၄ ၅-၂-၂၀၁၄ကို ၃၁-၅-၂၀၁၉ရက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်း ကြေညာလိုက်သည်။

**ဦးဆန်းဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဝင်းအေး (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၀၂၄၃(၂၇-၁-၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅) ရပ်ကွက်၊ စောလှဘော်လမ်း၊ မြေကွက်အမှတ်(၆၇၆) ၊ အကျယ်အဝန်း(၄၁ပေ× ၆၀ပေ) (၀.၀၅၆)ဧကရှိ ဒေါ်ခရစ္စတယ်ဆိုင် (၁၂/ရကန (နိုင်) ၀၀၁၉၅၀) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်သူ ဒေါ်ခရစ္စတယ်ဆိုင် ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် အတွက် စရံငွေပေးချေထားပြီးဖြစ် ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**Hein Htet San Law Firm**

**ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L, D.M.L,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅



Early Bird Promotion Untill 23rd June

Pearson

University of East London

**MNC**
MYANMAR NOBLE COLLEGE

*Aiming for Success*

"သင့် အနာဂတ်ရဲ့ အောင်မြင်မှုအတွက် ပထမခြေလှမ်းကို MNC မှာစတင်လိုက်ပါ"

**B.A(Hons) Business Management**
**B.Eng(Hons) Civil Engineering**
**B.Eng(Hons) Mechanical Engineering**
**B.Eng(Hons) Electrical & Electronic Engineering**
**B.Sc(Hons) Computer Science**

*July Intake*
စတင်လက်ခံနေပါပြီ

**HND Level 3 Diploma Course**

တက္ကသိုလ်ဝင်တန်းနှင့် IGCSE
မပြီးဆုံးသေးသူများ တက်ရောက်နိုင်ပါသည်

**University Foundation Course**

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ, GCE 'O' Level, IGCSE, LCCI Level 3
အောင်မြင်ပြီးသူများတက်ရောက်နိုင်ပါသည်

No (6/A), Kyoe Sett Yone Street, B Quarter, Thuwanna, Yangon **09-448066660** www.myanmarnoblecollege.com.mm

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် စက္ကူ၊ ပုံနှိပ်ရေးပစ္စည်းနှင့် စက်အရန်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် စက္ကူ၊ ပုံနှိပ်ရေးပစ္စည်းနှင့် စက်အရန်ပစ္စည်းများအား ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) စက္ကူ ၉မျိုး
(ခ) ပုံနှိပ်ရေးပစ္စည်း ၂၀မျိုး
(ဂ) စက်အရန်ပစ္စည်း ၁၅မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၃၁-၅-၂၀၁၉ရက်မှ ၇-၆-၂၀၁၉ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၆-၂၀၁၉ရက်တွင် နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၉၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ကုန်ကြမ်းပစ္စည်းများဝယ်ယူရေး |
| ပြန်ကြားရေးဝန်ကြီးဌာန | နှင့်စိစစ်ရေးကော်မတီ |
| ရုံးအမှတ်(၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ | ရုံးအမှတ်(၇)၊ နေပြည်တော် |
| | ဖုန်း-၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၇၄ |

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၄) လှိုင်မြို့နယ်မှ န၀မတန်းအောင်မြင်ခဲ့သော မယွန်းဝတီထွန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းထိုက်စိုး ၁၂/ဥကမ(နိုင်)၀၀၀၂၄၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အလက(၇)၊ ပထမတန်းတွင် တက်ရောက်ပညာသင်ကြားမည့် မောင်ရဲထိုက်၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်း ၁၃/လရန(နိုင်)၂၀၆၁၁၆ ဖြစ်ပါသည်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၃-၆-၂၀၁၉ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၇-၆-၂၀၁၉ ရက် ၁၆း၃၀ နာရီအထိ
(ဂ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လားရှိုးမြို့
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်နေရာ** - ၁၈-၆-၂၀၁၉ ရက် ၉း၃၀ နာရီ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လားရှိုးမြို့

၂။ အထက်ပါစည်းကမ်းချက်များ၊ လုပ်ငန်းဆိုင်ရာအသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၅၈၀၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## Condo ကွန်ဒို(အသစ်) ရောင်းမည်၊ ငှားမည်

ပေကျယ်(၄၅'×၆၅')3200sqft , 5လွှာ ဖိုးစိန်လမ်း၊ အိပ်ခန်း ၃ခန်း၊ အိမ်သာ၊ ရေချိုးခန်း ၊ အဲယားကွန်း ခုနစ်လုံးပါ၊ လူနေရန် Company ရုံးခန်းဖွင့်ရန်၊ ငှားစားရန်အတွက် ဖိုးစိန်လမ်းကျယ်နေရာကောင်း၊ ကျွန်းပါကေးအပြည့်၊ ဓာတ်လှေကား၊ ကားပါကင်၊ လုံခြုံရေး ၂၄ နာရီပါပြီး လူနေခွင့်ကျပြီး။

**ဆက်သွယ်စုံစမ်းရန်**
**ဖုန်း-၀၉-၄၃၀၅၇၇၅၉၊ ၀၉-၄၅၄၅၂၂၂၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရွှေဘိုခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၂၆

ဦးဝင်းကိုကို **နှင့်** ၁။ ဦးနေအောင်
၂။ ဒေါ်ဝေ

**တရားလို** **တရားပြိုင်များ**

၁။ ဦးနေအောင် (ဘ)ဦးနီ ၅/ရဘန(နိုင်)၁၄၅၆၁၇၊ တောင်သူ၊ စပါးဝယ်/ရောင်း၊ ၂။ ဒေါ်ဝေ (ဘ)ဦးအောင်လှိုင်၊ တောင်သူ၊ စပါးဝယ်/ရောင်း (အတူနေလင်မယား) တင့်တယ်ကျေးရွာ၊ ရွှေဘိုမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးဝင်းကိုကို (ဘ)ဦးမောင်ကို ၅/ဝလန(နိုင်)၀၉၈၀၉၈၊ တောင်သူ၊ စိုင်နိုင်ကြီးကျေးရွာ၊ ဝက်လက်မြို့နယ် တရားလိုက ဘေးကြားစပါးဖိုးကျန်ငွေ ၁၈၃၃၁၀၀၀၀/- ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ခုနှစ် ဇွန် ၂၈ရက် (၁၃၈၁ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရီရီထူး)**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး** ။ နေပြည်တော်
(ခ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့** ။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်

၂။ အဆိုပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၄-၆-၂၀၁၉ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၁၇-၆-၂၀၁၉ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာနများတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တို့တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဝန်ကြီးရုံး ဖုန်း-၀၆၇-၃၄၁၂၄၃၇၊ ၀၆၇-၃၄၁၂၄၆၆
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန
## ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့အတွက် လိုအပ်သော စက်နှင့်စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးယာဉ်များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၄-၆-၂၀၁၉ ရက်မှစ၍ နေပြည်တော်ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့တွင် ဝယ်ယူနိုင်ပြီး ၁၇-၆-၂၀၁၉ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး ဖုန်း-၀၆၇-၃၄၁၂၆၁၂၊ ၀၆၇-၃၄၁၂၄၃၇
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၃၄၁၂၆၈၅၊ ၀၆၇-၃၄၁၂၆၈၇
မူးယစ်ဆေးဝါးတားဆီး
နှိမ်နင်းရေးရဲတပ်ဖွဲ့

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက် ပြင်ဆင်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူရန်အတွက် ၄-၅-၂၀၁၉ ရက် (စနေနေ့) (စာမျက်နှာ-၂၇) နှင့် ၅-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့) (စာမျက်နှာ-၂၄) မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းကြေညာခဲ့ပါသည်။

၂။ အဆိုပါကြော်ငြာတွင်ပါရှိသော တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့် တင်ဒါဖွင့်လှစ်မည့်ရက်အား အောက်ပါအတိုင်း ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၇-၆-၂၀၁၉ ရက် (တနင်္လာနေ့) (၁၆း၀၀) နာရီ
- **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၈-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီ

**(အခြားအကြောင်းအရာများ ပြင်ဆင်ပြောင်းလဲခြင်းမရှိပါ)**

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၁၀၃၁၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တာချီလိတ်မြို့၊ ဖုန်း-၀၈၄-၅၁၀၁၇ နှင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိုင်းဆတ်မြို့၊ ဖုန်း-၀၈၄-၆၀၂၁၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ကင်းကျေးရွာအုပ်စု၊ ကင်းကျေးရွာနေ (ဘ) ဦးထွန်းထွန်းနိုင် ၈/ကမန(နိုင်)၀၄၂၇၈၈-ဒေါ်စန်းစန်းနိုင် ၈/ကမန(နိုင်)၀၅၁၁၂၀ တို့၏သား မောင်ထွန်းတောက်ကြယ်စင်အား မောင်ထွန်းကျော်စွာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထွန်းကျော်စွာ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/8702 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ
ဦးအောင်မြင့် [အမှုဆောင်အရာရှိ (ငြိမ်း)] နိုင်ငံခြားပစ္စည်းဝယ်ယူရေး၊ MOEE)-ဒေါ်ခင်ဆွေဦး (ASEAN Professional Engineer) (ဒု-အင်ဂျင်နီယာချုပ်၊ ဆောက်လုပ်ရေး၊ MOEE) (ဒု-ဥက္ကဋ္ဌ မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့(နေပြည်တော်)တို့၏ တစ်ဦးတည်းသောသား

**မောင်အောင်ချမ်းမြေ့**

**(Fellowship of Australian Centre For Cyber Security (ACCS)**
**Bachelor of Information Technology (Hons) (Software Engineer)**
**University Technology Petronas (Tronoh, Malaysia)**
**Master of Information Technology (Internetworking & Cyber Security Engineering)**
**Macquarie University (Sydney, Australia)**
**Dip in IDCS, IADCS (NCC, UK), CCNA (R&S, Security, Data Center),**
**CCNP (R&S, Security, Data Center), CISSP, CASP+**
**ဌာနခွဲမှူး(စီမံရေး)၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်**

**နှင့်**

မန္တလေးမြို့၊ အမှတ် (၃၉) A, D၊ ၃၂×၆၉ လမ်းထောင့်၊ နယူးစီဗွီလိုင်းရပ်နေ
ဦးမောင်သန်း-ဒေါ်တင်တင်ဝင်း
(ဦးအောင်မင်း)-ဒေါ်တင်တင်လွင်(အလပြ၊ ငြိမ်း) တို့၏သမီး

**ဗိုလ်ကြီးနေခြည်ပိုးဥ**

**(M.B.B.S, MDY), (M.Med.Sc OG)**
**သားဖွားနှင့် မီးယပ်အထူးကု အမှတ် (၁)တပ်မတော်ဆေးရုံ၊ ခုတင် (၇၀၀)၊ ပြင်ဦးလွင်မြို့**

တို့၏ ၃-၂-၂၀၁၉ရက်တွင် မန္တလေးမြို့၊ ဇန်းမော်ကျောင်းတိုက်၌ ကျင်းပသော စေ့စပ်ကြောင်းလမ်းခြင်း၊ မင်္ဂလာဦးဆွမ်းကျွေး ၁၈-၅-၂၀၁၉ ရက်တွင် မန္တလေးမြို့၊ ၆၄×၂၇လမ်းရှိ Oriental House မြေညီထပ်တွင်ကျင်းပသည့် မင်္ဂလာညည့်ခံပွဲနှင့် ၁-၆-၂၀၁၉ ရက်တွင် ရန်ကုန်မြို့ Novotel Hotel (Yangon Ballroom) တွင် ကျင်းပသည့် မင်္ဂလာညည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့ကြသည့်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုဝန်ကြီးများနှင့်တကွ လုပ်ဖော်ကိုင်ဖက် အရာထမ်း အမှုထမ်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ဥက္ကဋ္ဌနှင့်ကောင်စီဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များ၊ အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ AGTI Society ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များ၊ RIT, YIT YTU Alumni မှ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ RIT, GTI ကျောင်းသားဟောင်း သူငယ်ချင်းမိတ်ဆွေများ စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများနှင့် ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများအားလုံးကိုလည်းကောင်း၊ မင်္ဂလာပွဲသို့မတက်ရောက်နိုင်သော်လည်း ရပ်ဝေးရပ်နီးအသီးသီးမှ မင်္ဂလာလက်ဖွဲ့များပေးပို့ကြသည့် သူငယ်ချင်းများ၊ ဆရာ၊ ဆရာမများကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်ချမ်းမြေ့-ဗိုလ်ကြီးနေခြည်ပိုးဥ**

## မင်္ဂလာဆုတောင်း

မောင်အောင်ချမ်းမြေ့နှင့် ဗိုလ်ကြီးနေခြည်ပိုးဥ ယနေ့မှစ၍ နှစ်တစ်ရာတိုင်အောင် စိတ်ချမ်းသာကိုယ်ကျန်းမာဖြင့် ပေါင်းဖက်နိုင်ကြပါစေ။

**ချစ်သောဘကြီး ဦးကြီး ဦးလေး ဒေါ်ကြီး ဒေါ်လေး အန်ကယ် အန်တီများ၊ ညီအစ်ကိုမောင်နှမများ**
**ဦးဇော်မင်းအောင်-ဒေါ်မော်မော် ဆင်မင်းလက်ဖက်စို/လက်ဖက်ခြောက်ရောင်းဝယ်ရေးလုပ်ငန်း၊ လမ်းမတော်၊ ချောက်မြို့**
**ဦးလေး ဦးဌေးဝင်း (3/E Lizster Shipping Co.,Ltd-အန်တီဒေါ်လွင်လွင်ဦး Director TSL Engineering & Construction Co.,Ltd (၃၂)ပုလဲလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဦးလေး ဦးကျော်မင်းအောင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး-ဒေါ်မိုးကေသီ CNG Dept MOGE**
**ဦးမောင်သန်း-ဒေါ်တင်တင်ဝင်း ၃၂×၆၉ လမ်းထောင့်၊ နယူးစီဗွီလိုင်းရပ်၊ မန္တလေးမြို့**
**ဦးတင်ဇော်နယူးစီဗွီလိုင်းရပ်၊ မန္တလေးမြို့**
**ဦးတင်မောင်မော်-ဒေါ်တင်တင်မန်း ရွှေလီမိသားစု၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနယူးစီဗွီလိုင်းရပ်၊ မန္တလေးမြို့**
**ဦးတင်မောင်သော်-ဆရာမ ဒေါ်သီတာမြင့် အထက(၁၆)၊ ၃၂×၆၉ လမ်းထောင့်၊ နယူးစီဗွီလိုင်းရပ်၊ မန္တလေးမြို့**
**Engr ဦးတင်မောင်ကျော်- Engr ဒေါ်နွယ်နီညွန့် MICEG (MDY) ၃၂×၆၉ လမ်းထောင့်၊ နယူးစီဗွီလိုင်းရပ်၊ မန္တလေးမြို့**
**အစ်ကိုကြီးစည်သူထွန်းနှင့်တကွ ချစ်သောညီအစ်ကိုမောင်နှမများ။**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်းသဝဏ်လွှာ

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Taungthaman Perennial Development Limited (Capital Development Limited နှင့် Perennial Real Estate Holdings Limited) ၏ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်းသဘောတူညီချက် လက်မှတ်ရေးထိုးခြင်းနှင့် ပန္နက်ရိုက်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း။

**သုခမ္ဘမဏိဇောတရေ ဦးဇော်ဝင်း-ဒေါ်မိမိတင်**
**Zaw Htet Paing Engineering& Construction Group Co., Ltd**

## အမည်ပြောင်း

ဦးအောင်ရှမ်း၏သမီး ရေဦးမြို့၊ ပြည်စံဟိန်း ကိုယ်ပိုင်ကျောင်း န၀မတန်းမှ မဆန်နီငြိမ်း၏ အမည်မှန်မှာ မစန္ဒီငြိမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ရွှေတကျေးရွာ အလက သတ္တမတန်းမှ မောင်မိုးမစဲ၏အမည်မှန်မှာ မောင်နန်းထိုက်ကျော်ဇောဟု ပြောင်းလဲခေါ်ပါရန်။ **မစန္ဒီငြိမ်း၊**
**မောင်နန်းထိုက်ကျော်ဇော**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ တာဝရေတံခါးကျေးရွာ အထက (တာဝရေတံခါး)တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ချစ်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးရွှေစိုး ၇/သနပ(နိုင်)၀၈၉၁၈၇ ဖြစ်ပါကြောင်း။
**ဦးရွှေစိုး**

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းထိန်လယ်ရပ်၊ အမက ထိန်ဟောင်းကျောင်း တတိယတန်းမှ ဦးမျိုးဝင်းဆွေ ၆/ထဝန(နိုင်)၀၉၄၂၃၆ ၏သမီး မအိဟေမာန်အောင်အား ယနေ့မှစ၍ မအိမြတ်ချယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မအိမြတ်ချယ်**

## အမည်ပြောင်း

ဦးဌေးလွင်၏သမီး၊ ရေဦးမြို့၊ ဝင်းကိုယ်ပိုင်အထက်တန်းကျောင်း န၀မတန်းမှ မအေးအေးညိမ်းအား မအေးငြိမ်းငြိမ်းဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၉၇၃၉၃ Honda Wave N/F 125MC ယာဉ်လက်ဝယ်ရှိသူ ဦးအားချီ ၁၃/ကတန(နိုင်) ၀၁၄၂၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## မိဘအမည်မှန်

မြိတ်မြို့၊ အထက(ခွဲ) အလက (၁၀) မြိတ်တောင်ကျောင်း၊ ပဥ္စမတန်းမှ မအေးစန္ဒာဦး၏ မိဘအမည်မှန်မှာ ဦးဇော်ဦးနှင့် ဒေါ်အေးစန္ဒာ ဖြစ်ပါကြောင်း။ **ဦးဇော်ဦး-ဒေါ်အေးစန္ဒာ**

## အမည်ပြောင်း

ရန်ကုန်မြို့ ပညာရေးတက္ကသိုလ်၊ လေ့ကျင့်ရေးကျောင်း၊ ပြည်လမ်း၊ Grade (5)၊ တန်းခွဲ(I)တွင် ပညာသင်ကြားနေသော ဦးဇာနည်ထွန်း၏သမီး မမြတ်ဟေသာအား မမြတ်သဥ္ဇာထက်ဟု ခေါ်ဆိုပါရန်။

## ဖောင်းကြွနံပါတ်ပြားမိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/4858 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် SHN/7635 Honda Wave110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဝန်းပန် ၁၃/တခလ(နိုင်)၀၀၀၆၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## အမည်ပြောင်း

မြောင်းမြမြို့၊ အထက(၁)၊ အဋ္ဌမတန်း ဓီဇဝါတန်းခွဲတွင် တက်ရောက်နေသော ဦးသန်းဦး၏သမီး မအေးပြည့်ပြည့်ခိုင်ဦးအား မအိမ့်မြတ်ဖူးဟု ခေါ်ဆိုပါရန်။

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအေးလွင်(ငြိမ်း)
## ကြည်း-၇၁၆၁
## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)ရပ်ကွက်၊ သီရိရတနာရိပ်သာ၊ သီရိရတနာလမ်း၊ အမှတ်(၁၀/၁၂)နေ ညောင်လေးပင်မြို့နယ်အသင်းဝင်(ဒေါ်ဝင်းမြင့်)၏ခင်ပွန်း သည် ၂၉-၅-၂၀၁၉ရက်တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ၊ ဇရပ် ဒါယကာကြီး
## ဦးညိုမောင် အသက်(၉၁)နှစ်

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း-ဒေါ်ငွေးငွေးဝင်းတို့၏ ဖခင်ဦးညိုမောင်သည် ၂၃-၅-၂၀၁၉ရက်(ကြာသပတေးနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြဝင်းနှင့်ဇနီးဒေါ်အေးအေးမော်**
**ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဆွေဆွေချစ်
## အသက်(၇၀)

ဦးဝင်းထွန်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၏ချစ်လှစွာသောဇနီး ဒေါ်ဆွေဆွေချစ်သည် ၃၀-၅-၂၀၁၉ရက်(ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း (ငြိမ်း)
## အသက်(၆၈)နှစ်

မုဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၏ ချစ်လှစွာသော ဖခင် ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်း(ငြိမ်း)သည် ၁-၆-၂၀၁၉ ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အရာထမ်းလောင်းအခြေခံသင်တန်းအမှတ်စဉ်(၃/၂၀၀၇)မှ**
**အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုအောင်မျိုးသက်(A/B)
## Miraco Marine Co,Ltd
## အသက်(၃၃)နှစ်

ဦးအုန်းဟန်-ဒေါ်ညိုညိုစန်းတို့၏သား၊ မဟေမာသန်း၏ ချစ်လှစွာသောခင်ပွန်း ကိုအောင်မျိုးသက်(A/B) (M.V.Suzaku), Miraco Marine Co,Ltdသည် ၄-၅-၂၀၁၉ရက်တွင်Columbia နိုင်ငံ၊ Santa Marta မြို့၌ ကွယ်လွန်သွားခဲ့ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့်ကုမ္ပဏီဝန်ထမ်းများ**
**Miraco Marine Co,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ စိုးမင်းနိုင်(တွဲဖက်ပါမောက္ခ)
### ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊မကွေး
### အသက်(၅၁)နှစ်

ဆေးတက္ကသိုလ်၊ မကွေး(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာဌာန) မှ တွဲဖက်ပါမောက္ခ ဒေါက်တာစိမ်းလဲ့သွင်၏ခင်ပွန်း ဒေါက်တာစိုးမင်းနိုင် (တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ဆေးတက္ကသိုလ်၊မကွေး)သည် ၃၁-၅-၂၀၁၉ရက်(သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာ အေးအေးဦး**
**ဒုတိယပါမောက္ခချုပ်(စီမံ)**
**ဆေးတက္ကသိုလ်၊ မကွေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ စိုးမင်းနိုင် အသက်(၅၁)နှစ်
### တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန
### ဆေးတက္ကသိုလ်၊ မကွေး

ဆေးတက္ကသိုလ်၊ မကွေး(နားနှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုဌာန)မှ ဒေါက်တာစိမ်းလဲ့သွင်(တွဲဖက်ပါမောက္ခ)၏ခင်ပွန်း ဒေါက်တာစိုးမင်းနိုင်(တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊ မကွေး)သည် ၃၁-၅-၂၀၁၉ရက်(သော ကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ၊ဌာနမှူးနှင့်ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**
**ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန**
**ဆေးတက္ကသိုလ်၊ မကွေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ စိုးမင်းနိုင် အသက်(၅၁)နှစ်
### တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန
### ဆေးတက္ကသိုလ်၊ မကွေး

ဆေးတက္ကသိုလ်၊ မကွေး(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုဌာန)မှ ဒေါက်တာစိမ်းလဲ့သွင်(တွဲဖက်ပါမောက္ခ)၏ခင်ပွန်း ဒေါက်တာစိုးမင်းနိုင်(တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊ မကွေး)သည် ၃၁-၅-၂၀၁၉ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်**
**လည်ပင်းခွဲစိတ်ကုသဆောင် မိသားစု**
**မကွေးတိုင်းဆေးရုံကြီး၊ မကွေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ စိုးမင်းနိုင်
### တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန
### ဆေးတက္ကသိုလ်၊ မကွေး
### အသက်(၅၁)နှစ်

ဆေးတက္ကသိုလ်၊ မကွေး(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုဌာန)မှ ဒေါက်တာစိမ်းလဲ့သွင်(တွဲဖက်ပါမောက္ခ)၏ခင်ပွန်း ဒေါက်တာစိုးမင်းနိုင် (တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊ မကွေး)သည် ၃၁-၅-၂၀၁၉ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MPTM ကျောင်းသား/သူများ**
**1st,2nd,3rd,4th batch ဆေးတက္ကသိုလ်၊ မကွေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းမြ
## အသက်(၉၇)နှစ်

မည်သူ့အပေါ်မဆို မေတ္တာစေတနာအပြည့်ဖြင့် ကူညီစောင့်ရှောက်ပေးတတ်သော ကျေးဇူးရှင်အစ်ကိုကြီး ဦးမောင်မြင့်(စက်မှုဝန်ထမ်းဟောင်းများအသင်း၏ ဂုဏ်ထူးဆောင်နာယက၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ငြိမ်း)နှင့်ဇနီး မမ ဒေါက်တာဒေါ်ခင်မြဝင်းတို့၏မိခင် ဒေါ်သန်းမြသည် ၂၇-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာစိုးသိန်းနှင့်ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ်၊ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဒေါ်နန္ဒာမောင် M.B,B.S(Ygn)
## (Rose San Maung)(St.John Convent)
## အသက်(၇၄)နှစ်

ဦးကျော်ဆန်း(အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)၊[ညွှန်ချုပ်(ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး]-ဒေါ်သင်းသင်းအေး[ဒု ညွှန်ချုပ်(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး]တို့၏ ချစ်လှစွာသောအစ်မကြီး ဒေါက်တာ ဒေါ်နန္ဒာမောင်သည် ၃၀-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာစိုးသိန်းနှင့်ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဆွေဆွေချစ်(ပြင်ဦးလွင်)
## အသက်(၇၀)

ဦးဝင်းထွန်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၏ချစ်လှစွာသောဇနီး ဒေါ်ဆွေဆွေချစ်သည် ၃၀-၅-၂၀၁၉ ရက် နံနက် ၁၁း၀၅ နာရီတွင်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းကျော်၊ ဦးဆန်းလွင်ဦး**
**အရှေ့သံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်မိသားစု**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ဒီ၊ မြေကွက်အမှတ် ၅၁အီး/၂-၄အေ၊ ဧရိယာ ဝဒသမ ၅၀၅ကေ၊ အတိုင်းအတာ ပေ(၁၁၀×၂၀၀)၊ မြေကွက်တည်နေရာအမှတ် ၃၄ဒီ၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ် ဦးငွေးရင် ၁၂/ရကန(နိုင်)၀၆၂၀၀၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အား အမည်ပေါက်ဦးငွေးရင်ထံမှ SP အမှတ် ၁၀၃၅၄/၂၀၁၄(၉-၄-၂၀၁၄)ရသူ ဦးလိုက်ဘာဒူး(ခ)ထွန်းထွန်း ၉/မကန (နိုင်)၀၁၃၃၁၀က ဦးငွေးရင်အမည်ပေါက် နှစ်၆၀ ဂရန်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း၃၀-၁-၂၀၁၉ရက်စွဲပါ ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာတွင်မြေစာရင်းမှတ်ချက်ရှိ ၂၀၁၆ခုနှစ်တွင် ထုတ်ယူခဲ့သော အရောင်းအဝယ်မြေပုံမြေရာဇဝင်မူရင်းမှာ နေအိမ်ပြောင်းရွှေ့ရင်း ပျောက်ဆုံးသွားပါသဖြင့် ရှာဖွေမတွေ့ရှိကြောင်းနှင့် နှစ် ၆၀ ဂရန်မူရင်းမှာ လက်ဝယ်တွင်ထားရှိပြီး အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ၁၀-၅-၂၀၁၉ရက်စွဲပါ ကျမ်းကျိန်လွှာ၊ အဆိုပါ မြေပုံကူးလျှောက်ထားသည့်မြေကွက်အား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန်နှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူကြောင်း ၃-၅-၂၀၁၉ရက်စွဲပါစာ ဦးငွေးရင်အမည်ပေါက် ဂရန်မူရင်းဖြင့် တင်ပြလာပါ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၂၊ မြေကွက်အမှတ်-၂/၂၃၇(ခ)၊ အကျယ်ပေ(၂၀×၆၀)ရှိ ဦးခင်သန်းအမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၃၇/ခ၊ ပခုက္ကူလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိ တရားဝင်ပိုင်ဆိုင်သူ ဒေါ်ငွေလှိုင် ၁၀/မဒန(နိုင်) ၀၉၃၃၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်မိုး** | **ဦးတင်နေဦး** | **ဦးနိုင်ဝင်း** |
| **LL.B,D.B.L** | **LL.B.Dip In Applied Psychology** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၈၂၁၇)** | **(စဉ်-၂၂၂၉၁)** | **(စဉ်-၅၀၀၉၈)** |

**အမှတ် ၂၁၈(က)၊ ပထမထပ်၊ ၃၆လမ်း (အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း ၀၁-၃၈၃၀၅၀၊ ၀၉-၄၂၁၀၆၆၄၅၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၁၃၅၃၅ KEEWAY 125, M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

စာအုပ်စာပေလူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀အိပ်ချ် ၃၊ မြေကွက်အမှတ်-II ၆၀၊ မြေကွက်တည်နေရာအမှတ် ၂၄၅၊ ရှိုင်းတာဝါ၊ ဗိုလ်မြတ်ထွန်းလမ်း၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် ဦးမြင့်ကြည် ၁၂/ဗတထ(နိုင်)၀၀၉၃၁၀၊ ဒေါ်ခင်အေးမြင့် ၁၂/ဗတထ(နိုင်)၀၀၈၀၂၅ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သည့် အစ်မဖြစ်သူ ဒေါ်ခင်အေးမြင့်မှ ၁၀-၁၀-၂၀၁၈ ရက်တွင်(အပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သည့် မောင်ဖြစ်သူ ဦးမြင့်ကြည်က အစ်မဖြစ်သူ ဒေါ်ခင်အေးမြင့်၏ အစုအား ပိုင်ဆိုင်ခွင့်ရှိကြောင်း ၃၀-၁-၂၀၁၉ ရက်စွဲပါကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာတစ်စောင်၊ ထောက်ခံကတိသစ္စာပြုလွှာ နှစ်စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ကြွေးကျန်ကင်းရှင်းကြောင်းထောက်ခံချက်၊ ဦးမြင့်ကြည်နှင့် ဒေါ်ခင်အေးမြင့်အမည်ပေါက် နှစ်၆၀ဂရန်မူရင်းတို့တင်ပြ၍ ဦးမြင့်ကြည်ထံမှ GP အမှတ် ၁၃၅၉၁/၂၀၁၈(၁၇-၁၂-၂၀၁၈)ရသူ ဦးသန်းဦး ၁၂/ကတတ(နိုင်)၀၂၂၃၂၅ က ပါဝါမရုပ်သိမ်းကြောင်း ၃၀-၁-၂၀၁၉ ရက် ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် နှစ်ခန်းတွဲ (၁၀)ထပ်တိုက်တစ်လုံးရှိပြီး လျှောက်ထားသူ တစ်ခန်းနေ၊ ကျန်အခန်းများမှ အငှား/အပျောက်ခန်းများရှိကြောင်း စိစစ်တွေ့ရှိပါသဖြင့် ယင်းအခန်းများနှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံကတိအား အရာရှိရှေ့တွင် ကိုယ်တိုင်လာရောက်တင်ပြပြီးဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ်(၂၇)၊ အခန်းအမှတ်(၂၁)၊ ရန်ရှင်းလမ်း၊ ၅ ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ(၂)၌ တရားဝင်ရုံးခန်းဖွင့်လှစ်ထားသော INDEGROUP MYANMAR COMPANY LIMITED အနေဖြင့် အောက်ဖော်ပြပါအမှတ်တံဆိပ်၏ မူလတီထွင်ဖန်တီးသူအမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်။

IDG
Design Protect Commercialize
INDEGROUP MYANMAR CO., LTD.

**မှတ်ပုံတင်အမှတ်-၁၉၇၇၂/၂၀၁၉**

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်နှင့် အမှတ်အသားကိုအသုံးပြု၍ အပြည်ပြည်ဆိုင်ရာ ကုန်အမှတ်တံဆိပ်အမျိုးအစားသတ်မှတ်ချက် (၄၂၊ ၄၅)ဥဏပစ္စည်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ စီးပွားရေးအကြံပေးဝန်ဆောင်မှုလုပ်ငန်း၊ ဥပဒေအကြံပေးဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ သုံးစွဲခြင်းများ တွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**INDEGROUP MYANMAR COMPANY LIMITED**
**တိုက်အမှတ် (၂၇)၊ အခန်းအမှတ် (၂၁)၊ ရန်ရှင်းလမ်း၊ (၅)ရပ်ကွက်၊**
**ရွှေအုန်းပင်အိမ်ရာ(၂)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**Email-tm@idgthailand.com**

# ကမ္ဘာ့အဆင့် စက်ရုပ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည်




ကမ္ဘာ့အဆင့်စက်ရုပ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စက်ရုပ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-ဗလစိုး

**ရန်ကုန် ဇွန် ၁**

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ အောက်တိုဘာလတွင် ကျင်းပမည့် ကမ္ဘာ့အဆင့် စက်ရုပ်ပြိုင်ပွဲဖြစ်သည့် First Global Robotics Challenge ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ ကျင်းပသည့် ပထမဆုံးအကြိမ် စက်ရုပ်ပြိုင်ပွဲကြီးမှ သိရသည်။

အဆိုပါ ပထမဆုံးအကြိမ် စက်ရုပ်ပြိုင်ပွဲကို Myanmar Robo League (ဖန်တီးရာ) နှင့် ပါမောက္ခချုပ်များကော်မတီတို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပြိုင်ပွဲ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင် အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲများအပြီး Outstanding Mentor Award ကို ကချင်ပြည်နယ်ကိုယ်စားပြုအသင်း၊ Most Helpful Team Award ကို မန္တလေးတိုင်းဒေသကြီးအသင်း၊ Most Cooperative Team Award ကို

စာမျက်နှာ ၁၂ ကော်လံ ၁ ❒

## Skynet Cinema (Pay Per View) Channel ကို ဇွန် ၇ ရက်မှ စတင်ထုတ်လွှင့်ပြသမည်

စာ ➤ ၇

## မောင်တောမြို့နယ်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦးနှင့် အမျိုးသား သုံးဦးကို ရွှေထည်ပစ္စည်းများနှင့်အတူမိ

စာ ➤ ၁၃

## အမေရိကန်သမ္မတ ထရမ့် လုပ်ဆောင်နေသည့် ကမ္ဘာတစ်ဝန်းမှ ကုန်သွယ်ရေးစစ်ပွဲများ

စာ ➤ ၁၅

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ရှမ်းယူနိုက်တက် ဗိုလ်လုပွဲတက်

**ရန်ကုန် ဇွန် ၁**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ (ပထမနေ့) ကို ယနေ့ညနေပိုင်းက စစ်တွေမြို့ရှိ ဝေသာလီကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ကျော့ပေါင်းရလဒ်ဖြင့် ဗိုလ်လုပွဲတက်ရောက်သွားသည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင် ရခိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သော်လည်း နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။ အိမ်ကွင်းကစားပုံ မာကျောသည့် ရခိုင်အသင်းသည် နိုင်ပွဲရယူနိုင်သော်လည်း ပထမအကျော့က အဝေးကွင်းတွင် ဂိုးမရဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ်ဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းသည် ယခုပွဲတွင် ရခိုင်အသင်းထက် ဂိုးသွင်းခွင့်ပိုရသော်လည်း အဆုံးသတ် အားနည်းသောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ရခိုင်အသင်းသည် ပွဲပယ်ခံထားရသည့် နောက်ခံလူ ကယ်ဗင်မှလွဲ၍ လူစုံအသုံးပြုခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ပထမအကျော့ဂိုးပြတ်အနိုင်ရခဲ့သည့် ပွဲထွက် လူစာရင်းမှ လေးဦးအပြောင်းအလဲပြုလုပ်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများလည်းရခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❋

## မြန်မာ့လက်ရွေးစင်အသင်း လက်ထောက်နည်းပြနှစ်ဦးခန့်အပ်

ရန်ကုန် ဇွန် ၁

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်း အတွက် လက်ထောက်နည်းပြနှစ်ဦး ခန့်အပ်ခဲ့သည်။**

မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၂၈ ရက်မှစ၍ လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး လက်ထောက်နည်းပြအဖြစ် ဦးဇော်လင်းထွန်း၊ ဂိုးနည်းပြအဖြစ် ဝီလီမူဘတ်တို့ကို ခန့်အပ်ခဲ့ကာ အသင်းနှင့်အတူ စတင်တာဝန်ယူဆောင်ရွက်နေပြီဖြစ်သည်။ ပြည်တွင်းလက်ထောက်နည်းပြအဖြစ် တာဝန်ပေးအပ်ခံရသည့် ဦးဇော်လင်းထွန်းသည် ယခုရာသီတွင် စစ်ကိုင်းအသင်းနည်းပြချုပ်အဖြစ်လည်း တာဝန်ယူနေသောကြောင့် တွဲဖက်အဖြစ်သာ ခန့်အပ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဂိုးနည်းပြနေရာအတွက် ပြည်တွင်းနည်းပြတစ်ဦး ခန့်အပ်ရန် စီစဉ်သော်လည်း အဆင်မပြေသောကြောင့် ဘယ်လ်ဂျီယံနိုင်ငံသား ဝီလီမူဘတ်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ်အဖြစ် ရာဒူလိုဗစ် (မွန်တီနီဂရိုး)၊ လက်ထောက်နည်းပြအဖြစ် ဗလာဒီမာ (မွန်တီနီဂရိုး) နှင့် ဦးဇော်လင်းထွန်း (မြန်မာ)၊ ဂိုးနည်းပြအဖြစ် ဝီလီမူဘတ် (ဘယ်လ်ဂျီယံ)တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားမည့် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင်



မြန်မာ့လက်ရွေးစင်အသင်း လက်ထောက်နည်းပြ ဦးဇော်လင်းထွန်း။ ဓာတ်ပုံ-စိုးညွန့်

**ဂိုးသမား**-ကျော်ဇင်ထက် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး (ရေဝတီ)၊ နိုင်ဇေယျာထွန်း (ဇွဲကပင်)၊ ပြည့်လျှံအောင် (ရတနာပုံ)၊ **နောက်တန်း**-ဇော်မင်းထွန်း (ချောင်ဘူရီ)၊ ဇော်လင်း၊ စိုးမိုးကျော် (ရေဝတီ)၊

စာမျက်နှာ ၁၂ ကော်လံ ၁ ◆

